
www.burmeseclassic.com

တာတေ
စီစဉ်သည်

# ကားလမ်းပေါ်ကတစ္ဆေ

တာတေ
ကဝေနီ
ဒေဝါ
နေပုည




ဒီဇိုင်း - ယမုံစိုး

www.burmeseclassic.com

www.burmeseclassic.com

# အရှေ့ဘက်ကောင်းကင်စာတည်းအဖွဲ့
## မောင်နီချို၊ ကောလတ်၊ သီသီ


မျက်နှာဖုံးပန်းချီ
မောင်ရန်ခြည်
အတွင်းသရုပ်ဖော်
ကျော်ဦး
မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးဖလင်
EAGLE
အတွင်းဖလင်
ရာဇာမျိုဝင်း
စာအုပ်ချုပ်
ဇာနည်
အုပ်ရေ
၁၀၀၀ အုပ်
တန်ဖိုး
၁၃၀၀ ကျပ်

ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး
(မြ-၀၄၁၀၀)
လာဘ်မိုးရွှေစာပေ
ပုံနှိပ်သူ
ဦးစည်သူကိုကို
(မြ-၁၀၉၈၁)
တော်ဝင်ထွန်းပုံနှိပ်တိုက်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄


www.burmeseclassic.com

www.burmeseclassic.com

# [illegible]

တစ္ဆေ ၊ ကဝေနှ

ဒေဝါ ၊ ငှုပ်ဗူ



www.burmeseclassic.com

www.burmeseclassic.com


**ကတေ**

ကားလမ်းပေါ်ကတစ္ဆေများ ........ ၅

**ကဝေနီ**

လမ်းပေါ်က တစ္ဆေ ..........၃၄

**ဒေဝေါ**

ဆိုက္ကားစီးသော တစ္ဆေသားအမိ .....၁၀၃

ဆေးလိပ်ကြိုက်တဲ့ တစ္ဆေ ........၁၁၂

လမ်းပေါ်က တစ္ဆေမှင်စာ ........ ၁၁၈

ကြည်စယ်တာလား တစ္ဆေမရယ် .....၁၂၃

**နေမူည**

ကားတွန်းပေးတဲ့ တစ္ဆေလေးကောင် . ၁၃၅


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# ကားလမ်းပေါ်ကတစ္ဆေများ

## တာတော

ဒီနှစ် ပုဗ္ဗာရုံကျောင်း ကထိန်ကတော့ အတော့်ကို စည်
ကာဗျို့။

ဆရာတော်ဆိုတာ ဝမ်းသာလို့ တပြုံးပြုံးဖြစ်နေရောဗျာ။
ီလိုဗျို့။ ထနောင်းကုန်းကနေ ရန်ကုန်တို့ မန္တလေးတို့ကို ပြောင်း
သွားတဲ့ ကျုပ်တို့ရွာသားဟောင်းတွေ သူတို့ချင်း အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com


လုပ်ပြီး ရွာကို စုပြန်လာကြတာဗျ။ လွန်ခဲ့တဲ့ နှစ်၊နှစ်ကတည်းက ရွာမှာ ကထိန်ခင်းဖို့ ငွေစုကြတယ်ဆိုပဲ။ လှူလိုက်ကြတာဗျာ။ ကျုပ်တို့ တစ်ရွာလုံး မီးခိုးကို တိတ်ရောပဲ။

ပဒေသာပင်တွေလည်း သီးထားလိုက်တာ နည်းရော လားဗျာ။ အပင်နှစ်ဆယ်လောက်ကို ရှိတာဗျ။

ရွှေတောင်ဦးဘုရားပွဲမှာ တီးနေကြ ကိုမြင့်တို့ ဒိုးဝိုင်းနဲ့ ဦးရွှေရိုး၊ ဒေါ်မိုးအကနဲ့ ရွာထဲက လမ်းစေ့အောင် ကထိန်လှည့် ကြတာဗျ။ ထနောင်းကုန်းသားတွေ ပျော်ချက်တော့ ပြောမနေ တော့နဲ့ဗျာ။

ကျုပ်တို့ကာလသားတွေကတော့ လွှတ်ပင်ပန်းတာပေါ့ ဗျာ။ ဒါပေမဲ့ ကျုပ်တို့ကလည်း ပျော်နေတာဆိုတော့ ပင်ပန်း တယ်လို့ကို မထင်ဘူးဗျို့။

ကျုပ်တို့ကာလသားတွေ တစ်ယောက်မှ အိမ်မပြန်ရဘူး ဗျ။ အားလုံး ဆရာတော့်ကျောင်းမှာပဲ အိပ်ကြရတာ။ အိပ်တယ် သာပြောတာပါဗျာ မှေးရုံကလေးပါပဲ။ မနက်ကျွေးဖို့ရာ ည ကတည်းက ချက်ပြုတ်နေကြတာမို့လား။

တန်ဆောင်မုန်းဆိုတော့ ကျုပ်တို့အညာက အတော် အေးနေပြီလေဗျာ။ ရန်ကုန်ကလာတဲ့ ကိုစိန်မောင်တို့၊ ကိုမြ မောင်တို့ဆိုရင် ကျောင်းဝင်းထဲမှာ မီးလှုံနေကြတာဗျ။

ကိုစိန်မောင်နဲ့ ကိုမြမောင်က ရန်ကုန်မှာ နေကြတာ။


www.burmeseclassic.com

www.burmeseclassic.com


တက္ကစီကားတွေ ထောင်ထားတယ်ဆိုပဲ။ သူတို့ညီအစ်ကိုလည်း ကိုယ်တိုင် တစ်ယောက်တစ်စီး မောင်းတယ်။ ပြီးတော့ သုံးစီးလောက်က သူတို့ ထောင်ထားပြီး သူများကို ငှားထားတာ။

အခုလာတော့ လိုက်လာတဲ့ တက္ကစီသမားတွေ ခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိတယ်ဗျ။

"ဟော့ကောင် တာတေ၊ လာပါဦးကွ"

ကိုမြမောင်ရော ကိုစိန်မောင်ရော ကျုပ်ကို လှမ်းခေါ်တာဗျ။ ကိုစိန်မောင်ကြီး ခေါ်လို့ ကျုပ်က သူတို့ မီးလှုံနေတဲ့နေရာကို သွားလိုက်တယ်။

"ထိုင်ပါဦးကွ တာတေရ၊ မနက်အတွက် အလုပ်တွေ များနေလို့လား"

ကိုမြမောင်က ကျုပ်ကို မေးတယ်။ သူတို့ညီအစ်ကိုက အသက်သုံးဆယ်ကျော်လောက် ရှိကြပြီဗျ။ အညာသားတွေသာ ဆိုတယ်။ ဒီလူတွေက အသားလတ်လတ်တွေဗျ။ ညီအစ်ကို နှစ်ယောက်စလုံး လူပုံချောတွေဗျ။ စိတ်ထားလည်း လှတ်ကောင်းကြတာ။

ကျုပ်က ကိုစိန်မောင်ကြီးနားမှာ ဝင်ထိုင်လိုက်တယ်။ ကိုစိန်မောင်က ရန်ကုန်က ပါလာတဲ့ သူတို့မိတ်ဆွေ တက္ကစီဆရာတွေဘက်ကို လှည့်ကြည့်ပြီး ပြောသဗျ။

"ကိုဝင်းတို့ ကိုကြည်စိုးတို့ ခင်ဗျားတို့ မဖဲဝါကို ကြားဖူး


www.burmeseclassic.com

www.burmeseclassic.com


ကြသလား"

"ဟာ ကြားဖူးတာပေါ့ဗျ၊ ကိုစိန်မောင်ရဲ့ ဘာဖြစ်လို့တုံး"

ဟိုလူနှစ်ယောက်ထဲက တစ်ယောက် ချက်ချင်းပြန်ပြောတယ်။

"ဟောဒီက ကျုပ်တူ တာတေက မဖဲဝါကြီးနဲ့ လွတ်ခင်တာဗျ"

"ဟေ ဟုတ်လား၊ နို့ မောင်တာတေ၊ မဖဲဝါကို မြင်ဖူးသလား"

ကျုပ်ကို အံ့သြတဲ့မျက်နှာနဲ့ကြည့်ပြီး ကိုကြည်စိုး ဆိုတဲ့လူက မေးတယ်ဗျ။

"ဟာ မြင်ဖူးပါပြီလားဗျာ"

လို့ ကျုပ်က ပြန်ပြောလိုက်တော့ ရန်ကုန်ကလာတဲ့ ကားဆရာတွေ အံ့သြပြီး ခေါင်းတွေ ထောင်လာကြရောဗျို့။

"ဟင် ဘယ်လိုပုံစံမျိုးတုန်းကွ၊ မောင်တာတေရ"

အသက်လေးဆယ်ကျော်လောက်ရှိတဲ့ ကားဆရာက ကျုပ်ကို မေးတယ်ဗျ။

"အစက ကျုပ်မြင်ရတဲ့ မဖဲဝါက အရပ်အရှည်ကြီးဗျ"

"ဟေ ဘယ်လောက်တောင် ရှည်လို့တုံး မောင်တာတေရဲ့၊ ကားဆရာတစ်ယောက်က မီးဖိုထဲကို ထင်းတုံးတစ်တုံးထိုး


www.burmeseclassic.com

www.burmeseclassic.com


ထည့်ရင်း ကျုပ်ကို လှမ်းမေးတယ်ဗျ။

"ဆယ်ပေလောက် ရှိတယ်ဗျ၊ ဆံပင်ဖားလျားကြီးနဲ့၊ မျက်လုံးကြီးတွေက နီနီကြီးတွေ၊ မျက်နှာကြီးက တော်တော်ကို ကြောက်စရာကောင်းတာဗျ"

"ဟေ ဟုတ်လားကွ၊ နို့ နေပါဦး အဝတ်အစားက ဘယ်လိုဝတ်တုံး"

ကိုဝင်း လို့ခေါ်တဲ့ ကားဆရာက ကျုပ်ကို မေးပြန်တယ်။

"တော်တော်ရှေးကျတဲ့ အဝတ်အစားမျိုးဗျ၊ ခါးတောင် အင်္ကျီလက်ပွပွကြီးနဲ့ ထဘီအထက်ဆင် အပြားကြီးကြီးကို ဝတ် ထားဟာ"

"နို့ နေပါဦး မောင်တာတေ၊ စောစောကပြောတဲ့အထဲ မှာ အစက မြင်တုန်းက ဆိုတာပါတယ်။ အခုနောက် မြင်တော့ ရော"

"ဒီနောက်ပိုင်းမှာတော့ မဖဲဝါကြီးက ကြိုက်တဲ့အသွင်ကို ပြောင်းနိုင်တာ တွေ့ရတယ်ဗျ"

"ဟေ ဟုတ်လား မောင်တာတေရဲ့၊ ဒါဆို မဖဲဝါကြီးက မြို့ထဲ ရွာထဲမှာ လျှောက်သွားလာနေရင်တောင် ကျုပ်တို့ ဘယ်သိ မှာတုံး"

"ဟာ အဲဒီလို မဟုတ်ဘူးဗျ၊ မဖဲဝါက မြို့တွေ၊ ရွာတွေ ထဲကို အဲကြောင်းကိစ္စမရှိဘဲ မဝင်ရဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ယော ဟုတ်လား မောင်တာတေ၊ ဒီအကြောင်းကို ဘယ်လို သိတာတုံး"

ကားဆရာတစ်ယောက်က မေးပြန်ရောဗျ။

"ဟိုတလောက ဘန့်ဘွေးကုန်းဘက်မှာ မဖဲဝါနဲ့ ကျုပ်တွေ့တယ်၊ သူက ကျုပ်အရွယ်လောက်ရှိတဲ့ မိန်းကလေးပုံစံ လုပ်ထားတာဗျ၊ သူ့ခွေးနက်ကြီးကိုလည်း ခွေးသေးသေးလေးပုံစံ ပြောင်းထားတာ၊ ကျုပ်ဖြင့် လုံးဝကို မမှန်းမိပါဘူးဗျာ၊ နောက်တော့ ရှာတံခါးမှာ ရှာထဲဝင်ဖို့ လုပ်ရင်း သူ့ကို လှည့်ခေါ်လိုက်တယ်၊ ဒီတော့မှ သူက ကျုပ်ကို 'ဟဲ့ တာတေ နင်ပဲသွား၊ ငါရွာထဲ ဝင်လို့ မရဘူး' လို့ ပြောတာဗျ"

"ယော ဟုတ်လားကွ၊ မောင်တာတေရဲ့"

စကားဆိုတာ စ,မိသွားရင်း ဆက်ပြောဖြစ်တော့တာမို့ လား။ ကျုပ်က သူတို့ကို ကျုပ်ရဲ့ အတွေ့အကြုံ နည်းနည်းပါးပါး ပြောပြတာပေါ့။

ဒီမှာတင် စကားဝိုင်းကြီးက သရဲအကြောင်းတွေ ရောက်သွားတော့တာပေါ့ဗျာ။

ဒီလူတွေကလည်း ကားဆရာတွေဆိုတော့ နေ့ရောညပါ ကားတစ်စီးနဲ့ လမ်းပေါ်နေကြရတဲ့သူတွေကိုးဗျ။ သူတို့မှာလည်း အတွေ့အကြုံတွေက နည်းတာမှ မဟုတ်တာ။

သူတို့ပြောတဲ့ အကြောင်းတွေကလည်း တော်တော်ကို


www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖို့ ကောင်းတာဗျို့။ ပထမဆုံး စပြောတာက ကိုဝင်း ဆိုတဲ့ ကားဆရာဗျ။

"အေး ပြောရဦးမယ်ဟေ့၊ ဒီတုန်းက ရန်ကုန်–မန္တလေး လမ်းဟောင်းပဲ ရှိသေးတာကွ ကြည့်စိုးရ၊ ငါက ရန်ကုန်က သူဌေးတစ်ယောက်ရဲ့ကားကို မောင်းနေတာ၊ အဲဒီနေ့က သူဌေး က သူ့ရွာကို ကိစ္စတစ်ခုရှိလို့ သွားတာဟေ့၊ သူဌေးနဲ့ ငါနဲ့ နှစ်ယောက်ပေါ့ကွာ၊ ကားက အက်(စ်)အီးအနီလေးကွ၊ ညနေ နွားရိုင်းသွင်းချိန်လောက်ကျတော့ ပဲခူးနဲ့ ဘုရားကြီးကြား ရောက် ပြီကွ"

ကားဆရာ ကိုဝင်းက ပြောရင်းနဲ့ ၄၄၄ နွေးကြမ်းတစ်ကျိုက် သောက်လိုက်တယ်ဗျ။ ကျုပ်ရော ကျန်တဲ့လူတွေရော ကိုဝင်း ဆက်ပြောမှာကို စောင့်နေကြတာပေါ့ဗျာ။

"အေး အဲဒီနေရာလည်းရောက်ရော ငါတို့ရှေ့ မလှမ်း မကမ်းမှာ ကောင်လေးတစ်ယောက်ကို ခွေးနက်ကြီးတစ်ကောင် လိုက်ကိုက်နေတာဟေ့"

"ဘယ်လိုဗျ ကိုဝင်းရဲ့၊ ကောင်လေး ဟုတ်လား"

ကားဆရာတစ်ယောက် ဝင်ပြီးမေးတယ်ဗျ။ ကိုဝင်းက ခေါင်းညိတ်ပြပြီး ဆက်ပြောတယ်။

"အေး ဟုတ်တယ် ကိုမိုးရဲ့၊ ကောင်လေးဗျ၊ အသက် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက် ရှိမယ်ဗျ၊ ပုဆိုးခါးတောင်း



www.burmeseclassic.com

www.burmeseclassic.com


ကြိုက်ကလေးနဲ့ဗျို့၊ ပြေးနေတာမှ အသက်ကို လုပြေးနေရတဲ့ပုံ ဗျ"

"နောက်ကလိုက်တဲ့ခွေးက ကြီးသလား"

"ဟာ ကိုမိုးရာ ကျုပ်ပြောရင် ခင်ဗျား ယုံချင်မှလည်း ယုံမှာ၊ နွားမတန်းတစ်ကောင်လောက် ရှိတာဗျ၊ ခွေးနက်ကြီး"

"နေဦးဗျ၊ ကိုဝင်းရဲ့၊ ခင်ဗျား မြင်နေရတာကို ခင်ဗျားရဲ့ သူဌေးရော မြင်ရဲ့လား"

ကိုမိုး ဆိုတဲ့ ကားဆရာက ထပ်မေးသဗျ။

"မြင်တယ်၊ မြင်တယ်၊ သူက နောက်ခန်းမှာ ထိုင်လာတာ၊ သူလည်း မြင်တော့သ်၊ မြင်လို့ သူဌေးက ပြောတာပေါ့ဗျ"

"ဟင် ခင်ဗျားသူဌေးက ဘာပြောတုံး"

"ကိုဝင်း၊ ကိုဝင်း ဟိုရှေ့မှာ ကားရပ်ပေးလိုက်၊ ကျုပ်ကောင်လေးကို ကားပေါ် ခေါ်တင်လိုက်မယ်၊ ဒီကောင်လေး ဒီနားမှာ နေတာပဲဖြစ်မှာ၊ သူ့အိမ်ကို လိုက်ပို့လိုက်ကြတာပေါ့ဗျာ"

"သူဌေးပြောတော့ ငါက ကားကိုရှေ့ကျော်မောင်းလိုက်တာပေါ့ကွာ၊ ရှေ့ရောက်တော့မှ ကားကို ရပ်လိုက်တယ်၊ ငါ့သူဌေးက နောက်ခန်းတံခါးကို မြန်မြန်ဖွင့်လိုက်ရောဟော့၊ ဒီတုန်းမှာပဲ သေလုမြောပါးပြေးနေတဲ့ ကောင်လေးက ငါတို့ကားနားကို ရောက်လာရောဟော့၊ ငါ့သူဌေးက ကားထဲက ခေါင်းကလေး ပြူထွက်ပြီး..."

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ကလေး လာ...လာ...ကားပေါ် မြန်မြန်တက်လို့ လှမ်းခေါ်လိုက်တာကွ"

"ဟာ ကောင်လေးက ကားထဲပြေးဝင်ရောလားဗျ"

ကိုဝင်း ပြောတာကို စိတ်ဝင်တစား နားထောင်နေတဲ့ ကိုမိုးက ဖြတ်မေးလိုက်တယ်ဗျ။

"ဝင်ဖို့နေနေသာသာ၊ သူ့ဒွေးကို လှည့်ရယ်ပြပြီး ဆက်ပြေးသွားတယ်၊ ဒီတော့မှ ငါ့သူ့ဒွေးလည်း အောင်မလေးလို့ အော်ပြီး ကားတံခါးကို ဝုန်းကနဲ ဆောင့်ပိတ်လိုက်တယ်ကွ"

"ဟင် ဘာဖြစ်လို့တုံး ကိုဝင်းရဲ့"

ဒီတစ်ခါ မေးတာက ကိုစိန်မောင်ကြီးဗျို့။

"ကျုပ်သူ့ဒွေးကို လှည့်ရယ်ပြတဲ့ကောင်လေးက မျက်လုံးနီနီကြီးတွေနဲ့ဗျ၊ ပါးစပ်ထဲမှာ အစွယ်တွေ ဖွေးနေတာဗျို့"

"ဟာ"

လူခုနစ်ယောက်လောက် တစ်ပြိုင်တည်း အော်တဲ့အသံဗျို့။ ပြီးတော့မှ ကိုဝင်း ဆိုတဲ့လူက ဆက်ပြောတယ်။

"ကျုပ်လည်း ဒူးတွေတုန်နေတော့တာပေါ့ဗျာ၊ ခွေးနက်ကြီးကလည်း ကျုပ်တို့ကားဘေးက ကပ်ပြီး ပြေးသွားတာ၊ နည်းတဲ့အကောင်ကြီးလားဗျာ၊ သူ့ဒွေးရော ကျုပ်ရော ကြက်သေ,သေပြီး ကြည့်နေကြတုန်းမှာပဲ ကောင်လေးက ညောင်ပင်ကြီးတစ်ပင်အောက်ကို ပြေးဝင်တယ်၊ ခွေးနက်ကြီးကလည်း နောက်


www.burmeseclassic.com

www.burmeseclassic.com



က လိုက်တာပေါ့ကွာ၊ ညောင်ပင်အောက်လည်းရောက်ရော ကောင်လေးရော ခွေးနက်ကြီးပါ ဖျတ်ခနဲ ပျောက်သွားရောဗျို့။ ဒီတော့မှ ကျုပ်လည်း သတိဝင်လာပြီး ကားကို မောင်းထွက်ရ တော့တာပေါ့ဗျာ၊ သူ့ခြေးကတော့ သူ့ရှာရောက်တဲ့အထိ ပရိတ် တွေ မနားတမ်း ရွတ်တော့တာပဲဗျို့"

ကိုဝင်းက စကားလည်းဆုံးရော ဒူးယားစီးကရက် ကလေး တစ်လိပ်ကို သူ့အိတ်ထဲကထုတ်ပြီး မီးညှိဖွာလိုက်တယ် ဗျ။

"အင်း ကိုဝင်း ပြောလို့ ငါလည်း ပြောရဦးမယ်ဟေ့"

သူတို့ထဲမှာ အသက်အကြီးဆုံးဗျ။ ဒီလူ့နာမည်က ဦးတင်ဝင်းတဲ့ဗျို့။

"ဟာ ပြောပါဦးဗျ၊ ဦးတင်ဝင်းရဲ့"

ဒီတစ်ခါ ဝင်ပြောတာက ကိုမြမောင်ဗျ။ အားလုံးက တော့ ငြိမ်ပြီးနားထောင်နေတာဗျို့။

"ဒီလိုကွ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပေါ့ကွာ၊ အခု အမြန်လမ်းကြီးမှာကွ၊ ၁၁၅ မိုင် မရောက်ခင်လောက်မှာ ငါ တစ်ယောက်တည်း ကိစ္စရှိလို့ နေပြည်တော်ကို သွားတာ"

"အခုမောင်းတဲ့ကားနဲ့ပဲလားဗျ"

ကိုဝင်းက ဝင်မေးလို့ ဦးတင်ဝင်းက ပြန်ပြောတယ်။

"မဟုတ်ဘူးကွ၊ ဒီတုန်းက ငါတို့အိမ်က မတ်တူးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ ရန်ကုန်က ထွက်ကာတည်းကကို နောက်ကျနေပါပြီကွာ၊ အဲဒီနားရောက်တော့ ညကိုးနာရီလောက်ရှိပြီ၊ ငါ့ကားမီးရောင်အောက်မှာ ခွေးနက်ကလေးနှစ်ကောင်ကွ၊ ပြေးနေတာတွေ့တယ်"

"ခွေးတွေက အကြီးကြီးလားဗျ"

ကိုစိန်မောင်က ဝင်မေးပြန်ရောဗျို့။

"ဟာ မကြီးဘူးကွ၊ ပုံမှန်ခွေးအရွယ်ပါပဲ၊ ငါ့ကားမီးရောင်အောက်မှာ မြင်နေရတာ"

"ကားလမ်းပေါ်မှာ ပြေးနေတာလားဗျ"

"မဟုတ်ဘူးကွ၊ ကားလမ်းဘေးမှာ ပြေးနေတာ၊ ပထမတော့ အဲဒီခွေးနှစ်ကောင်က မှန်မှန်ပဲ ပြေးနေတာ၊ တဖြည်းဖြည်းနဲ့ ခွေးတွေက တအားပြေးတော့တာပေါ့၊ ဘယ်လောက် မြန်လာသလဲဆိုရင် မိုင်(၇၀)လောက် မောင်းနေတဲ့ ငါ့ကားထက်တောင်ပိုမြန်မှာ သေချာတယ်"

"ဟာဗျာ၊ ခွေးက အဲဒီလောက် ပြေးနိုင်လို့လား"

"ဟင် ဒါဆိုရင် တဖြည်းဖြည်း ဝေးသွားမှာပေါ့"

ကားဆရာတွေက တစ်ယောက် တစ်ခွန်း ဝိုင်းမေးကြတာဗျို့။

"ဟာ ဟုတ်တာပေါ့ကွ၊ တဖြည်းဖြည်းဝေးပြီး ပျောက်သွားရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟင် ဒါများ ဦးတင်ဝင်းကလည်း ဘာထူးဆန်းလို့ တုံးဗျ"

ကိုမိုးက ဝင်ပြောရောဗျို့။ ဦးတင်ဝင်းက ရေနွေးခွက် ကလေး ကောက်ကိုင်ပြီး တစ်ကျိုက်မော့သောက်လိုက်တယ်။

"ဟကောင် မောင်မိုးရဲ့၊ ငါ့စကားက မဆုံးသေးဘူးလေ ကွာ"

"အဲဒါနဲ့ ငါလည်း ကားကို ဆက်မောင်းလာတာပေါ့၊ ခဏလောက်မောင်းလိုက်တယ်ဆိုရင် သွားတွေ့တော့တာပဲဟေ့"

"ဟင် ဘာကိုတုံးဗျ၊ ဦးတင်ဝင်းရဲ့"

"စောစောက ခွေးနက်နှစ်ကောင်လေကွာ၊ ဒီကောင် နှစ်ကောင်က ငါ့ရှေ့က ကြိုပြေးပြီး လမ်းကနေ ငါ့ကို ပိတ်စောင့် နေတဲ့ပုံကွ၊ ဒီတစ်ခါတော့ လမ်းဘေးမှာ မဟုတ်ဘူးကွ၊ လမ်း ပေါ်မှာ ရပ်နေတာ၊ ငါ့ကို ကျောပေးထားတာလည်း မဟုတ်တော့ ဘူး၊ ငါ့ဘက်ကိုလှည့်ပြီး ရပ်နေတာ၊ ငါ့ကားမီးရောင်လည်းမြင် ရော ကားဆီကို တန်းပြေးလာကြတာဟေ့"

"ဟာ တော်တော်ဝေးသေးလားဗျ"

ကားဆရာတစ်ယောက်က ဝင်မေးပြန်ရောဗျ။

"ဝေးသေးတယ်ကွ၊ ဒါပေမဲ့ဟေ့ အဲဒီခွေးသေးသေး လေးတွေက ပြေးရင်း ပြေးရင်းနဲ့ အကြီးကြီးတွေ ဖြစ်လာ တာကွ"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ"

ဒီတစ်ခါတော့ အားလုံးအံ့သြပြီး အော်လိုက်ကြတာဗျို့။

"အေးကွ၊ ပြေးရင်းနဲ့ ချွေးနက်ကြီးတွေက နွားပေါက်အရွယ်လောက်တွေ ဖြစ်လာတာ၊ ကားမီးရောင်မှာ မျက်လုံးကြီးတွေဆိုတာ နီရဲပြီး တောက်နေတာဟော့၊ ပါးစပ်ကြီးတွေ ဟထားတော့ အစွယ်ကြီးတွေဆိုတာ ဖွေးနေတာဟော့၊ ငါလည်း ကားမှန်တွေ အကုန်တင်ပြီး ပိတ်ထားလိုက်တယ်၊ လျှာနီနီကြီးတွေက တွဲလောင်းကြီးတွေ ကျနေတာမြင်တော့ တစ်ကိုယ်လုံးမှာ ကြက်သီးတွေ ထလိုက်တာကွာ၊ မပြောပါနဲ့တော့၊ ဒီလိုနဲ့ ချွေးကြီးနှစ်ကောင်က တဖြည်းဖြည်း ငါ့ကားနဲ့ နီးလာရောဟော့၊ ငါလည်း ဘာလုပ်ရမှန်း မသိတာနဲ့ လီဗာကိုနင်းပြီး ဝင်တိုက်ပစ်ဖို့ ဆုံးဖြတ်လိုက်မိရောဟော့၊ ဘာပြောကောင်းမလဲကွာ၊ နှစ်လံလောက်အလိုလည်းရောက်ရော ချွေးနက်ကြီးနှစ်ကောင် ငါ့ကားကိုလွှားကနဲနေအောင် ခုန်အုပ်တော့တာပဲကွာ၊ ငါလည်း လန့်သွားပြီး ကားကို ဆွဲကွေ့လိုက်မိတယ်"

"ဟင်"

"ဘာပြောကောင်းမလဲကွာ၊ ကားက ဝုန်းခနဲနေအောင် မှောက်ပြီး လိမ့်သွားရောဟော့၊ ငါလည်း သတိလစ်ပြီး ဘာမှမသိတော့ဘူးပေါ့ကွာ"

"ဟာ ဦးတင်ဝင်း ဘာဖြစ်သွားတုံး"



www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်တာပေါ့ကွာ၊ နံရိုးနှစ်ချောင်းကျိုးတယ်၊ ခြေထောက်တစ်ဖက်ကျိုးတယ်၊ ဆေးရုံမှာ နှစ်လကျော်ကျော် ကြာသွားတယ်"

အားလုံးက ခေါင်းလေးတညိတ်ညိတ်နဲ့ ဦးတင်ဝင်းကို ဝိုင်းကြည့်နေကြတာပေါ့ဗျာ၊ ဒီအထဲမှာ တာတေလည်း ပါတာပေါ့။

"ကဲ ကိုမိုးရော သရဲတွေ နာနာဘာဝတွေ မြင်ဖူးလားဗျ"

ကိုစိန်မောင်က ကိုမိုးဘက်ကိုလှည့်ပြီး မေးလိုက်တယ်။

"မြင်ဖူးပါပြီလားကွာ၊ ဒါမျိုးဆိုတာက တစ်ခါမဟုတ်တစ်ခါတော့ မြင်ဖူးကြတာပါပဲကွာ"

"ဟင် ဒါဆိုရင် ပြောပါဦးဗျ"

"ဒီလိုကွ၊ ငါက ကျောက်မြောင်းမှာ နေတာလေ၊ တစ်ရက်ကျတော့ ငါတို့လမ်းမှာ အရက်မူးနေတဲ့ကောင်တစ်ယောက် ခြောက်ထပ်ကနေ ပြုတ်ကျပြီး သေရောပေါ့၊ အဲဒီတိုက်ရဲ့ရှေ့မှာ ပိတောက်ပင်ကြီးတစ်ပင် ရှိတယ်ကွ၊ အဲဒီပိတောက်ပင်ကို ပိုင်ရှင်က သေသေချာချာကို အုတ်ဘောင်တွေခွေပြီးစိုက်ထားတာ၊ နွေဆိုရင် အဲဒီအုတ်ဘောင်ပေါ်မှာ ထိုင်ရတာပိတောက်ရိပ်ကလေးနဲ့ဆိုတော့ တယ်ပြီးအေးတာကွ"

ကိုမိုးက စီးကရက်ကလေး ဖွာလိုက်တယ်။

"အဲဒီကောင်က ခြောက်လွှာက ပြုတ်ကျတော့ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com


ဲ့ပိတောက်ပင်ပေါ်ကို ကျတာ၊ ပိတောက်ပင်ကို ဖြတ်ဝင်သွားပြီး
းတော့မှ အုတ်ဘောင်နဲ့ ခေါင်းနဲ့ ဆောင့်မိတာ"

"ဟာ ပွဲချင်းပြီးပေါ့နော် ကိုမိုး"

"ဟာ ပြီးတာပေါ့ကွာ၊ အဲဒီနားမှာ ကင်းလှည့်နေတဲ့ ကင်းသမားတွေ ပြောတယ်၊ 'ခွပ်' ဆိုတဲ့အသံကြီးကြားလို့ သူတို့ ပြေးလာတာတဲ့၊ အဲဒီနားရောက်တော့ ခေါင်းထဲက ထွက်တဲ့ ဦးနှောက်တွေဆိုတာ ပိတောက်ပင်အောက်မှာ အပုံလိုက်ထွက်နေတာတဲ့ဟ"

"အေးပေါ်ကွ၊ ခြောက်ထပ်ဆိုတာ နည်းတဲ့အမြင့်မှ မဟုတ်တာ"

ကိုမြမောင်က ဝင်ပြောတယ်။

"အေး အဲဒီမှာတင် ဇာတ်လမ်း စတော့တာပဲဟ"

"ဟာ ဟုတ်လားဗျ"

"အဲဒီလိုဖြစ်ပြီး နှစ်ရက်လောက်ကြာတော့ အဲဒီအိမ်ရှင်က သူစိုက်ထားတဲ့ ပိတောက်ပင်ကို ခုတ်ပြီး အုတ်ခုံတွေပါ တူး ထုတ်ပစ်လိုက်တာ၊ ငါ ကားသိမ်းပြီး ပြန်သွားတော့ အဲဒီ ပိတောက်ပင်နေရာမှာ မြေတောင်ညှိထားပြီကွ၊ နောက်တစ်နေ့ မနက် အစောကြီးမှာ တို့လမ်းထဲက မုန့်ဟင်းခါးတို့ အသုတ်တို့ရောင်းတဲ့ သူတွေ လှည်းကလေးတွန်းပြီး ဆိုင်ထွက်ဖို့ လာကြတာပေါ့ကွာ၊ အဲဒီပိတောက်ပင်နေရာလည်းရောက်ရော


www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်လေး သရဲ သရဲ ဆိုပြီး ထအော်ရောပေါ့၊ သူတို့ရဲ့ လှည်းကို အဲဒီနားမှာ ထားခဲ့ပြီး ပြေးလိုက်ကြတာ တန်းနေတာ ဆိုပဲ။ နောက်တော့ လမ်းထဲကလူတွေ ထွက်လာပြီး ကောင်မလေး တွေကို ဆိုင်အထိ လိုက်ပို့ကြရတာပေါ့ကွာ။

အေး…နောက်တစ်ညရောက်တော့ ငါ့မှာ မနက် အစောကြီး လေဆိပ်ပို့ရမယ့် အော်ဒါရှိတာနဲ့ ကားကို အိမ်ယူ ထားပြီး မနက် ၄ နာရီ ပြန်ထမောင်းရတာပေါ့ကွာ၊ အဲဒီပိတောက် ပင်နဲ့ မလှမ်းမကမ်းကိုရောက်တော့ ငါ့ကားမီးရောင်အောက်မှာ တွေ့တော့တာပဲပေါ့"

"ဟာ ဟုတ်လားဗျ၊ ကိုမိုးကြီးရဲ့၊ ဘယ်လို ပုံစံကြီးတုံး ဗျ"

"အေး အဲဒီလူ ခြောက်ထပ်က ပြုတ်ကျတုန်းက အဝတ် အစားအတိုင်းပဲကွ၊ စစ်စိမ်းရောင်အင်္ကျီနဲ့ ပုဆိုးအနက်ကွက် ကလေး ဝတ်လို့ကွ၊ မြေညှိထားတဲ့ ပိတောက်ပင်နေရာမှာ ငုတ် တုတ်ကြီး ထိုင်နေတာပေါ့၊ တစ်ကိုယ်လုံးမှာလည်း သွေးတွေနဲ့ ကွ၊ အေး..ထူးဆန်းတာက မျက်နှာ လုံးဝမပါဘူးပေါ့"

"ဗျာ"

အားလုံးပါးစပ်က ထွက်လာတဲ့အသံတွေပဲဗျို့။

"ဘယ် ဘယ်လိုဗျ၊ ကိုမိုးရဲ့၊ မျက်နှာမပါဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"အေး ဟုတ်တယ်ကွ စိန်မောင်ရဲ့၊ ဒီကောင့်မှာ မျက်နှာ မပါဘူး၊ မျက်နှာနေရာမှာ ပြောင်ကြီးကွ၊ မျက်လုံးတို့၊ ပါးစပ်၊ နှာခေါင်း ဘာမှမရှိဘူး၊ အသားပြောင်ကြီး ဖြစ်နေတာ"

"ဟာ ကိုမိုး မကြောက်ဘူးလားဗျ"

ကိုဝင်းက ဝင်ပြီးမေးပြန်ရောဗျ။

"မကြောက်ဘဲနေမလား ကိုဝင်းရ၊ ကြောက်တာပေါ့၊ ကြက်သီးတွေဆိုတာ ထလိုက်တာမှ တဖျန်းဖျန်း ဖြစ်နေတော့ တာ၊ ဆံပင်တွေဆိုတာ အပေါ်ကို ထောင်နေတယ်လို့ကို ထင် တာကွ"

"အဲဒီတော့ ကိုမိုး ဘာလုပ်တုံး"

"ငါလည်း ဆက်မကြည့်ရဲတော့တာနဲ့ ကားမီးပိတ်ပစ် လိုက်တယ်၊ လူတွေ အိပ်မောကျတဲ့အချိန်ဆိုတော့ တစ်လမ်းလုံး တိတ်ဆိတ်နေတာကွ၊ အိမ်မီးတွေ ပိတ်ထားကြတော့ လမ်းဓာတ် မီးတိုင်က မီးရောင်ပဲရှိတာလေကွာ၊ အဲဒီနေရာက အမှောင်ရိပ် ကျနေတာဆိုတော့ ဘာမှမမြင်ရတော့ဘူးပေါ့၊ ခဏကြာတော့ ငါ့စိတ်က ဒီကောင့်ကို ကြည့်ချင်လာပြန်ရောဟ၊ ဒါနဲ့ ကားမီးကို ပြန်ဖွင့်လိုက်တယ်၊ မရှိတော့ဘူးကွ၊ ပျောက်သွားပြီ၊ ဒါနဲ့ ငါလည်း ကားကို မှန်မှန်ပဲမောင်းပြီး ထွက်လာခဲ့ရတာပေါ့ကွာ"

"ဟာ ကိုမိုးဟာကလည်း တော်တော်ကို ကြောက်စရာ ကောင်းတာပဲဗျာ၊ နို့ ဒီနောက်ပိုင်းရော အဲဒါကြီးကို တွေ့ကြသေး


www.burmeseclassic.com

www.burmeseclassic.com


လား”

“အဲဒီကတည်းက လမ်းထဲမှာ ဘုန်းကြီးတွေပင့်ပြီး ပရိတ်တွေ ရွတ်ကြတာကွ၊ ဒီနောက်တော့ ဘာမှမမြင်ရတော့ ပါဘူး၊ ငါတို့ တွေ့ကြတယ်ဆိုတဲ့ အချိန်ကလည်း ရက်တောင် မလည် သေးဘူးလေကွာ”

“သြော် ဟုတ်သားပဲ၊ ဒါကြောင့် ဖြစ်မှာပါ”

ကိုမိုးပြောတဲ့ တစ္ဆေအကြောင်းကို အားလုံးငြိမ်ပြီး တွေး နေကြတယ်ဗျို့။

“ကဲ ကိုစိန်မောင်ကြီး ခင်ဗျားလည်း ပြောပြပါဦးဗျ၊ ခင်ဗျားရဲ့ ကိုယ်တွေ့ကိစ္စကလေးပေါ့ဗျာ”

ကိုဝင်းက ကိုစိန်မောင်ကို ပြောခိုင်းပြန်ရော်ဗျို့။

ကိုစိန်မောင်က ညှိလက်စ စီးကရက်ကလေးကို တစ်ဖွာ နှစ်ဖွာ ဖွာလိုက်တယ်ဗျ။

“တော်တော်တော့ ကြာသွားပြီကွ၊ လှိုင်သာယာဘက်ကို ထိုးထားတဲ့ ဘုရင့်နောင်တံတားကြီးပေါ်မှာပေါ့ကွာ”

“ဘယ်တံတားတုံး၊ ပထမတံတားလား၊ နောက်တံတား လား”

“ဟ ကိုမိုးရ၊ အဲဒီတုန်းက ဒုတိယတံတား မရှိသေးဘူး လေဗျာ၊ ပထမတံတားကိုပြောတာ၊ ဘုရင့်နောင်တံတားလေဗျား အောင်ဇေယျတံတား မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ဟုတ်ပြီ၊ ဟုတ်ပြီ"

"ညဘက် ၁၂ နာရီလောက်ဗျ၊ ကျုပ်က လှိုင်သာယာကို
ခင်ဂျာသွားပို့ပြီး ပြန်လာတာ၊ စက်မှုဇုန်ကို လိုက်ပို့ရတာဗျ၊
လူတွေက ညဘက် ဘီယာဆိုင်ပိတ်မှ ထပြန်ကြတာ ထင်ပါရဲ့
ား ကျုပ်လည်း သူတို့ကို သေသေချာချာ ပို့ခဲ့ပြီးမှ ပြန်လာခဲ့တာ၊
တားပေါ်တက်ရုံပဲ ရှိသေးတာဗျ၊ မီးရောင်အောက်မှာ
သေသေချာချာကို မြင်လိုက်ရတာ"

"ဟင် ဟုတ်လား၊ ဘာကိုမြင်လိုက်တာတုံးဗျ ကိုစိန်
ာင်ရဲ့"

"မဖဲဝါကြီးဗျ၊ မဖဲဝါကြီး"

"ဘာ မဖဲဝါ ဟုတ်လား ကိုစိန်မောင်"

အားလုံးက မဖဲဝါလို့ ပြောလိုက်တော့ စောစောကထက်
ပြီးစိတ်ဝင်စားသွားကြတာဗျို့။

"ပြောစမ်းပါဗျ၊ ကိုစိန်မောင်ရဲ့၊ ခင်ဗျား ဘယ်လိုမြင်
က်ရတာတုံး"

အရမ်းကို သိချင်နေကြပြီဗျ။

"အဲဒီဘုရင့်နောင်တံတားကြီးရဲ့ သံဘောင်ကြီးတွေပေါ်
ခေါင်းကြီးတစ်လုံးထမ်းပြီး တံတားကြီးကို ခွကျော်သွားတာကွ"

"ဟာ"

အားလုံး အံ့သြသွားကြတာဗျို့။ ကျုပ်လည်း အံ့သြတာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲဗျာ။

"ဒါဆို အကြီးကြီးပေါ့ဗျ"

"ဟာ မင်း စဉ်းစားသာကြည့်တော့ မောင်ဝင်းရာ"

"အဲဒီတံတားကြီးကို ခွကျော်သွားပါတယ်ဆိုမှကွာ၊ ငါ ကားထဲကနေ မော့ကြည့်တာ မျက်နှာကို မမြင်လိုက်ရဘူး၊ ထဘီ ကြီး ရင်လျားထားတာကွ၊ အဲဒါတော့ ငါတွေ့လိုက်ရတယ်၊ ငါ့မှာ ကြက်သီးတွေ အလုံးအကြီးကြီးတွေ ထသွားတာပေါ့"

"ခေါင်းကြီးဗြမ်းထားတယ် ဟုတ်လား ကိုစိန်မောင်၊ ဘာသဘောတုံးဗျ"

ကိုမိုး ဆိုတဲ့ ကားဆရာက ဝင်ပြောတယ်။

"အဲဒါ မကောင်းတဲ့နိမိတ်ဗျ၊ ကိုမိုးရဲ့၊ ကျုပ် အရင် ကတည်းက ကြားဖူးတယ်၊ ရွာတစ်ရွာရွာကို မဖဲဝါ ခေါင်းထမ်း ပြီး ရောက်လာတာတွေဘာတွေ မြင်လိုက်ရတယ်ဆိုရင် အဲဒီရွာ မှာ လူတွေ ဆက်တိုက်သေတတ်တယ်တဲ့ဗျ"

"ဩော် ဒီလိုလား"

"အေး··အဲဒါနဲ့ ကျုပ်လည်း ကားစီရာတိုင်ကြီးကိုင်ပြီး တောင့်တောင့်ကြီး ဖြစ်နေတာဗျ၊ ကြောင်ပြီး ဘာလုပ်ရမှန်း မသိတာ၊ မဖဲဝါကြီးကတော့ တံတားကြီးကို ခွကျော်ပြီး ပျောက် သွားတာပါ၊ နောက်တော့ ကျုပ်နောက်မှာ ကားတွေ တန်းစီနေပြီး တီ၊ တီ၊ တီ ဆိုတဲ့ အသံတွေ ထွက်လာမှ သတိပြန်ဝင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com


ကားမောင်းထွက်လာခဲ့ရတာပေါ့ဗျာ၊ ကျုပ်မျက်စိထဲမှာတော့ ဒီအကြောင်းတွေးမိတိုင်း ချက်ချင်းကို ပြန်မြင်လာတာဗျို့။ အဲဒီမြင်ကွင်းကြီးကိုတော့ ကျုပ်တစ်သက်မှာ မေ့လို့ရမှာ မဟုတ်ပါဘူးဗျာ"

"နို့ နေပါဦးဗျာ၊ ကိုစိန်မောင်ကားနောက်မှာ ရပ်နေတဲ့ကားတွေရော ဒါကို မြင်လိုက်ကြသလားဗျ"

"ဟာ အဲဒါတော့ မသိဘူးဗျ၊ ကျုပ်ကိုတော့ ငုတ်တုတ်ကြီးမေ့နေတာလား၊ အိပ်ပျော်နေတာလားနဲ့ ဝိုင်းအော်ကြတာပဲဗျ"

"နောက်တော့ ဘာဖြစ်သေးတုံးဗျ"

"ဖြစ်တာပေါ့ဗျာ၊ နောက်တစ်နေ့ အဲဒီတံတားပေါ်မှာ ဒိုင်နာကားအပြာတစ်စင်း မှောက်လို့ လူ(၂၂)ယောက် ပွဲချင်းပြီးသေတယ်လေဗျာ"

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျုပ်တို့လည်း ကြားလိုက်တယ်၊ သြော် အဲဒါမဖြစ်ခင် မဖဲဝါကြီး ခေါင်းထမ်းပြီး ကျော် သွားတာကိုး"

အားလုံးငြိမ်သွားတယ်ဗျ၊ ညဥ့်ကလည်း နက်လာ၊ အအေးဓာတ်ကလည်း ပိုလာ၊ မီးဖိုထဲကို ထင်းတုံးတွေ ထပ်ထည့်ပြီး စကားဝိုင်းကောင်းနေကြတာပေါ့ဗျာ။ လူတွေမှာ တစ်ခါမဟုတ် တစ်ခါ အံ့သြစရာတွေ ကြုံတတ်တယ်ဆိုတာကိုတော့


www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သိသွားတာပေါ့ဗျာ။

"ကဲ ကိုမြမောင် ပြောဦးဗျာ၊ ခင်ဗျားအတွေ့အကြုံ ကလေးတွေပေါ့ဗျာ"

ကိုမြမောင်ကလည်း သူဝတ်ထားတဲ့ ဂျာကင်အင်္ကျီကို ရင်ဘတ်ဆွဲပြီး စေ့လိုက်တယ်ဗျ။ ပြီးတော့မှ ပြောတယ်။

"၂၀၀၈ ခုက နာဂစ်မုန်တိုင်းကြီးကိုတော့ မင်းတို့ မှတ်မိကြမှာပေါ့"

"ဟာ ဒါ မေးစရာမှ မဟုတ်တာဗျာ၊ မှတ်မိတာပေါ့ဗျာ၊ မြစ်ဝကျွန်းပေါ်မှာနေတဲ့ ကျုပ်တို့ဆွေမျိုးတွေ တော်တော်ကို ပါသွားတာပဲဗျာ၊ ဘယ်မေ့ပါ့မလဲ"

ကိုဝင်းက ပြောတာဗျ။

"အေး...အဲဒီနာဂစ်ကြီးဖြစ်ပြီး တစ်ပတ်လောက်ကြာ တဲ့အချိန်ပေါ့ကွာ၊ လမ်းတွေ ပြန်ပြီးပွင့်ကာစပေါ့၊ သစ်ပင်တွေ လဲတာတွေ၊ ဓာတ်တိုင်လဲကျတာတွေကို ရှင်းလင်းပြီးရုံကလေး ပေါ့ကွာ၊ ငါ့လည်း ကားလေးပြန်မောင်းရတာပေါ့၊ မနက်လေး နာရီလောက် ရှိပြီကွ၊ ငါက ကမ်းနားလမ်းအတိုင်း မောင်းလာတာ မြစ်ဝကျွန်းပေါ် သင်္ဘောဆိပ်တွေနားရောက်တော့ ၁၅ လမ်း၊ ၁၆ လမ်းလောက်မှာပေါ့၊ ညောင်ပင်လေးဈေးနားပေါ့ကွာ၊ လူ တစ်ယောက် အိတ်အမည်းတစ်လုံး ပခုံးမှာ လွယ်ထားတယ်ကွ၊ ငါ့ကားကို တားတယ်၊ ဘယ်သွားမှာလဲဆိုတော့ အင်းစိန်ပေါ့ကွ၊



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဈေးစကားပြောပြီး တင်လိုက်တာပေါ့ကွာ၊ ဒီလူက နောက်ခန်းက တက်တယ်။

ထုံးစံအတိုင်းပေါ့ကွာ၊ ဒီလူနဲ့ ငါနဲ့ စကားလေးဘာလေး ပြောတာပေါ့။ ဒီအချိန်ကတော့ လူတိုင်းပြောတဲ့စကားကတော့ မုန်တိုင်းအကြောင်းပဲ များတာပေါ့ကွာ။

ဒီလူက သူတို့မြစ်ဝကျွန်းပေါ်ရွာတွေမှာ ရွာလုံးကျွတ် လူတွေ သေကြတဲ့အကြောင်း၊ လယ်ကွင်းတွေထဲမှာ အလောင်း တွေ အများကြီး ရှိနေတဲ့အကြောင်းတွေ ပြောတာပေါ့ကွာ၊ ငါက လည်း ဟိုမေး ဒီမေးပေါ့လေ၊ ဒါနဲ့ ငါက ကားနောက်ကြည့်မှန် ကလေးထဲကနေ ဒီလူကို ကြည့်လိုက်မိတယ်ကွ၊ ဟာခနဲနေ အောင် ငါ့ပါးစပ်က ယောင်ဂနာအော်လိုက်မိတယ်ဟေ့၊ ဒီမှာတင် ဒီလူလည်း လန့်သွားပြီး...

"ဘာတုံးဗျ၊ ဘာဖြစ်လို့တုံး"

လို့ ငါ့ကို မေးတယ်ကွ။ ငါကလည်း ချက်ချင်း သတိထား ပြီး ပြောရတာပေါ့ကွာ။

ခွေးပါဗျာ၊ ကားရှေ့ ကပ်ပြီးဖြတ်ပြေးတာ တိုက်မိတော့ မလို့ ကံကောင်းလို့ဗျာ"

လို့ ငါက ပြောလိုက်တော့ ဒီလူက မုန်တိုင်းအကြောင်း ကို ဆက်ပြောရောဟေ့။

"နို့ ခင်ဗျားက နောက်ကြည့်မှန်ထဲမှာ ဘာတွေ့လိုက်လို့



www.burmeseclassic.com

www.burmeseclassic.com


တုံး"

"မိန်းမကြီးဟ့ မိန်းမကြီး၊ ဆံထုံးကြီးနဲ့ကွ၊ မျက်လုံးပြူး ပြူးကြီးနဲ့ ငါ့ကို ကြည့်နေတာ"

"ဗျာ…မိန်းမကြီး ဟုတ်လား၊ ခင်ဗျား တင်လာတာက ယောကျ်ားကြီး မဟုတ်လား"

"အေး‥အဲဒါကြောင့် ပြောတာပေါ့ကွ၊ ငါ ဒီလူကို မသိမသာ လှည့်ကြည့်တယ်၊ ယောကျ်ားပေါ့၊ ငါနဲ့စကားပြောနေ တာပဲဟာ၊ ဒါပေမဲ့ ဒီလူကို မှန်ထဲက ကြည့်လိုက်ရင် မိန်းမကြီး ဖြစ်နေရောဟ့"

"ဟာ ခင်ဗျားဟာက ဆန်းလှချည်လားဗျ၊ ကိုမြမောင်ရဲ့"

"အေး‥ငါလည်း ကြောက်လာတာပေါ့ကွာ၊ ဒါမျိုး တစ်ခါမှ ကြုံဖူးတာမှ မဟုတ်ဟာ၊ ကြက်သီးတွေထပြီး ကျောထဲ က စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွားတာ၊ မြေနီကုန်းမီးပွိုင့်မှာ ကားရပ် တော့လည်း ငါ နောက်ကို သေသေချာချာ လှည့်ကြည့်တယ်၊ ဒီလူက ငါတင်ခဲ့တဲ့လူပဲ၊ ဒါပေမဲ့ မှန်ထဲက ပြန်ကြည့်ရင် မိန်းမ ကြီးမှ မိန်းမကြီးပဲ၊ မျက်လုံးပြူးကြီးနဲ့ ဟိုကြည့် သည်ကြည့် ကြည့်နေတာ။

ငါလည်း ဘာလုပ်ရမလဲလို့ တွေးတာပေါ့ကွာ၊ ပိုက်ဆံ မယူတော့ဘူးပြောပြီး မြေနီကုန်းမှာပဲ ဆင်းခိုင်းလိုက်ရမလား၊ ဘာလုပ်ရင် ကောင်းမလဲလို့ တွေးတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းပွိုင့်မှာ ကားမီးနီမိနေတုန်းမှာ ငါ တစ်ခုဆုံး ဖြတ်လိုက်တယ်။ မီးနီလွတ်တော့ ကားကို ဆက်မောင်းလိုက်ပြီး ကမာရွတ် ရဲစခန်းရှေ့မှာ ကားကို ထိုးရပ်လိုက်တယ်။ ပြီးတာနဲ့ တွေ့တဲ့ရဲနှစ်ယောက်ကို အကျိုးအကြောင်း ခပ်မြန်မြန်ပြောပြ လိုက်တော့ ရဲနှစ်ယောက် ထွက်လိုက်လာတယ်။ တစ်ယောက်က ဒုရဲအုပ်၊ တစ်ယောက်က တပ်ကြပ်ကွ၊ ကားဆီရောက်တော့ ဒီလူကို ကားပြင်ထွက်ခိုင်းပြီး စခန်းထဲကို ခေါ်သွားတယ်၊ ငါလည်း လိုက်ခဲ့ရတာပေါ့ကွာ။

တိုတိုပြောရရင်တော့ စခန်းမှူးက ဒီလူ့အိတ်ကို ရှာရော ဟေ့၊ ဘာတွေ တွေ့တယ်လို့ထင်တုံး"

"ဟင် ဘာတွေတွေ့တုံးဗျ၊ ကိုမြမောင်ရဲ့"

"ရွှေတွေလေကွာ၊ ရွှေတွေပေါ့၊ လက်စွပ်တွေ၊ ဆွဲကြိုး တွေ၊ လက်ကောက်တွေ၊ နားကပ်တွေပေါ့၊ နည်းတာ မဟုတ်ဘူး ဟေ့၊ တချို့နားကပ်တွေမှာ လူ့နားရွက်အဖျားကလေးတွေ တောင် ပါသေးတယ်၊ လက်စွပ်တွေဆိုရင်လည်း တချို့လက်စွပ် မှာ လူ့အသားတွေ ကပ်နေတာကွ"

"ဟာ . ဘယ်လိုဖြစ်တာတုံးဗျ"

"စခန်းမှူးက ဒီကောင်ကို စစ်တော့မှ ပေါ်တာဟေ့၊ ဒီကောင်က မှန်တိုင်းအပြီးမှာ လယ်ကွင်းထဲတင်နေတဲ့ အလောင်း တွေက ရွှေတွေကို ဖြုတ်ယူပြီး ရန်ကုန်ကို သုတ်ချလာတာကွ"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ဒါဆိုရင် ကိုမြင်မောင် မြင်တဲ့ မိန်းမကြီး ဆိုတာက"

"ဟကောင် မောင်ဝင်းရဲ့၊ အဲဒါ နာဂစ်မုန်တိုင်းထဲမှာ သေသွားတဲ့ မိန်းမကြီးက သူဝတ်ထားတဲ့ ပစ္စည်းတွေကိုစွဲပြီး သေသွားတော့ တစ္ဆေမကြီး ဖြစ်နေတာပေါ့ကွ၊ ဒီလူက သူ့ အလောင်းကပစ္စည်းတွေ ဖြုတ်ယူတော့ ဒီလူ သွားလေရာ တကောက်ကောက် လိုက်နေတော့တာပေါ့ကွ"

"ဩော် ဒီလိုလား၊ နောက်တော့ ဘာဖြစ်သွားတုံး"

"အဲဒါတော့ ငါမသိဘူးကွ၊ ငါကတော့ ဒီလူကို ရဲလက် အပ်လိုက်တာပဲကွာ၊ ဩော် အေး အေး အဲဒီမှာ ပြောစရာရှိသေး တယ်ကွ၊ စခန်းမှူးက ငါနဲ့ ထွက်လိုက်လာပြီး ကားတံခါးဖွင့်တယ် ပြီးတော့ ကားထဲကို ခေါင်းငုံ့ပြီး ပြောတယ်၊ 'ဟိုအဒေါ်ကြီးလည်း လာ လာ၊ ခင်ဗျားပစ္စည်းတွေ ယူတဲ့လူကို ကျုပ်တို့ အရေးယူ တော့မှာ၊ ခင်ဗျား ရှိမှဖြစ်မယ်၊ လာခဲ့၊ လာခဲ့' လို့ ပြောပြီး ခေါ်သွားတယ်ကွ"

"ဟာ ဟိုတစ္ဆေမကြီးက လိုက်သွားရောလား"

"အဲဒါတော့ ငါလည်း မသိဘူးလေကွာ၊ စခန်းမှူးက တော့ ခပ်တည်တည်နဲ့ ခေါ်ထုတ်သွားတာပဲကွ၊ ငါလည်း ကားခ တစ်ပြားမှ မရဘဲ ပြန်လှည့်ခဲ့ရတာပေါ့ကွာ"

သူတို့တွေ ကိုမြင်မောင် ပြောတဲ့ ဇာတ်လမ်းကိုလည်း

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com


တော်တော်ကို စိတ်ဝင်စားကြတာပဲဗျ။ ဘယ်သူ ဘာပြောပြော စိတ်ဝင်စာစားနဲ့ နားထောင်တဲ့လူတစ်ယောက် သူတို့ထဲမှာ ရှိသေးတယ်ဗျ။ ဒီလူက ဆေးလိပ်တွေ ဘာတွေလည်း သောက်တာ မတွေ့ရဘူး။

"ကဲ ကိုဆွေဝင်း၊ ခင်ဗျား အလှည့်လေဗျာ၊ နည်းနည်းပါးပါး ပြောပါဦးဗျ"

ကိုဝင်းက ပြောတော့ ကိုဆွေဝင်း ဆိုတဲ့လူက ထနောင်းပင်ကိုမှီပြီး နေရာကနေ ရှေ့ကို နည်းနည်းတိုးလိုက်တယ်။ ဒီဘိုးတော်က အသက်ငါးဆယ်ကျော်လောက် ရှိမယ်ထင်တယ်။ ဦးဆွေဝင်း ဆိုတဲ့ ဘိုးတော်က ပြောပြတယ်ဗျ။

"အဲဒီတုန်းက ငါ တက္ကစီ မောင်းကာစပေါ့ကွာ၊ တာမွေသင်္ချိုင်းကြီးကလည်း ဖျက်ပြီးကာစပဲ ရှိသေးတာ၊ ည ၁၁ နာရီလောက် ရှိပြီကွ၊ ငါ ခရီးသည် လိုက်ပို့ပြီး ဈေးဟောင်းလမ်းက ပြန်လာတာ၊ ငါ့ရှေ့မှာက ဆိုက်ကားတစ်စီးကွ၊ ပါစင်ဂျာတင်ပြီး နင်းသွားတာ၊ တဖြည်းဖြည်းနဲ့ အဲဒီဆိုက်ကားကို ငါ့ကားက ကျော်တက်ပြီး ငါ အမှတ်တမဲ့နဲ့ ဆိုက်ကားပေါ်က ပါစင်ဂျာကို ကြည့်လိုက်မိတာပေါ့၊ 'အောင်မယ်လေး' ဆိုပြီး ငါ ထအော်မိတော့တာပဲကွာ"

"ဟင် ဦးဆွေဝင်း ဘာမြင်လိုက်လို့တုံး"

"ဘာမြင်ရမတုံးကွ၊ မောင်ဝင်းရဲ့၊ အဲဒီလူ တင်နင်းလာ



www.burmeseclassic.com

www.burmeseclassic.com


တဲ့ ပါစင်ဂျာက မိန်းမကွ၊ ဒါပေမဲ့ ငါကြည့်လိုက်တဲ့အချိန်မှာ ခေါင်းမပါဘူးကွ၊ လည်ပင်းငုတ်တိုကြီးနဲ့"

"ဗျာ"

အားလုံးက လန့်အော်ကြပြန်ရောဗျို့။

"ငါလည်း ကားကို အရှိန်နည်းနည်းလျှော့ပြီး ဆိုက်ကား ဆရာကို လှမ်းအော်လိုက်မိရောဟေ့၊ ဟေ့ ဆိုက်ကားဆရာ ခင်ဗျားပါစင်ဂျာမှာ ခေါင်းမပါဘူးလို့ အော်လိုက်တော့ ဆိုက်ကား သမားလည်း သူ့ခရီးသည်ကို လှည့်ကြည့်လိုက်ရောဟေ့"

"ဟာ ဒီလူကော မြင်ရရဲ့လား"

"မြင်တာပေါ့ မောင်ဝင်းရာ၊ တစ္ဆေမက တမင်ကို ခြောက်တာပဲဟာ၊ ဆိုက်ကားသမားဆိုတာ ဘာပြောကောင်း လိမ့်မတုံးကွာ၊ အောင်မယ်လေးဗျလို့ အသံကုန်အော်ပြီး ဆိုက်ကား ပေါ်ကနေ ခုန်ချပြီး ပြေးရောဟေ့၊ ငါလည်း နောက်ပြန်လှည့် ကြည့်တော့ ဆိုက်ကားပေါ်မှာ ဘာမှမတွေ့တော့ဘူးကွ"

"ဟင် အဲဒီခေါင်းပြတ်တစ္ဆေမက ချက်ချင်း ဘယ် ရောက်သွားတုံးဗျ"

ကိုမိုးက ဝင်မေးတယ်ဗျို့။

"ဟာ ကိုမိုးရာ တစ္ဆေပါဆိုနေမှ၊ ခြောက်ပြီးတော့ ပျောက်သွားတာပေါ့ကွ"

"ဆိုက်ကားသမားတော့ ဘယ်လိုဆက်လုပ်လည်း မသိ


www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ ငါလည်း ကားကို ခပ်သုတ်သုတ်မောင်းပြီး တာမွေ ဒလီဘက်ကို ထွက်ချခဲ့ရောဟေ့၊ အဲဒါ ငါ့မျက်စိနဲ့ကို တပ်အပ် မြင်ခဲ့ရတဲ့ ခေါင်းမပါတဲ့ တစ္ဆေမပဲကွ"

အားလုံးငြိမ်ပြီး နားထောင်နေတာပေါ့ဗျာ။

"ဝုန်း"

"အောင်မယ်လေးဗျ"

ငြိမ်ပြီး တွေးနေကြတုန်းမှာပဲ ကျုပ်တို့နောက်ဘက်က 'ဝုန်း' ဆိုတဲ့ အသံကြီး ကြားလိုက်ရတာဗျို့။ အားလုံး ထအော် လိုက်ကြတာဗျာ။ နောက်လှည့်ကြည့်တော့မှ ကျုပ်တို့နောက်က တစ်ထပ်ကျောင်းကလေးရဲ့ ခေါင်းမိုးသွပ်ပြားပေါ်ကို ဆရာတော် ရဲ့ ကြောင်ကြီး ခုန်ချလိုက်တာဗျို့။

"ညောင်၊ ညောင်၊ ညောင်"

ဆိုတဲ့ ကြောင်အော်သံကို ကြားလိုက်တော့မှ အားလုံး သဘောပေါက်ပြီး ရယ်လိုက်ကြတာဗျာ။

"ဟား ဟား ဟား ဟား ဟား"

ဆိုတဲ့အသံကြီးက ပုဗ္ဗာရုံကျောင်းဝင်းထဲမှာ လွှမ်းသွား ရောဗျို့။

◆ ◆ ◆ ◆ ◆

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# လမ်းပေါ်ကတစ္ဆေ

## ကာဝေနီ

သန်းခေါင်ကျော်ခဲ့ပြီဆိုတာတော့သေချာသည်။

အောင်မော် နာရီကိုကြည့်လိုက်တော့ တစ်နာရီခွဲတော့မည်။ မျက်စိတွေကျိန်းစပ်လာသဖြင့် ကားကတ်ဆတ်ကိုဖွင့်လိုက်သည်။ အောင်မော့်လက်မောင်းကိုမှီပြီး အိပ်ငိုက်နေသော ဇနီးဖြစ်သူ သီတာ ဆတ်ကနဲလန့်နိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလည်းကွာ၊ နောက်မှာသားလေးအိပ်နေတယ်လေ"

နောက်ကြည့်မှန်မှကြည့်လိုက်ရာ သားတော်မောင်က သီချင်းသံကိုမမှုဘဲ တခူးခူးနှင့်အိပ်ပျော်နေသည်။

"သားကိုလည်းကြည့်လိုက်ပါဦး၊ ဟိုမှာအဟောက်တောင်မပျက်ဘူး၊ အိပ်ချင်နေတာကသူ၊ ပြောတော့တစ်လမ်းလုံးမပျင်းစေရပါဘူး၊ ဘေးကနေစကားတွေပြောပေးနေမှာပေါ့ဆို"

"ကဲပါမောင်ရယ် မအိပ်တော့ပါဘူး၊ ကားကိုသေသေချာချာမောင်း၊ နောက်မှာကားကြီး ဟွန်းတီးနေတယ်၊ ကျော်တတ်မလို့လားမသိဘူး"

သီတာက နောက်ကြည့်မှန်ကိုကြည့်ပြီးပြောလိုက်သည်။

'တွေ့တယ်၊ ကားကြီးတွေကဒီလိုပဲ၊ ဒါကြောင့်လည်း"

အောင်မော်က စကားကိုရှေ့မဆက်ဘဲကားကို သတိနှင့်ဘေးကပ်ပေးလိုက်သည်။ အဝေးပြေးကားကြီးက အရှိန်ပြင်းစွာဖြင့် အောင်မော်တို့ကားလေးကို ကျော်တက်သွားသည်။ ဒီလမ်းကြီးကိုလူတွေက ဟိုလိုလို ဒီလိုလို ပြောလာခဲ့ကြတာကြာပြီ။ အောင်မော်ကတော့မမြင်ရတဲ့ သရဲ တစ္ဆေ ဆိုတာမျိုးတွေကို အယုံအကြည်ရှိသူမဟုတ်၊ ကြောက်တတ်သူလည်းမဟုတ်။ သူစိုးရိမ်တာကဒီလမ်းကြီးပေါ်မှာ မောင်းနေရင်းအိပ်ငိုက်သွားမှာကိုပဲဖြစ်သည်။ သီတာက နိုးလာပြီးကတည်းက စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖောင်ဖွဲ့အောင်ပြောတော့သည်။ အောင်မော်အိပ်ငိုက်ချိန် ပင်မရတော့။ သီတာက သောကြာသမီးပီသသည်။ ပြောပြီဆို သည်နှင့် တတွတ်တွတ်။

"တောက်…တော်တော်လည်း ပြောနိုင်တဲ့မိန်းမ"

အောင်မော်စိတ်ထဲမှာ ကြိတ်ပြီး မှတ်ချက်ပေးမိသည်။ အကွေ့အကောက်များသောနေရာ ရောက်လာသဖြင့် ကားကယိမ်း ထိုးသွားသဖြင့်နောက်ခုံတွင်အိပ်နေသော သားဖြစ်သူကျော်ကျော် နိုးလာသည်။

"အိပ်ပုတ်လေး၊ နိုးလာပြီလား"

သီတာက သားဖြစ်သူကိုလှည့်မေးသည်။ ကျော်ကျော်က မျက်လုံးများကို ပွတ်သပ်ပြီး ကားအပြင်ဘက်ကို ငေးကြည့်ရင်းမေးသည်။

"မရောက်သေးဘူးလား၊ ဖေဖေ"

"ဟာ ဘယ်ရောက်ဦးမလဲကွ"

"ဘယ်အချိန်လောက်မှ ရောက်မှာလည်း"

"ဟဲ့သား၊ ခရီးသွားတာ အချိန်မမေးရဘူးလေ"

သီတာက ကြောက်လန့်တကြားထအော်သည်။

အယူသည်းသော မိခင်ဖြစ်သူ၏ ကြောက်လန့်တကြား တားမြစ်သံကြောင့် ကျော်ကျော် ရုတ်တရက် လန့်သွားသည်။

"မင်းကလည်းကွာ ဖြည်းဖြည်းပြောစမ်းပါ၊ ကလေးသ



www.burmeseclassic.com

www.burmeseclassic.com


သွားပါဦးမယ် ''

အောင်မော်က ဇနီးဖြစ်သူ၏ အယူသည်းမှုကိုစိတ်ပျက်လက်ပျက်ဖြင့် ဝင်ဟန့်တားလိုက်သည်။ သားအမိနှစ်ယောက်အာရုံပြောင်းသွားကြစေရန် ရည်ရွယ်ပြီး ကားကတ်ဆက်ကိုအသံထပ်ကျယ်လိုက်သည်။

''ကျွီ.... ကျွိ....ကျွိ...ကျွိ...''

''ဟ... ဘာသံကြီးလည်းဟ ''

ကားဆောင့်ဘောက်မှထွက်ပေါ်လာသော အသံကြီးကသီချင်းသံမဟုတ်။ အောင်မော်တို့အားလုံး ရုတ်တရက်ထိတ်လန့်သွားမိသည်။

'' ကျွီ.... ကျွိ....ကျွိ...ကျွိ...''

အသံကြီးက ကားထဲမှာဆက်တိုက်ထွက်ပေါ်နေသည်။ ဘာဖြစ်တာလဲအောင်မော်စဉ်းစားသည်။ အခွေညှပ်နေတာ။ဟုတ်သည်။ စီဒီခွေကစက်ထဲမှာ ညှပ်ပြီး ဒီအသံကြီးထွက်နေတာဟုချက်ချင်းတွေးလိုက်မိသည်။

'' မောင်ဘာဖြစ်တာလည်း ဘာသံကြီးလဲ ''

သီတာက ကားထဲရှိ ဆောင်းဘောက်များမှ ထွက်ပေါ်နေသော အသံကြီးကြောင့် ထိတ်လန့်တကြားဖြစ်နေသည်။

''ငြိမ်ငြိမ်နေ၊ ဘာမှဖြစ်တာမဟုတ်ဘူး၊ အခွေညှပ်နေတာ''


www.burmeseclassic.com

www.burmeseclassic.com



သားလေးကျော်ကျော့်ကို မွေးပြီးချိန်ကတည်းက ရန်ကုန်မန္တလေးခရီးပေါ်လာလျှင်သီတာက လေယာဉ်ခရီးသာ ရွေးချယ်ခဲ့သည်။ သီတာကဒီလမ်းကြီးကို ကလေးငယ်နှင့်မသွားချင်။ အောင်မော်ကတော့ အဓိပ္ပါယ်မရှိသော စိတ်စွဲ ကြောက်ရွံ့မှုတွေဟုထင်သည်။ ဒီလမ်းကြီးတွင်နေ့စဉ် လူထောင်ပေါင်းများစွာသွားလာနေကြသည်။ တခါတရံတိမ်းချော်မှုလေးများအပေါ် လူတွေက ချဲ့ကားပြောကြသည်။ ဒါတွေကိုကြောက်ရွံ့ရန်မလိုဟု ထင်မိသည်။ ထို့ကြောင့်ဒီတစ်ခါ မန္တလေးကရန်ကုန်အဆင်းကို ကားဖြင့်ဆင်းရန်အတင်းရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သားဖြစ်သူကျော်ကျော်ကလည်းကားဖြင့်သွားချင်သည်ဟု ဖခင်ဖြစ်သူဘက်မှ ပြောသဖြင့် နှစ်မဲတစ်မဲဖြင့် မအေဖြစ်သူ အရှုံးပေးခဲ့ရပြီး ကားဖြင့် ထွက်ခဲ့ကြခြင်းဖြစ်သည်။

ခုတော့ ကားဆောင်းဘောက်မှ အသံကြီးကြောင့်သီတာ အကြီးအကျယ် မျက်နှာပျက်နေသည်။ 'ဟက္ကျိကျွိ'အသံကြီးရပ်သွားစေရန်အောင်မော်အခွေထုတ်သည့်ခလုပ်ကိုနှိပ်သည်။ မရ။ အခွေက ထွက်မလာ။ 'တကျွိ‥ကျွိ' အသံကြီးကထွက်ပေါ်နေဆဲ။ ဟုတ်ပြီအခွေထုတ်လို့မရလျှင် အသံကို သုညမှတ်အထိလျှော့ချလိုက်မည်။ အောင်မော်က အသံအတိုးအကျယ်ခလုပ်ကို အနိမ့်ဆုံးအထိလျှော့ချလိုက်သည်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com


အောင်မော် ဒေါသထွက်သွားသည်။

"ဒီသောက်ကတ်ဆတ်တော့ကွာ"

အသံအတိုးအကျယ်ခလုပ်ကလည်း ပျက်နေပြန်သည်။

သုံးလေးကြိမ်မျှ ဟိုလှည့်ဒီလှည့်လုပ်လိုက်ရာ အသံက ပျောက်ကွယ် မသွားသည့်အပြင် 'ဝ႔ကျွီကျွီ' အသံကြီးကြား တွင်တီးတိုးစကားပြောသံများလိုလို၊ လူတွေအော်ဟစ်သံတွေ လိုလို မပီမိုးတဝါးကြားလာရသည်တွင် အောင်မော်ပါထိတ်လန့် သွားမိသည်။ ပါဝါခလုပ်ကို နှိပ်ပြီးပိတ်သည်မရ။ ကတ်ဆတ် ကပိတ်လို့မရဖြစ်နေသည်။ အသံတွေကဆက်တိုက်ထွက်ပေါ်နေ သည်။

"မောင် ဘာသံတွေလည်း၊ ဘာသံတွေလည်းဟင်"

သီတာကတော့ကတုန်ကယင်ဖြစ်နေပြီ။

" မဟုတ်ဘူး သီတာ၊ ခင်း အဲဒီလောက်တုန်လှုပ်မနေနဲ့၊ နောက်မှာ ကလေးပါတာကိုလည်း သတိထားဦး။ ကတ်ဆက် ပျက်ပြီး ရေဒီယိုလိုင်းနဲ့ပူးနေတာဖြစ်မှာပေါ့၊ ရှေ့နားမှာကားရပ်ပြီး ဝါယာကြိုးတွေ ဖြုတ်လိုက်ရင် ဘာသံမှထွက်မှာမဟုတ်တော့ ဘူး"

အောင်မော်ကဘေးဘီကိုတစ်ချက်ကြည့်ပြီးပြောလိုက် သည်။ ဒီနေရာမှာတော့ ဘယ်လိုမှရပ်လို့မဖြစ် အနီးပတ်ဝန်း ကျင်မှာလူနေအိမ်ခြေတွေလည်းမရှိ။ ဘေးဝဲယာရှိတောင်ကုန်း



www.burmeseclassic.com

www.burmeseclassic.com


ငယ်တွေ၏အရိပ်က ကားလမ်းပေါ်ထိုးကျနေကြသည်။ အောင်မော်ကသီတာ့လိုမမြင်ရသည့်အရာတွေကို မကြောက်၊ အမှောင်ခိုပြီးလုယက်တိုက်ခိုက်မည့် လူတွေကိုပဲကြောက်သည်။ ထို့ကြောင့်ဘယ်လိုမှ ပိတ်မရဘဲထွက်နေသော ဆောင်းဘောက်မှ အသံများကို ကြိတ်မှိတ်နားထောင်ရင်း ရှေ့လူခြေရှိသောနေရာအထိမောင်းပြီးမှ ဝါယာကြိုးတွေ ဖြုတ်မည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

"ကျွိ… ကျွိ… ကျွိ…အူး…အူး…ဝူး…အား"

အသံတွေကပိုဆိုးလာသည်။ အောင်မော်ကားကို အရှိန်မြှင့်လိုက်သည်။ သီတာကတော့ မျက်နှာပျက်လျက် ချောက်ချားဖွယ်အသံကြီးကို နားထောင်ရင်းသားဖြစ်သူအား လှည့်ကြည့်သည်။

"သား၊ ဒီအရှေ့ကိုလာမလား မေမေနဲ့အတူ စီးမလား"

ကျော်ကျော်က သူ့အမေပြောသော စကားကိုအရေးမထားကားထဲတွင်ထွက်ပေါ်နေသော အသံများကိုလည်း ထိတ်လန့်ပုံမပေါ်။ ပြူးကျယ်သောမျက်လုံးကလေးများဖြင့် ကားဘေးမှန်မှနေ၍အပြင်ကိုသာ စိုက်ငေးကြည့်နေသည်။

"ဟဲ့ သားဘာတွေ ငေးနေတာလဲ၊ မေမေ့ဆီ လာမလားလို့ပြောနေတယ်လေ။"

သီတာက ကတုန်ကယင်ဖြင့်အော်ပြောနေပြန်ရာ၊ အောင်မော်စိတ်ရှုပ်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကဲ တော်ပါကွာ၊ ကလေးသူ့ဘာသာသူနေပါစေ"

အပြင်ကိုငေးနေသော ကျော်ကျော်က ရုတ်တရက်

"ဖေဖေ၊ ကားဘရိတ်အုပ်သံကြီးက ဘာဖြစ်လို့ ကတ်ဆက်ထဲက ထွက်နေတာလဲ "

" သားကလည်းဘယ်ကဘရိတ်အုပ်သံရမှာလည်း ကတ်ဆတ်ပျက်သွားလို့ပါကွ"

တကယ်တော့ အောင်မော်ရော၊ သီတာပါ ထိုအသံကို ကားကြီးတစ်စီး ဘရိတ်အုပ်သံနှင့် တူသည်ဟု တွေးမိခဲ့ကြပြီး ဖြစ်သည်။ ကျော်ကျော်ကပါ ထပ်မံပြောလာသည့်အတွက် သီတာ တစ်ကိုယ်လုံးတုန်သွားသလို အောင်မော်ပင် ကျောရိုးတစ်လျှောက် စိမ့်ကနဲ ဖြစ်သွားမိသည်။ ကျော်ကျော်ကရိပ်ကနဲကျန့်ခဲ့သောလမ်းဘေးတစ်နေရာကို လက်ညှိုးထိုးပြီး

"ဖေဖေ ဟိုကောင်မလေး ကားတားနေတာကို ဘာဖြစ်လို့ရပ်မပေးတာလဲ ဟင် "

"ဟဲ့ သား လာစမ်း၊ မေ့မေ့ဆီကို၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ အဲဒါကြောင့် ပြောတာပေါ့ ကိုအောင်မော် ရှင့်ကို လေယာဉ်နဲ့ပဲ သွားပါမယ်လို့ ခုတော့ ဟင့် ဟင့် ဟင့်"

သီတာကငိုသံပါကြီးနှင့်ပြောသည်။

"ဟ ကလေးက မျက်စိမှားပြီး ပြောတာကိုပဲ မင်းက ငိုကြီးချက်မနဲ့၊ ဘာဖြစ်နေတာလည်း၊ ညခရီးဆိုတာ ဒီလိုပဲမျက်စိ


www.burmeseclassic.com

www.burmeseclassic.com


များတတ်ကြတာပဲကွ ”

“သား မျက်စိမမှားဘူး ဖေဖေ၊ အဲဒီကောင်မလေးသား တို့ကားကို တားနေတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါထပ်တွေ့ရင် ဖေဖေ့ကို သားပြမယ် ”

“ပြကွာ၊ ပြ ပြ၊ ဒီသားအမိနှစ်ယောက်နဲ့ကတော့ ဟုတ်နေပြီ”

သီတာကတော့ ကြောက်လန့်မှုကိုမထိန်းနိုင်ပေ။

“ကျော်ကျော်၊ လာစမ်း၊ မေ့မေ့ပေါ်မှာ လာထိုင်စီး”

ကျော်ကျော်ကရှေ့ကူရှင်နှစ်ခုကြားနေရာမှခွဝင်ပြီး မအေ ဖြစ်သူပေါ်တွင် ပြောင်းထိုင်လိုက်သည်။ ပတ်ဝန်းကျင်တွင် ကား သွားကားလာရှင်းလျက်ရှိသည်။ ကတ်ဆက်မှ မြည်နေသောအ သံဇလံများကိုလည်း နည်းနည်းကြာလာတော့ ခံနိုင်ရည်ရှိလာ သည်။

စောစောကမျက်ရည်အဝိုင်းသားနှင့် ကတုန်ကယင်ဖြစ်နေ သော သီတာပင်အနည်းငယ်တည်တည်ငြိမ်ငြိမ်ပြန်ဖြစ်လာသည်။ ရှေ့တစ်နေရာရာတွင်လုံခြုံရေးလှည့်ကင်း ဒါမှမဟုတ် လူနေအိမ် ခြေတွေ့ပါက ကားရပ်ပြီး ဝါယာကြိုးတချို့ကိုဖြုတ်လိုက်လျှင် အားလုံးကောင်းသွားပြီဟုသက်ပြင်းတစ်ချက်ချရင်း၊ အောင်မော် တွေးလိုက်မိသည်။ စိတ်အေးသွား၍လားမသိ၊ အောင်မော်ပြန်ပြီး အိပ်ငိုက်ချင်သလိုပင်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


အားလုံးတည်တည်ငြိမ်ငြိမ်ဖြစ်လာချိန်မှာပင် ရုတ်တရက်ဆိုသလို မသီတာရင်ခွင်ထဲမှ ကျော်ကျော်သည် စူးစူးဝါးဝါး ထအော်လိုက်သည်။

"ဖေဖေ၊ ရှေ့မှာ ကောင်မလေး၊ ဟိုကောင်မလေး"

အောင်မော်မျက်လုံးတွေ ပြူးသွားသည်။ ရှေ့ကို စိုက်ကြည့်လိုက်သည်။ ဘယ်မှာလဲ။ ဘာလဲ။ ကွန်ကရိကားလမ်းမကြီးပေါ်တွင် ရိပ်ကနဲလှုပ်ရှားသွားသောအရိပ်တစ်ခု။

"ဖေဖေရပ်လိုက် ..၊ ရပ်လိုက်..၊ ရှေ့မှာ..၊ ရှေ့မှာ"

ကျော်ကျော့်အသံက ပုံမှန်မဟုတ်။ သွေးရူးသွေးတမ်းဖြစ်နေသည်။ သီတာကတော့ တစ်ကိုယ်လုံးတောင့်တင်းပြီး သွေးဆုတ်ဖြူရော်နေသည်။ ထိုအချိန်မှာပင် ကျော်ကျော်ကအဆိုးရွားဆုံး တစ်ခုကို လုပ်လိုက်သည်။ စတီယာရင်ကိုင်ထားသည့်သူ့အဖေ၏ ညာလက်ကို လက်နှစ်ဘက်ဖြင့် အတင်းဆွဲကာ လှည့်ချလိုက်သည်။

"ကျွီ.. ကျွီ.. ကျွီ..ကျွီ...."

ကားကတစ်ပတ်လည်ထွက်သွားသည်။ အောင်မော့် ခြေထောက်က ဘရိတ်ကို အမိအရ နင်းလိုက်မိသည်။ ကားက အရှိန်ဖြင့်လမ်းပေါ်မှ လျှောထွက်သွားသည်။

"ဒုန်း... ဝုန်း"

မြောင်းဘောင်ဖြင့် တိုက်မိပြီး ရပ်တန့်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ကားရော လူတွေပါတိတ်ဆိတ်ငြိမ်သက်သွားသည်။

"အား၊ ကျွတ် ကျွတ် ကျွတ်.."

အောင်မော်ညည်းတွားပြီး သတိရလာသည်။ ကားထဲကို ကြည့်လိုက်တော့ဇနီးရောသားပါသတိလစ်နေသည်။ လက်ကိုင်ဖုန်းကိုရှာပြီး အရေးပေါ် ဖုန်းနံပါတ်ကို နှိပ်သည်။ လိုင်းမိသည်။ ကံကောင်းချင်တော့ ဆယ့်ငါးမိနစ်အတွင်း ကယ်ဆယ်ရေး အဖွဲ့ ရောက်လာသည်။ သီတာနှင့် ကျော်ကျော်ကို လူနာတင်ယာဉ်ပေါ် သယ်သွားကြသည်။ ကြီးကြီး ကျယ်ကျယ် ထိခိုက်မှုတော့မရှိဟု ယူဆကြကြောင်း သိရသည်။

ဆေးရုံရှိရာအနီးဆုံးမြို့ဆီသို့ ခေါ်သွားကြသည်။ ဟိုရောက်တော့ လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုကုသမှုတွေလုပ်ပေးကြပြီးမကြာခင် ကျော်ကျော်ရော၊ မသီတာပါသတိရလာကြသည်။ ထိုနေ့ညက ဆေးရုံတွင် အိပ်လိုက်ကြရသည်။ နောက်နေ့ သက်ဆိုင်ရာကစီစဉ်ပေးသောကားဖြင့်ရန်ကုန်အိမ်သို့ ချောချော မောမောပြန်ရောက်ကြသည်။ တကယ်တော့ဇာတ်လမ်းကထိုမျှ လောက်နှင့်ပြီးသွားသင့်သည်.။

♦ ♦ ♦ ♦ ♦

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ပြန်ရောက်ပြီး နှစ်ရက်မြောက်သောနေ့မှာပင် ထင်မှတ်မထားသော ဆိုးရွားမှုတစ်ခုနှင့် အောင်မော်တို့မိသားစုစတင် ကြုံတွေ့ခဲ့ရသည်။

◆ ◆ ◆ ◆ ◆

"အား"

မသီတာ၏ စူးစူးဝါးဝါးအော်သံက ရေချိုးခန်းအဝမှ ထွက်ပေါ်လာသည်။ အောင်မော်က မနက်ကမှ ပြန်ရောက်လာသော သူ့ကားကို စစ်ဆေးကြည့်ရှုနေရာမှ အိမ်ထဲပြေးဝင်သွားလိုက်သည်။

'ဟိုမှာ....ဟိုမှာ'

သီတာက ရေကိုတစ်မှုတ်ပြီးတစ်မှုတ်ခပ်ချိုးနေသော ကျော်ကျော်ကို လက်ညှိုးထိုးပြပြီး တုန်လှုပ်နေသည်။

"ဟ ဘာလဲကွာ၊ ကလေးရေချိုးနေတာကိုပဲ လန့်စရာလား၊ မင်းကလည်း ဒုက္ခပါပဲကွာ"

ကျော်ကျော်ကတော့ ဖအေနှင့်မအေရောက်နေသည်ကို သတိထားမိပုံမရ။ ရေကို စိတ်အေးလက်အေးနှင့် တစ်ခွက်ချင်းချိုးနေသည်။

"ဘာဖြစ်လို့ အော်တာလဲ၊ သီတာရယ် "



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးခန်းထဲက မှန်ကိုကြည့်လိုက် "

" အေး ကြည့်တယ်ကွာ၊ ဘာဖြစ်လဲ "

"မြင်လား"

"ဘာမြင်ရမှာလဲ၊ ကျော်ကျော်ရေချိုးနေတဲ့ပုံပဲပေါ်နေတာပေါ့ကွ "

" သေချာလား "

သီတာက တုန်တုန်ယင်ယင်နှင့်ပြန်မေးခွန်းထုတ်တော့ အောင်မော်စိတ်ပျက်သွားသည်။

"ကျွတ်..၊ သီတာမင်းတော့ကွာ "

"ကဲ...ကျော်ကျော်သားလည်းရေချိုးနေတာကြာပြီ၊ တော်တော့"

အောင်မော်ပြောသည်ကိုကျော်ကျော်က မကြားသလိုပင်။ ရေချိုးမပျက်။ ပါးစပ်မှ 'တအင်းအင်း'နှင့် သီချင်းပင်ညည်းနေလိုက်သေးသည်။ အောင်မော်နည်းနည်းဒေါကန်သွားသည်။

"ဟေ့ကောင်၊ တော်တော့လို့ ပြောနေတယ်လေ"

အောင်မော်က လေသံမာမာနှင့် ပြောလိုက်သည်။ ဒီလေသံမျိုးဆိုလျှင် ကျော်ကျော်ကြောက်သည်။ ကျော်ကျော်က ရေခွက်ကို ရေချိုးခန်းကြမ်းပြင်ပေါ် ဝှမ်းကနဲ ပစ်ချလိုက်ပြီး အောင်မော့်ကို ပြောင်ချော်ချော် တစ်ချက်လုပ်ပြပြီးမှ ရေချိုးခန်းထဲမှထွက်ကာအပေါ်ထပ်သို့ လှေကားကို တဒုန်းဒုန်းနင်းပြီးတက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ကျော်ကျော့်အပြုအမူကြောင့် ပထမတော့အောင်မော် ဒေါသထွက်သွားသည်။ နောက်တော့မှတစ်စုံတစ်ခုကိုစဉ်းစားမိသွားသည်။ ထိုစဉ်မှာပင်သီတာက ခြေဟန်လက်ဟန်ဖြင့်အိမ်ရှေ့ပန်းခြံကလေးထဲလာရန်ခေါ်သဖြင့်အောင်မော်လိုက်သွားသည်။

ပန်းခြံထဲရောက်တော့သီတာကလေသံတိုးတိုးဖြင့်

"စောစောက ရေချိုးခန်းထဲက မှန်ကိုကြည့်တော့ မောင်ဘာတွေ့လည်း၊ သီတာ့ကို အမှန်အတိုင်းပြော"

"ဟ ကျော်ကျော့်ပဲ တွေ့တာပေါ့ကွ၊ နေပါဦး၊ မင်းက ဘာတွေ့လို့လဲ၊"

"အမှန်အတိုင်းပြောရရင် မှန်ထဲမှာ တွေ့လိုက်တာ ကျော်ကျော့်ပုံ မဟုတ်ဘူး"

"ဟာကွာ၊ ကျော်ကျော့်ပုံမဟုတ်လို့ မင်းက ဘယ်သူ့ပုံတွေ့လို့လည်း၊"

သီတာက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး

"ကောင်မလေးတစ်ယောက်၊ မျက်နှာမှာသွေးတွေနဲ့"

"ဘာပြောတယ် သီတာ၊ အေး‥ မင်းကတော့ ဆရာဝန်နဲ့ပြရတော့မယ်၊ ကားမတော်တဆဖြစ်တုန်းက မင်းခေါင်းကိုနည်းနည်းထိသွားပုံရတယ်ပြီးတော့ ကျော်ကျော့်ကိုပါပြရင်ကောင်းမယ်ဒီကောင်လည်းပုံစံကဇာစ်မျိုးဖြစ်နေတယ်"

"ဘယ်လိုထူးခြားတယ်ထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကငါ့ဆရာ ကြောက်တတ်တဲ့ကောင်က ငါ့ကို ပြောင်ချော်ချော်လုပ်လို့ဟေ့"

"မဟုတ်ဘူးမောင် သီတာထင်တာကတော့…"

"မေမေ ထမင်းစားမယ်လေ "

ထိုစဉ်မှာပင်…..။

ကျော်ကျော့်အသံက သူတို့နောက်နားမှကပ်ပေါ်လာသည်။ သူတို့စကားပြောနေတုန်း ကျော်ကျော်သည် ကြောင်တစ်ကောင်လို ခြေသံလုံလုံဖြင့် ရောက်လာခဲ့သည်မို့လန့်သွားကြသည်။

"ကဲ သီတာသွား၊ သားကိုထမင်းလိုက်ကျွေး လိုက်လေ"

အောင်မော်က ပြောလက်စ စကားကိုရပ်ပြီးပြောလိုက်သည်။

သီတာက ကျော်ကျော်ကိုထမင်းစားခန်းထဲခေါ်သွားသည်။

မအေဖြစ်သူကိုလက်တွဲပြီး လျှောက်သွားသောကျော်ကျော်၏ စကားကြောင့် အောင်မော် မျက်မှောင်ကြုပ်ပြီးကျန်ခဲ့သည်။

"ဒီနေ့ရော အမဲသားချက်ပြီလား၊ မေမေ "

ဒီအိမ်မှာ အမဲသားဘယ်တုန်းကမှ မချက်တာကို ကျော်ကျော် ဘာလို့မေးနေတာလဲ။ အောင်မော်သက်ပြင်းတစ်ချက်ချလိုက်ပြီး တစ်ခုခုတော့ မှားယွင်းနေပြီဆိုတာကို တွေးလိုက်မိသည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်ထွန်းသည် သူငယ်ချင်းဖြစ်သူ အောင်မော် ပြောသမျှကို လေးလေးနက်နက်နားထောင်ပြီး သူ့ ထင်မြင်ချက်က ပြောသည်။

"မင်းမိန်းမရော၊ သားရောက ကားအက်ဆီးဒင့်တုန်းက ခေါင်းထိထားကြတယ်လေကွာ၊ အဲဒီတော့တစ်ခါတစ်လေ ခေါင်း မကြည်မလင်ဖြစ်တဲ့အခါ ထင်ယောင်ထင်မှားတွေမြင်တတ် ပြောတတ်တာ မဆန်းပါဘူး"

"အေးကွာ တင်ထွန်းရာ၊ မင်းပြောတဲ့အတိုင်းဖြစ်ပါစေ၊ ငါ့မိန်းမကလည်း မင်းသိတဲ့အတိုင်း ဟိုဟိုဒီဒီကိစ္စတွေဆို သိပ်အယုံ အကြည် ရှိတာ"

"ဘာဟိုဟိုဒီဒီလဲကွ၊ သရဲတစ္ဆေ ပရလောက ကိစ္စတွေ ကို ပြောတာလား"

"အေး၊ ဟုတ်တယ်"

"မင်းကရော နည်းနည်းလေးမှ မယုံဘူးလား"

"အေးကွာ၊ ငါကတော့ ဒီခေတ်ကြီးထဲမှာ အဲဒီလိုကိစ္စ မျိုးတွေကို မယုံဘူး"

ဒေါက်တာတင်ထွန်းက ခပ်ဟာဟာရယ်လိုက်သည်။

"အေးပေါ့ကွာ၊ ဒါတွေကတော့ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ပဲပေါ့"

အောင်မော်က မျက်မှောင်တစ်ချက်ကြုပ်ကာ ပြန်၍မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်သည်။

"နေပါဦး၊ မင်းကရော အဲဒီလိုကိစ္စတွေကိုယုံလို့လား"

"မယုံဘူးကွ၊ အေးမယုံဘူးဆိုတာက ရှမ်းပြည်နယ် ဘက်က ရွာကလေးတစ်ရွာမှာ တာဝန်မကျခင်တုန်းကကွ၊ အဲဒီနယ်စွန်နယ်ဖျားတွေမှာ တာဝန်ကျခဲ့တုန်းက 'ဦးနွံဖ' ဆိုတဲ့ ရှမ်းဆရာတစ်ဦးနဲ့ တွေ့ခဲ့ရတယ်။ သူနဲ့အတူထူးဆန်းတဲ့ ကိစ္စတွေမှာတစ်ခါနှစ်ခါလောက်လိုက်ပြီး ကိုယ်တွေ့ကြုံခဲ့တဲ့ နောက်ပိုင်းမှာ ငါတော့သရဲ တစ္ဆေကိစ္စ တွေကို ယုံကြည်လာခဲ့တယ်"

အောင်မော်က စိတ်ပျက်သောအမူအယာဖြင့် ဒေါက်တာတင်ထွန်းကို ပြောသည်။

"မင်းကလည်းကွာ၊ ဆရာဝန်တစ်ယောက် လုပ်နေပြီးတော့၊ တော် တော် ဟော့ကောင်၊ ငါ ပြန်တော့မယ်"

"ဟဲ ဟဲ၊ အေးပါကွာ၊ မင်းကလည်း ငါက ကိုယ်တွေ့ကြုံခဲ့ရသူမို့ပါ၊ အေး၊ တစ်ခုတော့ရှိတယ်၊ မင်းအိမ်မှာတစ်ခုခုထူးရင်တော့ ငါ့ကို ချက်ချင်း အကြောင်းကြားလိုက်"

"ဟော့ကောင်၊ ငါ့အိမ်မှာ ဘာမှ ထူးစရာလည်းမရှိဘူး ဆန်းစရာလည်းမရှိဘူး "

အောင်မော်က ဘုပြောပြီးအိမ်ပြန်လာခဲ့သည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီကျောင်းပိတ်ရက်ဆိုလျှင် ကျော်ကျော် ရှေ့တက်ရမည့် အတန်းအတွက် ဆရာမတစ်ယောက်နှင့် စာကြိုသင်လေ့ရှိသည်။ ဒါကိုကျော်ကျော်က မကြိုက်။ အမြဲတမ်းလိုလို စာလာသင်သည့်ဆရာမကို ကလန်ကဆန် လုပ်တတ်သည်။ ကျော်ကျော်တငါးတန်းဖြေထားတာမို့ ဒီနွေမှာဆရာမက ခြောက်တန်းစာကိုလာသင်ပေးသည်။

အောင်မော်အိမ်ပြန်ရောက်တော့ ဆရာမရောက်နေပြီးကျော်ကျော်ကို စာသင်နေသည်။ သီတာက သူ့အိမ်ထဲဝင်လာတာတွေ့တော့ လက်ယပ်ခေါ်သည်။

“ဘာလဲကွ ဟိုမှာဆရာမကိုတောင် နှုတ်မဆက်ရသေးဘူး၊ မင်းကဘာဖြစ်နေရပြန်ပြီလဲ”

“ရှင်ကလည်း ဒီမှာ ဘာတွေဖြစ်နေလည်းဆိုတာမသိဘဲနဲ့”

“ဟိုမှာရှင့်သား စာသင်နေတာ ငြိမ်နေတာပဲ”

“ဟ ငြိမ်တော့ကောင်းတာပေါ့ကွ၊ မင်းတို့ကလည်း ငြိမ်တော့လည်းငြိမ်လို့ လှုပ်တော့လည်းလှုပ်လို့နဲ့ ကလေးပဲကွ အတန်းကြီးလာတော့ စာကိုစိတ်ပါလာလို့ ဖြစ်မှာပေါ့”

“ကျွန်မပြောတာ အဲဒါမဟုတ်ဘူး၊ ရှင်ဒီကနေ အသာကြည့်နေ”

အောင်မော်လည်း သီတာကျွန်ုပ်စေရန်ကျော်ကျော်နှင့်



www.burmeseclassic.com

www.burmeseclassic.com


ဆရာမ စာသင်နေရာကိုလှမ်းကြည့်နေလိုက်သည်။ ဆရာမနာမည်က မကြူကြူ ဖြစ်သည်။ ကျော်ကျော်က 'တီချယ်ကြူ' ဟုခေါ်သည်။

ကျော်ကျော်က သူ့ဆရာမကိုစိုက်ကြည့်နေတာကိုတွေ့ရသည်။

"ကဲ၊ သား တီချယ်ကြူ့ကိုစိုက်ကြည့်မနေနဲ့၊ စာကိုရအောင်ကျက်လေ"

ကျော်ကျော်ကဆရာမစကားကိုဂရုမစိုက်။ ခပ်ပြုံးပြုံးဖြင့် ဆရာမကို စိုက်ကြည့်မြဲကြည့်နေသည်။ ကျော်ကျော့်အပြုံးက ဆရာမကို ထီမထင်သည့် အပြုံးမျိုး။ အောင်မော်က ကျော်ကျော်ကို ထိုသို့မလုပ်ရန် သွားပြောဖို့အလုပ် ကျော်ကျော့်စကားကြောင့် ခြေလှမ်းများတုန့်သွားရသည်။

"ဆရာမ ကျက်ခိုင်းတဲ့စာတွေ ကျော်ကျော်အကုန်ရပြီးသားပါ၊ ဆရာမ မသင်ရသေးတာတွေတောင်ရသေးတယ်ဆိုပြရမလား"

"အောင်မလေးကျော်ကျော်ရယ်၊ တီချယ်ကြူ့ကိုလာညာနေပြန်ပြီ"

"ကျော်ကျော်မညာပါဘူး၊ ဆိုပြနိုင်ရင် ကျော်ကျော့်ကို ဘာကျွေးမလဲ"

"အောင်မလေးကွယ်၊ ကျော်ကျော် စားချင်တဲ့ ကျွေးမှာ


www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွယ်"

"တကယ်လား"

"တကယ်ပေါ့"

"ကျော်ကျော့်ကို တီချယ်ကြီးအိမ်ခေါ်သွားပြီးထမင်းကျွေးမလား"

"တီချယ်ကြီးအိမ်မှာဟင်း မကောင်းဘူးကွယ့်"

"ကောင်းပါတယ်တီချယ်ကြီးအိမ်မှာအမဲသားချက်တာကျော်ကျော်သိတယ်။ တီချယ်ကြီးအမဲသားနဲ့ထမင်းစားလာတာ၊ ဗိုက်ထဲမှာအမဲသားတွေရှိနေတယ်"

ဆရာမသာမက အောင်မော်ရော၊ သီတာပါ ကျော်ကျော့်စကားကြောင့် စိတ်ထဲတွင်တစ်မျိုးကြီးဖြစ်သွားကြသည်။

ထိုစဉ်မှာပင် ကျော်ကျော်က မျက်လုံးကို စုံမှိတ်ပြီးသင်မထားရသေးသည့် သင်ခန်းစာမှစာများကို အလွတ်ဆိုပြနေသည်။ မျက်လုံးစုံမှိတ်ကာစာဆိုနေသော ကျော်ကျော့်ကို ကြည့်ပြီးမကြူမျက်နှာ ပျက်သထက်ပျက်လာသည်။

ကျော်ကျော့် မျက်နှာကိုအနီးကပ်မမြင်ရသော သီတာနှင့်အောင်မော်မှာမူ ကျော်ကျော့်အသံကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

ကျော်ကျော့်အသံက မိန်းကလေးတစ်ယောက်အသံလိုဖြစ်နေသည်။ ကျော်ကျော်က စာကိုနောက်တစ်ပုဒ် ပြောင်းဆိုရာ



www.burmeseclassic.com

www.burmeseclassic.com


ထိုစာမှာ ရှစ်တန်းသင်ခန်းစာမှ ဖြစ်နေသည်ကို အောင်မော်နှင့် မသီတာက သတိမထားမိသော်လည်း မကြျူကသိသည်။

"ရပြီ၊ ကျော်ကျော်ရပြီ၊ ကျော်ကျော်တော်တယ်၊ နောက်နေ့မှ တီချယ်ကြျူလာခဲ့မယ်၊ ဒီနေ့တော့ ဒီလောက်ပဲနော်"

"နေဦးလေ၊ ကျော်ကျော့်ကို အိမ်ခေါ်ပြီး အမဲသားကျွေးရမယ်လေ"

ကျော်ကျော်က ပြောပြောဆိုဆို မကြျူ၏လက်ကောက်ဝတ်ကို ဖမ်းဆွဲထားလိုက်သည်။ မကြျူက ကျိတ်ပြီး ရုန်းကြည့်သေးသည်။ မရ။ ကျော်ကျော်က သန်မာစွာ ဆွဲထားသည်။ မကြျူထိတ်လန့်နေပြီ။ မျက်နှာပျက်ပျက်ဖြင့် အိမ်ထဲကို လှမ်းကြည့်သည်။ အောင်မော်တို့လည်း အိမ်ထဲမှ ချက်ချင်းပြေးထွက်လာကြသည်။

"ဟေ့ကောင်၊ ကျော်ကျော် ဆရာမကို လွှတ်လိုက်လေ"

အောင်မော်က ခပ်ငေါက်ငေါက် ပြောသော်လည်း ကျော်ကျော်က ဂရုမစိုက်။ မကြျူလက်ကို သူ့လက်နှစ်ဘက်ဖြင့် မြဲမြဲစွာဆွဲကိုင်လျက်။ မကြျူမျက်နှာကို စူးစူးရဲရဲစိုက်ကြည့်ကာ

"စာဆိုပြီးပြီလေ၊ အမဲသားကျွေး"

မကြျူမှာ လက်ကနာကျင်လာသဖြင့် မျက်ရည်များဝိုင်းလာသည်။ အောင်မော်က ကျော်ကျော့်လက်ကိုအတင်းဆွဲဖယ်သည်။ ချက်ချင်းမရ။ သီတာကပါဝင်ဆွဲသည်။ မရ။ ကျော်ကျော်က မျက်လုံးများနီရဲပြီး အကြောကြီးများ ထောင်ထလာသည်အထိ


www.burmeseclassic.com

www.burmeseclassic.com


အကြောက်အကန် ဆွဲထားသည်။

"မကြွေးရင် ဗိုက်ကိုဖောက်မှာနော်"

ကျော်ကျော်က အံကြိတ်သံကြီးနှင့်ပြောသည်။ လက်ကို
လုံးဝမလွှတ်။ အောင်မော်ရော၊ မသီတာပါ ဘာလုပ်ရမှန်းမသိ
ဖြစ်ကုန်ကြသည်။

"သားစားချင်ရင် အမေချက်ကျွေးမယ်၊ တီချယ့်လက်ကို
လွှတ်လိုက်တော့နော်"

ရုတ်တရက်ပြောလိုက်သော သီတာ့စကားကြောင့် ကျော်
ကျော့်လက်ကို လွှတ်လိုက်သည်။

ပြုးတော့နီရဲသောမျက်လုံးများဖြင့် သီတာ့ဘက်လှည့်ကာ

"တကယ်ကျွေးရမယ်နော်"

"အေးပါသားရယ်၊ ကျွေးပါ့မယ်၊ ကျွေးပါ့မယ်"

သားဖြစ်သူကို ရင်ခွင်ထဲဆွဲသွင်းရင်း သီတာငိုလေတော့
သည်။ မကြုံလက်ပေါ်တွင် ကျော်ကျော့်လက်ချောင်းရာတွေ
ထင်းသားထင်သွားသည်။

ထိုနေ့ညနေကအောင်မော်တားနေသည့်ကြားမှပင် သီတာ
သည် အမဲသားတစ်တွဲကို သွားဝယ်ကာ ကျော်ကျော့်ကို ချက်ကျွေး
သည်။ အမဲသားဟင်းကိုအငမ်းမရ စားနေသောကျော်ကျော့်ကို
ကြည့်ပြီး အောင်မော်နှင့် သီတာ တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာတင်ထွန်းသည် အောင်မော်ပြောပြသမျှ ဂရုတစိုက် နားထောင်ပြီးခေါင်းတစ်ချက်ကုတ်ကာပြောသည်။

"အောင်မော် မင်းသားကိစ္စကဝေါ့ရမယ့်ကိစ္စ မဟုတ်ဘူး။ အချိန်မီ လုပ်ရကိုင်ရမယ့် သဘောရှိတယ်။ နောက်ကျသွားလို့မဖြစ်ဘူး။ အကောင်းဆုံးကတော့ ရှမ်းပြည်ကငါ့မိတ်ဆွေကြီး 'ဆရာနွံဖ'ကိုခေါ်မှဖြစ်မယ်။ ဒီကိစ္စမျိုးကသူနဲ့မှဖြစ်မယ်လို့ငါထင်တယ်။"

အောင်မော်လည်းစိတ်ရှုပ်စွာဖြင့် ဆံပင်ကို တစ်ချက်ထိုးဖွလိုက်ပြီး

"မင်း ကောင်းမယ်ထင်သလိုသာ လုပ်ပါတော့ကွာ၊ ငါတော့ ဘာတွေဖြစ်နေမှန်းကို မသိတော့ပါဘူးကွာ"

" အေးပါကွာ ငါဒီနေ့ပဲ ဆရာနွံဖကြီးကိုအကြောင်းကြားလိုက်မယ်၊ မင်းက အိမ်ကအခြေအနေတွေကို ထိန်းထား။ တတ်နိုင်သလောက်ချော့မော့ထားစေချင်တယ်။"

"အေးပါကွာ"

အောင်မော်ဒါပဲပြောနိုင်ပါတော့သည်။

◆ ◆ ◆ ◆ ◆

ကျော်ကျော့်အမူအရာတွေက သီတာ အမဲသားချက်ကျွေးပြီးနောက်ပိုင်း ပျော့ပျော့ပြောင်းပြောင်း ချိုချိုသာသာဖြစ်လာသည်။ အထူးသဖြင့် မိခင်ဖြစ်သူအပေါ် ချွဲနွဲ့ချိုသာလာသည်။


www.burmeseclassic.com

www.burmeseclassic.com


မကြျူလည်း ကျော်ကျော့်ကို မရဲတရဲနှင့် ပြန်လာပြီး စာသင်ပေးသည်။ ကျော်ကျော်ကတော့ ဆရာမ မကြျူနှင့်ဖြစ်ခဲ့သမျှကို ဘာမှ မမှတ်မိပုံမျိုး အေးအေးဆေးဆေးပင်။ အတန်းကျော်မှ စာများကို ဆိုပြခြင်းမျိုးလည်း မလုပ်တော့သဖြင့် အားလုံးဘာမှ မထူးခြားသလို ဖြစ်နေသည်။

ဒေါက်တာတင်ထွန်း၏ ရှမ်းပြည်နယ်မှ ဆရာကြီးနှံ့ဖဆိုသူလည်း ရောက်မလာသေး။ ထိုရက်အတွင်း ဆိုးဆိုးရွားရွား ဘာမှမဖြစ်၍ တော်ပါသေးရဲ့ဟု အားလုံးထင်နေကြစဉ်မှာပင် အောင်မော်တို့ အိမ်ဘေးသို့ လူသစ်များ ပြောင်းလာခဲ့သည်။ ပြောင်းလာသော ထိုမိသားစုတွင် ကျော်ကျော်ထက် တစ်နှစ်ခန့်ကြီးမည့် ကောင်မလေးတစ်ယောက်ပါသည်။ အောင်မော်တို့အိမ်နှင့် ထိုအိမ်ကြားတွင် သစ်သားစည်းရိုးတစ်ခုကို ကာထားပြီး စည်းရိုးပေါ်တွင် စက္ကူပန်းများပေါက်ရောက်နေသည်။ အိမ်သစ်တက်ပွဲသို့ ဖိတ်ကြားသဖြင့် အောင်မော်တို့ မိသားစုသုံးယောက်သွားကြသည်။ ကျော်ကျော်က ငယ်ငယ်တည်းက အရမ်းကြိုက်လှပါသည်ဆိုသော ရေခဲမုန့်ကို လက်ဖျားနှင့်တောင်မထိ။ ထိုအိမ်ကကောင်မလေးနှင့် အဖွဲ့ကျနေသည်။ ကောင်မလေးကလည်း တစ်ဦးတည်း သောသမီးဖြစ်သူမို့ အဖော်မင်ပုံရသည်။ လူကြီးတွေစကားပြောနေတုန်း ကျော်ကျော့်ကိုခေါ်ပြီး သူမ၏အရုပ်ကလေးများကို ကျော်ကျော်ကိုထုတ်ပြသည်။ အရုပ်ကလေးတွေက ဘိုမရုပ်


www.burmeseclassic.com

www.burmeseclassic.com


လှလှကလေးတွေ ဖြစ်သည်။ ကျော်ကျော်က အရုပ်ကလေးတွေကို တော်တော်သဘောကျပုံရသည်။ တကိုင်ကိုင်နှင့်။ လက်ထဲက မချတော့။ အားလုံးစားသောက်စကားပြောဆိုပြီး ပြန်ရန်နှုတ်ဆက်ကြတော့ အိမ်ရှင်ဖြစ်သူ ဒေါ်ခင်လေးက ထူးခြားသောစကားကို ပြောတော့အောင်မော်ရောမသီတာပါမျက်နှာပျက်သွားကြရသည်။

"မသီတာတို့ကလည်းသားပဲခေါ်လာတယ်၊ သမီးလေးပါ ခေါ်လာတာမဟုတ်ဘူး၊ အိမ်မှာတစ်ယောက်တည်း ထားခဲ့တာလား"

"ရှင်"

သီတာ့ထံမှ အာမေဋိတ်သံ။ အောင်မော်က ချက်ချင်းပင် ဖြေရှင်းသည်။

"မဟုတ်ဘူးအစ်မကြီးရ၊ ကျွန်တော်တို့မှာ သားတစ်ယောက်ပဲရှိတာပါ"

ဒေါ်ခင်လေးမျက်နှာမှာ ဇဝေဇဝါနှင့် အံ့ဩသွားပုံရသည်။ ဒေါ်ခင်လေးသာမဟုတ်။ သူ့မခင်ပွန်းဖြစ်သူရော၊ သမီးဖြစ်သူတို့ပါ အောင်မော်ကို အံ့အားသင့်သော မျက်နှာများနှင့် ဝိုင်းကြည့်နေကြသည်။ ဒေါ်ခင်လေးက အံ့ဩဟန်မပျောက်သေးဘဲ ထစ်ထစ်ငေါ့ငေါ့နှင့် အောင်မော့်ကိုပြောသည်။

"ဟို... ဟိုလေ... အစ်မတို့ ရောက်တဲ့နေ့က ကိုအောင်မော်တို့ အိမ်ဘက်ကိုကြည့်လိုက်တော့ ကျော်ကျော်


www.burmeseclassic.com

www.burmeseclassic.com

သာသာ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်လို့၊ ပြီးတော့ အစ်မတစ်ယောက်တည်းတွေ့တာလည်း မဟုတ်ဘူး၊ အစ်မအမျိုးသားရော၊ သမီးပါတွေ့ကြတာ။ အစ်မတို့ လှမ်းတောင် နှုတ်ဆက်လိုက်သေးတယ်''

သီတာမျက်နှာပျက်နေပြီး သွေးဆုတ်ဖြူလျော်နေပြီ။ ဒါကို အလိုက်ကမ်းဆိုးမသိသော ဒေါ်ခင်လေးက သက်သေတွေထုပြီး အမိအရ လျှောက်ပြောနေသည်။ ထူးခြားသောအခြေအနေကို ဒေါ်ခင်လေးအမျိုးသားကရိပ်စားမိသည်။

''ခင်လေးကလည်းကွာ ကာယကံရှင်တွေကိုတိုင်ကမဟုတ်ပါဘူးပြောနေတာ၊ ငါတို့အမြင်မှားတာဖြစ်မှာပေါ့၊ ဆောရီးကိုအောင်မော်၊ သူကအဲဒီလိုပဲ''

''ရပါတယ်ဗျာ၊ ကဲ ကျွန်တော်တို့သွားလိုက်ပါဦးမယ်''

အောင်မော်က နှုတ်ဆက်နေစဉ် ဒေါ်ခင်လေးတို့အိမ်တွင် မွေးထားသော 'ဂျက်ကီ' ဆိုသည့်ခွေးက ကျော်ကျော်ကိုကြည့်ကာ စူးစူးဝါးဝါး ထိုးဟောင်လေတော့သည်။

ခွေးက သွေးပျက်ပြီး ကျယ်လောင်စူးရှစွာ ဟောင်နေခြင်းဖြစ်သည်။ သီတာ့မျက်နှာမှာ ဇီးရွက်လောက်သာ ရှိတော့သည်။ အိမ်ရှင်ဖြစ်သူများလည်း အားနာပြီးရင်းအားနာဖြစ်ကာ သူတို့ခွေးကို အတင်းဆွဲပြီးအိမ်ထဲထည့်သည်။ ကျော်ကျော်ကခွေးကို လုံးဝမကြောက်။ ခပ်အေးအေးမင် ပြုံးကြည့်နေသည်။ ကျော်ကျော်


www.burmeseclassic.com

www.burmeseclassic.com


အကြည့်ကြောင့် ဂျက်ကီမှာ တဆတ်ဆတ်တုန်ကာအမြီးကုပ်သွားပြီး တအီအီ အော်ဟစ်နေတော့သည်။

ကုပ်ချောင်းချောင်းဖြစ်သွားသော ခွေးကလေးကို ကြည့်ပြီးအောင်မော်တို့ကခွေးရှင်ကိုပြန်အားနာသွားရသည်။

" အစ်မရယ်၊ သားကဟိုတစ်လောက ကားမတော်တဆဖြစ်ပြီးကတည်းကနည်းနည်းနေမကောင်းဖြစ်နေတာ"

ထို့နောက်မအေနှစ်ယောက် အတိုင်အဖောက်ညီညီဖြင့်နှစ်ဦးနှစ်ဘက်အစဉ်ပြေအောင်ပြောကာ နှုတ်ဆက်လိုက်ကြသည်။ ကျော်ကျော်က အိမ်ပြန်ရောက်သည်နှင့် အိမ်ပေါ်ထပ်ရှိသူ့အခန်းထဲဝင်သွားတော့သည်။ အောင်မော်နှင့် သီတာ တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းပြိုင်တူချလိုက်ကြသည်။

"ကဲ- မောင်အဖြစ်အပျက်တွေကတော့ မောင်လည်းတွေ့တဲ့အတိုင်းပဲ၊ သီတာတို့ တစ်ခုခုလုပ်မှရမယ်"

"အေးဖါကွာ၊ မောင်လည်း မောင့်သူငယ်ချင်း ဒေါက်တာတင်ထွန်းနဲ့ တိုင်ပင်ပြီး အကောင်းဆုံးဖြစ်အောင်စီစဉ်ထားပါတယ်"

"မဟုတ်ဘူးမောင်၊ ဒီကိစ္စက ဆရာဝန်နဲ့ပြရမယ့်ကိစ္စမဟုတ်ဘူး"

"ဒီမှာသီတာ၊ မင်းဘာကိုဆိုလိုချင်တယ်ဆိုတာသိတယ်၊


www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းကနေတဆင့် သူနဲ့ရှမ်းပြည်နယ်မှာသိကျွမ်းခဲ့တဲ့ ဆရာနံ့ဖ ဆိုတဲ့လူကို လှမ်းခေါ်ထားတယ်။ ဆရာနံ့ဖက ခုလိုအဖြေရှာမရတဲ့၊ ထူးဆန်းတဲ့ ကိစ္စမျိုးတွေမှာ အတွေ့အကြုံအများကြီးရှိတဲ့ လူတစ်ယောက်ပဲ။ သူရောက်လာရင်တော့ သားနဲ့ပတ်သက်တဲ့ ကိစ္စတွေအားလုံး ပြေလည်သွားလိမ့်မယ်လို့ ထင်တာပဲကွာ"

"အင်း မောင်ပြောသလိုဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ"

◆ ◆ ◆ ◆ ◆

ထိုနေ့ညက လင်မယားနှစ်ယောက်စလုံး ညဉ့်နက်သည်အထိအိပ်မပျော်ကြ။ ကျော်ကျော်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေသောထူးခြားမှုများကို ပြန်လည်စဉ်းစားနေမိကြသည်။

"ဟို ဒေါ်ခင်လေးဆိုတဲ့ မိန်းမကြီးကလည်းဘာကြောင်တာလဲ၊ သီတာတို့မှာကျော်ကျော်တစ်ယောက်ပဲရှိတဲ့ဟာကို၊ ဒီအိမ်ရှေ့မှာကောင်မလေးတစ်ယောက်တွေ့တယ်လေးဘာလေးနဲ့၊ သူကအဲဒီလိုပြောလိုက်တော့ဘာမှန်းမသိဘူး၊ လူဖြင့်တစ်ကိုယ်လုံးကြက်သီးတောင်ထသွားတယ်။ ဘာဖြစ်လို့လည်းသိလား၊ တစ်ခါတုန်းကကျော်ကျော်ရေချိုးနေတုန်းရေချိုးခန်းထဲကမှန်ကို လှမ်းကြည့်လိုက်တာ။ မှန်မှာထင်နေတဲ့ အရိပ်ကကျော်ကျော်မဟုတ်ဘူး၊ ကောင်မလေးတစ်ယောက် "

"အေးပါကွာ၊ ဟိုတစ်ခါဖြစ်တာကိုမောင်လည်းသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မသိသေးတာတစ်ခုကို ပြောပြရမလား၊ ဟိုတစ်ခါသူတို့ချယ်ကြူကို သူမသင်ဘူးသေးတဲ့ စာတွေဆိုပြပြီး အမဲသားစားချင်လို့ လက်ကိုအတင်းဆွဲထားတုန်းကလေ"

"အေးလေမင်းပဲ မောင်အတင်းတားနေတဲ့ကြားက ဈေးကနေ အမဲသားတစ်တွဲဝယ်ပြီး အတင်းချက်ကျွေးခဲ့တာလေ"

"အဲဒီညနေက သူ့ကိုအမဲသားနဲ့ ထမင်းအဝကျွေးတာ မောင်လည်းသိမှာပါ"

"အင်း သိတယ်လေ၊ အဲဒါဘာဖြစ်လဲ"

မသီတာက သူ့စကားကို လေသံတိုးတိုးကလေးနှင့် ဆက်ပြောသည်။

"မောင်မသိလို့ အဲဒီညက ကျော်ကျော် ညသန်းခေါင်လောက်မှာ တစ်ယောက်တည်း တိတ်တိတ်ကလေးထလာပြီး အမဲသားအကျန်တွေကို ဟင်းအိုးကြီးရှေ့ချပြီး တစ်ယောက်တည်း မှောင်ကြီးထဲမှာ ထိုင်စားနေတာ၊ မျက်စိနဲ့တပ်အပ် မြင်ခဲ့တယ်။ အဲဒီကတည်းက သီတာ့စိတ်ထဲမှာ ကျော်ကျော်နဲ့ပတ်သက်ရင် တမျိုးကြီးပဲ"

သီတာသည်စကားကို လေသံကလေးနှင့် တိုးတိုးကလေး ပြောနေရာမှ ရှိုက်သံစွက်လာပြီး မျက်လုံးတွင် မျက်ရည်များ ရစ်ဝဲလာသည်။ သူတို့အခန်းကလေးထဲတွင် ညအိပ်မီးလုံးမှိန်မှိန် ဖျော့ကလေးထွန်းထားသည်မို့ မှိန်ဖျော့ဖျော့မီးရောင်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သီတာ့မျက်ဝန်းထဲမှ မျက်ရည်စများကို အောင်မော်မြင်ပြီး စိတ်မကောင်းဖြစ်မိသည်။ သီတာက စိတ်ကိုတင်းလိုက်ပြီးစကားကို ဆုံးအောင်ဆက် ပြောသည်။

"သားလေး…ကို ကြည့်ရတာလေ၊ ကားအက်ဆီးဒင့်ဖြစ်ပြီးကတည်းကသူမဟုတ်သလိုပဲ သီတာတို့သားလေးမဟုတ်သလိုပဲ မောင်ရယ်၊ သီတာက မအေပါ၊ ကိုယ့်သား အကြောင်းကို ကောင်းကောင်းသိတာပေါ့မောင်ရယ်၊ ဟင့်.. ဟင့်..ဟင့် "

သီတာသည် ရှိုက်ကာ ရှိုက်ကာငိုကြွေးနေလေပြီ။

ထိုစဉ်မှာပင်အပေါ်ထပ် ကျော်ကျော်အခန်းထက်မှခြေသံတရုပ်ရုပ်ကို ကြားလိုက်ရ၍ နှစ်ယောက်သားစကားစပြတ်သွားသည်။ ကျော်ကျော်မအိပ်သေးဘဲဘာတွေလုပ်နေတာလဲ။ နှစ်ယောက်စလုံး ပြိုင်တူစွေးလိုက်မိသည်။

"လာ သီတာ ကျော်ကျော်ဘာ့တွေလုပ်နေလဲဆိုတာ သွားချောင်းရအောင်"

နှစ်ယောက်သားခြေဖွနင်းကာ လှေကားမှဖြည်းဖြည်းခြင်း တက်ခဲ့ကြသည်။ လှေကားက ညှို့ခန်းအလည်လောက်တွင် တတောင်ဆစ်ချိုး တည်ဆောက်ထားခြင်းဖြစ်သည်။ လှေကားထိပ်ရောက်သည်နှင့် အိမ်ပေါ်ထပ်တစ်ခုလုံးကို ကြည့်လိုက်ကြရာ ဘာမှမထူးခြား။ မီးတွေ အကုန်မှိတ်ထား၍ မှိန်ပြပြ ညအလင်းရောင်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


"လာ သူ့အခန်းကို သွားကြည့်ကြရအောင်"

အောင်မော်က သီတာကိုလက်ဆွဲပြီး ကျော်ကျော်အခန်းရှေ့ ခေါ်သွားလိုက်သည်။ အခန်းဝရောက်တော့ ခေါင်းပြူပြီး အသာချောင်းကြည့်လိုက်ကြသည်။

"ဟင်"

နှစ်ယောက်သားအံ့သြသွားကြသည်။ ကျော်ကျော့်ကို အခန်းထဲမှာမတွေ့ရ။ ကျော်ကျော်အိပ်ခန်း ပြတင်းတံခါးပွင့်နေသည်ကို တွေ့လိုက်ကြရ၍ ပြတင်းပေါက်သို့ ခပ်မြန်မြန် သွားကာ ငုံ့ကြည့်လိုက်ကြသည်။

ဘာမှ အရိပ်အယောင်မတွေ့ကြသဖြင့် စိုးရိမ်သွားကြသည်။ အောင်မော်က တစ်အိမ်လုံးရှိ မီးတွေကို အကုန်လိုက်ဖွင့်သည်။ ရေချိုးခန်းတွေအိမ်သာတွေ အပေါ်ထပ်ပြီးတော့ အောက်ထပ်ပြန်ဆင်းကာရှိသမျှ အခန်းတွေကို လိုက်ရှာကြည့်သည်။ ကျော်ကျော့်အရိပ်အယောင်မျှမတွေ့။

"မောင် ဘယ်လိုလုပ်ကြမလဲ၊ သားဘယ်ရောက်သွားလဲ"

သီတာက တုန်လှုပ်ချောက်ခြားသောလေသံနှင့်မေးသည်။

အောင်မော်ကလက်ကာပြပြီး

"တိတ်တိတ်နေ၊ အပေါ်ထပ်ကခြေသံကြားရပြန်ပြီ"

လေသံကလေးနှင့်ပြောပြီး ချက်ချင်း လှေကားမှ ပြေးတက်သွားကြသည်။ ဘာမှမတွေ့ရ။ ကျော်ကျော့် အခန်းဝသို့



www.burmeseclassic.com

www.burmeseclassic.com


အပြေးသွားကာ အခန်းထဲသို့ ကြည့်လိုက်ရာ ကျော်ကျော်သည် ကုတင် ပေါ်တွင်ကွေးကွေးကလေး အိပ်နေသည်။ သီတာကအိပ်ခန်းတွင်းမှ မီးချောင်းကို ဖွင့်လိုက်ပြီး ကျော်ကျော်ကို ကြည့်သည်။ ကျော်ကျော်အိပ်မောကျနေသည်ကိုတွေ့ရသဖြင့် စိတ်ထဲတွင်မချင့်မရဲဖြစ်ကာ ကျော်ကျော့်ကို လှုပ်နှိုးလိုက်သည်။

"သား ကျော်ကျော် ထစမ်း"

သီတာက ကျော်ကျော့်လက်မောင်းကိုကိုင်ကာလှုပ်နှိုးသည်။ ကျော်ကျော်က နည်းနည်းကလေးမှမလှုပ်။ သီတာ ထိတ်လန့်လာသည်။ ကျော်ကျော့်လက်မောင်း တစ်ခုလုံးကရေခဲတုံး တစ်တုံးလို အေးစက်နေသည်။

"မောင် လာပါဦး၊ သားလေးကို နှိုးကြည့်ပါဦး"

အောင်မော်လည်း ထိတ်လန့်တကြားဖြင့် ကျော်ကျော့်တကိုယ်လုံးကို ပွတ်သပ်ကာနှိုးသည်။ ကျော်ကျော့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။ အခြေအနေမကောင်း။

"သွားစမ်း သီတာ၊ ဒေါက်တာတင်ထွန်းဆီ ဖုန်းဆက်၊ ကျော်ကျော့် အခြေအနေမကောင်းဘူးလို့ပြော"

သီတာက တယ်လီဖုန်းရှိရာ မသွားနိုင်။ ဒူးတွေပျော့ခွေပြီး ကျော်ကျော့်ကုတင်ဘေးတွင် ဒူးထောက်ကျသွားသည်။

"သား သားလေးရယ်၊ မေမေခေါ်နေတယ်လေကွယ်၊ ထပါဦး၊ သားလေး ကျော်ကျော်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com


သီတာ့မျက်ရည်စက်တို့က ကျော်ကျော့် ရင်ဘတ်ပေါ် တစက်ပြီး တစ်စက်ကျကုန်သည်။ မျက်ရည်တစ်စက် ထိတွေ့လိုက်တိုင်း ကျော်ကျော်တုန်သွားသည်။ ထိုအထိအတွေ့ကသီတာကို အားတက်စေသည်။

"မောင်..သားလေး....သားလေး.."

ကျော်ကျော်နှုတ်ဖျားမှ အသံတစ်ခုထွက်လာသည်။

"မေမေ"

ထို့နောက် မျက်လုံးဖွင့်ကြည့်သည်။ ကျော်ကျော့်အကြည့်တို့ကသီတာ့ကို မြင်ပုံမပေါ်။ မျက်လုံးအစုံသည် ကြောက်လန့်မှုတို့ဖြင့် ချာချာလည်နေသည်။

"သား"

ကျော်ကျော် မျက်လုံးတွေ ပြန်မှိတ်သွားသည်။ ပြီးတော့ ဖျတ်ကနဲ ပြန်ပွင့်လာသည်။ ဒီတစ်ခါမျက်လုံးအစုံက စူးရဲတောက်ပနေသည်။ မျက်နှာတွင်လည်းထီမထင်အပြုံးနှင့်။ ထိုအေးစက်စက်အပြုံးကို ဘာကြောင့်မှန်းမသိ။ သီတာ ထိတ်လန့်သည်။ ကျော်ကျော့်ကို ရင်ခွင်ထဲ ပိုက်ထားရာမှ မွေ့ယာပေါ် ပြန်ချထားလိုက်သည်။

"သားနိုးလာပြီလား"

အောင်မော်က စိတ်ကိုထိန်းချုပ်ထားသည့် လေသံနှင့် ကျော်ကျော့်ကိုကြည့်ကာ မေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ကျော်ကျော်ကအပြုံးမပျက် ခေါင်းကို အသာအယာငြိမ့်ပြသည်။

"သား စောစောက ဘယ်သွားနေတာလဲ"

"ဘယ်သွားလို့လဲဖေဖေ သားဒီမှာပဲ အိပ်နေတာလေ"

ကျော်ကျော်က မျက်လုံးကလေးအဝိုင်းသားနှင့် ပြန်ဖြေသည်။

အောင်မော်သက်ပြင်းချရပြန်သည်။

"အေး..ဖေဖေတို့က ပေါ်ထပ်က ခြေသံ ကြားလို့၊ သူခိုးတွေ ဘာတွေများဝင်နေလားလို့ စိုးရိမ်လို့ပါကွာ၊ ဖေဖေတို့နဲ့ လိုက်အိပ်မလား"

"ရတယ်ဖေဖေ၊ သားဒီမှာပဲ အိပ်ပါ့မယ် "

ကျော်ကျော်က ဘာမှအများအယွင်းမရှိ မျက်လုံးဝိုင်းကလေးနှင့် ပြန်ဖြေသည်။ လင်မယားနှစ်ယောက် အတွေးပေါင်းများစွာနှင့် အောက်ထပ်အိပ်ခန်းထဲ ပြန်သွားကြသည်။

◆ ◆ ◆ ◆ ◆

"အောင်မလေး၊ လုပ်ကြပါဦး၊ ကျွန်မသားလေးကို ကယ်ကြပါဦး၊ အောင်မလေး အဖြစ်ဆိုးလှချည်လား သားလေးရယ်"

တစ်ဖက်ခြံမှ ဒေါ်ခင်လေးအသံက စောစောစီးစီး ကျယ်လောင်စွာထွက်ပေါ်လာသည်။ အောင်မော်နှင့် မသီတာတို့လည်း ထိတ်လန့်ပြီးနိုးလာကြကာ တစ်ဖက်ခြံသို့ ချောင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဝေါ့"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သီတာမှာလည်ချောင်းတွင်တစ်ချက်ပို့တက်သွားသည်။ ဒေါ်ခင်လေးတို့ တစ်အိမ်လုံးသဲသဲလှုပ်ချစ်ကြပါသည်ဆိုသည့် ခွေးလေးဂျက်ကီမိုက်ပွင့်ကာ အူတွေအခွေလိုက်ထွက်ပြီးသေနေသည်။

"လာ..လာ သီတာ၊ ကြည့်မနေနဲ့၊ စောစောစီးစီး"

အောင်မော်က တုန်ယင်ထိတ်လန့်နေသော သီတာ့ကို ခြံစည်းရိုးနားမှဆွဲခေါ်သည်။

"ဒါဘယ်သူ့လက်ချက်ဖြစ်မလဲမောင်"

"ဟ..သီတာ၊ ခွေးတစ်ကောင်သေတာပဲ ဘယ်သူ့လက်ချက်ပဲဖြစ်ဖြစ်ပေါ့"

"တော်တော့ မောင်၊ အဲဒီခွေးက ဟိုနေ့က အိမ်သစ်တက်ပွဲတုန်းက ကျော်ကျော်ကို သဲကြီးမည်းကြီးထိုးဟောင်တာမှတ်မိသေးလား"

"အေး ဟောင်တယ်လေ၊ အဲဒါဘာဖြစ်လဲ"

"ကျော်ကျော်က ပြုံးပြုံးလေးပြန်ကြည့်နေတာရော မှတ်မိလား၊ ညက ကျော်ကျော်အိပ်ယာထဲက တော်တော်ကြာကြာပျောက်နေတာရယ်၊ ဒီမနက်အဲဒီခွေးအူပွင့်ပြီးသေနေတာရယ်၊ ဆက်စပ်ကြည့်လိုက်ရင် ဘယ်သူ့လက်ချက်ဆိုတာ ရှင်းနေတာပဲ"

အောင်မော် မျက်မှောင်တစ်ချက်ကြုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကဘာလဲညီး၊ ငါတို့က အချိန်မတော်သူများခြံထဲခိုးဝင်ပြီး ခွေးတစ်ကောင်ကို ဖိုက်ခဲ့သတ်လိုက်တယ်လို့ပြောချင်တာလား"

သီတာက အံကို တင်းတင်းကြိတ်လိုက်သည်။

"ငါတို့သားဟုတ်လား မောင်၊ ဒီမှာ သီတာ့ခံစားချက်အတိုင်းပြောရရင်တော့ သီတာတို့သားဆိုတာ ကားမတိုက်ခင်တုန်းကတော့ ဟုတ်တယ်၊ ကားတိုက်ပြီးနောက်ပိုင်းမှာ ဒီကလေးဟာ ကျော်ကျော် မဟုတ်သလိုပဲ၊ ပြီးတော့တစ်ခုခုအကြီး အကျယ်မှားနေတယ်။ ဘာဆိုတာတော့ သီတာ မပြောပြတတ်ဘူး။ မှားနေတာတော့ သေချာတယ်"

သီတာ့စကားအဆုံးမှာပင် ကျော်ကျော်က ခြံထဲထွက်လာသည်ကို လင်မယားနှစ်ယောက်လုံး တွေ့လိုက်ကြရသည်။ ကျော်ကျော့်လက်ထဲတွင် ဘိုမရုပ်လှလှလေးတစ်ရုပ် ဆွဲကိုင်ထားသည်။ ထိုအရုပ်မှာကျော်ကျော့် အရုပ်မဟုတ်။ ကျော်ကျော်တွင် ထိုကဲ့သို့ မိန်းကလေးအရုပ် ဘယ်တုန်း ကမှ မရှိခဲ့။ ထိုအရုပ်ကို မြင်ဘူးသလိုရှိသည်ဟု နှစ်ယောက်စလုံး စဉ်းစားမိကြပြီး ချက်ချင်းပင်သတိရသွားကြသည်။ ဟုတ်သည်။ ဟိုဘက်အိမ်က ကောင်မလေးအရုပ်။ သူတို့အိမ်သွားတုန်းက ကျော်ကျော့်ကို ထုတ်ပြသည့်အရုပ်။

"ဟာ ⋯ လုပ်လုပ် သီတာ ကျော်ကျော့်ကို အိမ်ထဲသွင်း၊



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေတော့ တက်ကုန်တော့မှာပဲ"

သီတာကကျော်ကျော့်ကိုအိမ်ထဲဆွဲသွင်းသည်။ ကျော်ကျော်ကလက်ကိုဆောင့်ရုန်းပြီးမအေဖြစ်သူကိုခပ်တည်တည်ကြည့်သည်။

"ခြံထဲမှာဆော့မလို့ခုမှထွက်လာတာ၊ အိမ်ထဲမဝင်ချင်သေးဘူး"

ကျော်ကျော်က ပြောပြောဆိုဆို ခြံထဲထွက်သွားသည်။

"ဟော့ကောင် ကျော်ကျော်၊ အိမ်ထဲဝင်လို့ပြောနေတယ်"

အောင်မော်က စိတ်တိုတိုနှင့် ကျော်ကျော့်ကိုအော်ငေါက်လိုက်သည်။ ကျော်ကျော်က အောင်မော့်ကို မကြောက်သည့်အပြင် ခပ်ပြုံးပြုံးကလေး စိုက်ကြည့်နေသည်။ ထိုအကြည့်ကြောင့် အောင်မော့်ရင်ထဲ ထိတ်ကနဲဖြစ်သွားရသည်။ အောင်မော့်မျက်စိထဲ မိုက်ပွင့်ပြီးသွေးအိုင်ထဲလဲနေသော ခွေးလေးဂျက်ကီကို ဖျတ်ကနဲ မြင်ယောင်မိသည်။ စိတ်ပိုတိုသွားပြီး ကျော်ကျော့်လက်ကို အတင်းဆွဲကာအိမ်ထဲသို့ခေါ်ခဲ့လိုက်သည်။ လူကြီးအားမို့ ကျော်ကျော်မရုန်းနိုင်။ တရွတ်တိုက်ပြီးပါလာသည်။ အောင်မော်ကကျော်ကျော့်ကို အိမ်ပေါ်ထပ်အခန်းထဲသို့ထည့်ထားလိုက်ပြီးအခန်းတံခါးကိုဂျက်ချထားလိုက်သည်။

သီတာပါ ရောက်လာပြီးအခန်းအပြင်မှနေ၍ ကျော်ကျော့်အသံကို နားစွင့်နေကြသည်။ ဘာသံမှ မကြားရ။ အောင်မော်က စိတ်ရှုပ်ရှုပ်နှင့်သီတာ့ကိုခေါ်ပြီး အောက်ထပ်ဧည့်ခန်းတွင်ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com


ကျော်ကျော့်အခန်းမှ ဘာသံများထွက်လာမလဲဟု နားစွင့်နေလိုက်ကြသည်။ တိတ်ဆိတ်လျက်။

"တော်သေးတာပေါ့၊ ဟိုဘက်အိမ်ကသာ ကျော်ကျော်အရုပ်ကိုင်တားတာ လှမ်းမြင်သွားရင်တော့ ရှင်းရခက်ပြီ"

ဒေါ်ဘာက လေသံတိုးတိုးလေးဖြင့် ပြောသည်။

"အေး၊ ငါတို့ကို ဖောက်ထွင်းမှုနဲ့တောင် တရားစွဲနိုင်တယ်၊ ပြီးတော့ သူ့ခွေးကို မိုက်ပွင့်ပြီး သေအောင်လုပ်တာလည်း ငါတို့လို့တစ်ပ်အပ်ပြောတော့မှာ"

အောင်မော်ကစိတ်လှုပ်ရှားမှုကို ကြိုးစားထိန်းချုပ်ရင်းပြောသည်။

"ကျော်ကျော်ညက ဟိုဘက်အိမ်ကို ခိုးဝင်ပြီး ခွေးကိုသတ်တာ၊ အရုပ်ကိုယူတာ သေချာနေပြီပေါ့၊ ဘုရား..ဘုရား၊ လူတွေဘာတွေများ သတ်ခဲ့ရင် . .."

ဒေါ်ဘာက ရင်ဘတ်ကို လက်နှင့်ဖိပြီး ဘုရားတသည်။

အောင်မော်က အတန်ကြာတိတ်ဆိတ်နေပြီးမှ ..။

"မင်းပြောတာဟုတ်တယ်၊ သီတာအခုပေါ်ဝ ဒ်အခန်းထဲမှာ ရှိနေတာ ကျော်ကျော်တော့ ကော်ကျော်၊ ဒါပေမယ့်ငါ ယ်တို့ဘ ား ကျော်ကော်မဟုတ်ဘူးဆိုတာသေ ချာသွားပြီ၊ သေချာ အောင်သွားကြည့်ကြ"

◆ ◆ ◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com


အောင်မော်က ကျော်ကျော်ရှိရာ အပေါ်ထပ်အခန်းသို့ ပြန်တက်သွားသည်။

"ဒေါက်…ဒေါက်…ဒေါက်"

အခန်းထဲက ဘာမှမတုန့်ပြန်။ တိတ်ဆိတ်နေသည်။ အခန်းထဲမှာ ကျော်ကျော်မှ ရှိသေးရဲ့လားဟုပင်တွေးမိကြသည်။

"သား ကျော်ကျော် ဘာလုပ်နေလဲ၊ သားထမင်းစားတော့မလား"

သီတာက အသံပြုသော်လည်း အခန်းထဲမှ တုန့်ပြန်မှုမရှိ။

အောင်မော်က တံခါးဂျက်ကို အသာဖြုတ်ပြီး တံခါးကို ဖွင့်လိုက်သည်။

" ကျော်ကျော် "

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် နှစ်ယောက်သားလန့်အော်မိကြသည်။ ကျော်ကျော်က တဖက်အိမ်မှနိုးယူထားသည့် မွေးပွအရုပ်ကြီးကို ဓားဖြင့် တစ်ချက်ပြီးတစ်ချက်ထိုး စိုက်ကာ ဖျက်ဆီးနေသည်။ မျက်လုံးအစုံက တံခါးဝကိုစိုက်ကြည့်နေသည်။ ကျော်ကျော့်မျက်လုံးမှသူငယ်အိမ်အမည်းကပျောက်နေပြီး မျက်သား ဖြူဖြူကြီးသာမြင်ရသည်။ အောင်မော်က သီတာ့ကို အခန်းအပြင် ပြန်တွန်းထွက်လိုက်ပြီး သတိဖြင့်ကျော်ကျော်ထံကပ်သွားသည်။ ကျော်ကျော်ကအနားကပ်လာသောအောင်မော့်ကိုဂရုမထား။ အရုပ် ကိုသာဓားဖြင့်တစ်ချက်ပြီးတစ်ချက် အားရှိပါးရှိ ထိုးစိုက်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


မီးဖိုချောင်ကစားကို ဘယ်အချိန်ကတည်းကယူထားမှန်းမသိ။ ကျော်ကျော့်လက်ထဲတွင် ဓားရှိနေခြင်းကအန္တရာယ်အလွန်များသည်ကို အောင်မော်သိသည်။ ထို့ကြောင့် ဓားကိုအမိအရယူရန် ကျော်ကျော့်နားတဖြေးဖြေးချင်းတိုးကပ်သွားလိုက်သည်။ ရောက်ပြီ။ ကျော်ကျော်နှင့် လက်တစ်ကမ်းအကွာသို့ရောက်ပြီ။ ဓားကိုလုယူရန်ကြိုးစားရမည်။ ကျော်ကျော်က မျက်ဖြူလန်ကြီးဖြင့် တံခါးဝဘက်ကိုကြည့်မြဲကြည့်နေသည်။ အောင်မော့်ကိုမြင်ပုံမရ။ အောင်မော်ကဓားကိုလုရန်သူ့လက်ကိုဖြေးဖြေးချင်းရွေ့လျားသည်။ အပြင်ကကြည့်နေသော သီတာကစိတ်လှုပ်ရှားစွာဖြင့်ပါးစပ်ကို လက်ဖြင့်ပိတ်ထားသည်။

အောင်မော့်က ကျော်ကျော်ဓားကိုင်ထားသော လက်ကို ဖမ်းဆွဲလိုက်သည်။

"ဟီး...ဟီးဟီးဟီး "

ကျော်ကျော့်ပါးစပ်မှ လှောင်ပြောင် ရယ်မောသံထွက်ပေါ်လာပြီး သူ့ကိုဖမ်းဆွဲသော အောင်မော့်လက်ကို ဓားဖြင့်ဆတ်ကနဲထိုးလိုက်သည်။ သွေးတွေဖျာထွက်သွားသည်။ အောင်မော့်လက်ကိုဓား ကရှုပ်ခွဲသွားသည်။

"မောင်"

သီတာကထိတ်လန့်တကြားအော်လိုက်သည်။ အောင်မော်ခြေလှမ်းသွက်သွက်ဖြင့် အခန်းပြင်ပြန်ထွက်ကာ တံခါးကိုဂျက်


www.burmeseclassic.com

www.burmeseclassic.com


ပြန်ချထားလိုက်သည်။ ထိုစဉ်မှာပင်အောက်ထပ်မှ တယ်လီဖုန်းမြည်သံထွက်ပေါ်လာသည်။ စားဒဏ်ရာမှသွေးစက်လက်နှင့်ပင်အောက်ထပ်သို့ပြေးဆင်းသွားလိုက်ပြီး ဖုန်းကိုင်လိုက်သည်။

"ဟုတ်ကဲ့ အောင်မော်ပါ"

"အေး၊ အောင်မော် မင်းတို့အစဉ်ပြေရဲ့လား၊ ဒီမှာတော့ဆရာကြီးနံ့ဖ ရောက်နေပြီ၊ မင်းတို့အကြောင်းပြောပြတော့ သူကမင်းတို့ဆီကိုချက်ချင်းသွားမှဖြစ်မယ်ဆိုလို့ အခုငါတို့မင်းဆီထွက်လာနေပြီ"

သူငယ်ချင်းဖြစ်သူ ဒေါက်တာတင်ထွန်းဖြစ်သည်။

"အေးကွာအခြေအနေတွေကတော့မကောင်းဘူး၊ မြန်မြန်သာလာခဲ့တော့ဟေ့"

အောင်မော်ဒါပဲပြောကာဖုန်းချလိုက်တော့သည်။ လက်ကစားဒဏ်ရာကတစစ်စစ်နာလာပြီ။ သီတာကဒဏ်ရာကိုဆေးကျောပြီးဆေးထည့်ကာပတ်တီးစီးထားလိုက်သည်။ အပေါ်ထပ်ကဘာသံမှမကြားရ။ ငြိမ်သက်နေသည်။

◆ ◆ ◆ ◆ ◆

ခြံဝမှ ကားသံကြားရသည်။ သီတာက ခြံတံခါးကိုပြေးဖွင့်ပေးသည်။ တင်ထွန်းနှင့်ဆရာနံ့ဖကားပေါ်မှ ဆင်းလာကြသည်။ အောင်မော်လည်းအိမ်ဝထွက်ကာကြိုဆိုသည်။ တင်ထွန်းနှင့်ရှင်ပြည်ဘက်တွင်အတူအလုပ်လုပ်ခဲ့သည်ဆိုသောဆရာနံ့သည်


www.burmeseclassic.com

www.burmeseclassic.com


ဆရာဝန်တစ်ယောက်နှင့်မတူ၊ ရှမ်းစော်ဘွားကြီးတစ်ယောက်နှင့် တူသည်ဟု အောင်မော်ထင်မိသည်။ ဆရာနွံဖသည် ရိုးရာအဝတ်အစားကိုဝတ်ဆင်ထားပြီး နှုတ်ခမ်းမွေးကားကားကြီးနှင့် ခန့်ငြားသော ရှမ်းအမျိုးသားကြီးတစ်ဦးဖြစ်သည်။ အသက်ငါးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ဆရာနွံဖက အိမ်ထဲရောက်သည်နှင့် အောင်မော့်လက်မှ ဒဏ်ရာကို တစ်ချက်ကြည့်လိုက်သည်။

"ဟာ ဓားနဲ့အခုတ်ခံလိုက်ရပြီလား"

အောင်မော်လည်း ဆရာနွံဖအမေးကို ခေါင်းငြိမ့်ပြလိုက်သည်။

"ဝင်ကစွပ်ကောင်တွေက ဒီအတိုင်းပဲဗျ"

"ဗျာ"

ဆရာနွံဖပြောသည့် ဝင်ကစွပ်ကောင်ဆိုသည့်စကားကို အောင်မော်နားမလည်ပါ။

"ကဲဗျာ ထိုင်ကြပါဦးကျုပ်ရှင်းပြတာနားထောင်ပြီးတော့မှ လုပ်စရာရှိတာဆက်လုပ်ကြတာပေါ့"

ဆရာနွံဖက အားလုံးကို ဧည့်ခန်းတွင်ထိုင်စေလိုက်သည်။

"ကိုတင်ထွန်းပြောလို့ ဖြစ်ပျက်ခဲ့တာတွေကိုသိသင့်သလောက်သိပြီးပါပြီ။ ဒီရက်ပိုင်းဘာတွေထပ်ဖြစ်တယ်ဆိုတာကို ပြောကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com


အောင်မော်က ဘေးအိမ်အိမ်တက်အလှူ သွားရာမှစပြီး ဓားဒဏ်ရာရသည်အထိပြောပြလိုက်သည်။ ဆရာနွံဖကခေါင်း ငြိမ့်လိုက်သည်။

"ကျုပ်စောစောကပြောတဲ့ ဝင်ကစွပ်ဆိုတာ ခင်ဗျားတို့ကို ရှင်းပြမယ်။ ကိုယ်ပိုင်အခွံမရှိတဲ့ ခရုကောင်လေးတွေ ဟာတခြား အခွံလေးတွေထဲဝင်ပြီးနေကြရတယ်လေ။ အဲဒီလို ခရုကောင်လေး တွေကို ဝင်ကစွပ်လို့ခေါ်ကြတယ်မဟုတ်လား။ တချို့ပရလောက သားတွေဟာ လူ့ဘဝကိုအရမ်းစွဲလန်းနေကြပြီး လူတွေကြားထဲကို ပြန်လာနေချင်ကြတယ်။ ဒါကြောင့်သူတို့တွေဟာလိပ်ပြာ လွင့်သွားတဲ့ ခန္ဓာကိုယ်တွေကို ရှာဖွေနေကြတယ်။ သေသွားတဲ့ ခန္ဓာမျိုးထဲကိုဝင်လို့မရဘူး၊ အကြောင်းတစ်ခုခုကြောင့် မေ့မျောပြီး လိပ်ပြာလွင့်သွားတဲ့ခန္ဓာကိုယ်မျိုးထဲကိုသာဝင်ခိုအောင်းလို့ရတယ်"

အောင်မော်တို့လည်း ဆရာနွံဖရှင်းပြသည့်အချက်နှင့် ကျော်ကျော့် အဖြစ်အပျက်များဆက်စပ်မိသွားသည်။

"ဟုတ်မယ်၊ ဆရာကြီး ကျွန်တော်တို့သား ကျော်ကျော်ဆို ရင် ကားအက်ဆီးဒင့်ဖြစ်ပြီးကတည်းက ပုံမှန်မဟုတ်တော့ဘူး၊ အိမ်မှာလည်းထူးဆန်းတာတွေဖြစ်နေတယ်။ ဒီအတိုင်းဆိုကျော်ကျော့် ခန္ဓာထဲကို အပြင်ကဝိဉာဉ်တစ်ကောင်ဝင်နေပြီပေါ့"

အောင်မော်က စိုးရိမ်တကြီးမေးလိုက်ရာ ဆရာနွံဖသည် ခေါင်းငြိမ့်ပြသည်။


www.burmeseclassic.com

www.burmeseclassic.com


"ဒါ.. ဒါဆိုရင်.. ကျော်ကျော့်ဝိညာဉ်ကဘယ်မှာလဲ"

"ကျော်ကျော့်ဝိညာဉ်လိပ်ပြာကမောင်ရင်တို့ ကားအက်ဆီးဒင့်ဖြစ်ခဲ့တဲ့နားမှာပဲတဝဲလည်လည်ဖြစ်နေလိမ့်မယ်"

အောင်မော်ကထိုင်ရာမှ ဝုန်းကနဲ ထလိုက်သည်။

"ကျွန်တော်အဲဒီနေရာကို အခုပြန်သွားမယ်၊ ဆရာကြီးလိုက်ခဲ့ပေးပါလား၊ သားကို ပြန်ခေါ်ရမယ်"

"ဟုတ်တယ်၊ မောင်ရင် လိုက်သွားပြီး ရှာခေါ်ခဲ့ရမယ်။ ဒါပေမယ့်မောင်ရင်ကိုယ်တိုင် ပရဘုံဘက်ကို ဝိညာဉ်အဖြစ်နဲ့လိုက်သွားရမှာ"

အောင်မော်ငိုင်သွားသည်ကိုကြည့်ပြီး ဆရာနန္ဒဖက

"မပူပါနဲ့၊ ကျုပ်မှာ ဒီလိုကိစ္စမျိုးတွေနဲ့ ပတ်သက်ရင် အတွေ့အကြုံရှိပါတယ်၊ ကျုပ်ကူညီရင် အောင်မြင်ပါလိမ့်မယ်။ ကျုပ်တို့ လုပ်ရမှာက အခုကျော်ကျော့်ကိုယ်ထဲမှာ ရှိနေတဲ့ အကောင်ကို မောင်းထုတ်ဖို့ရယ်၊ ကျော်ကျော့် ဝိညာဉ်လိပ်ပြာအစစ်ကို ရှာခေါ်လာပြီး သူ့ခန္ဓာကိုယ်ထဲ ပြန်ဝင်စေဖို့ရယ်ပဲ။ အဲဒီနှစ်ခုကို အချိန်ကိုက်လုပ်ဆောင်နိုင်မှဖြစ်မယ်"

ဆရာနန္ဒဖက သေသေချာချာရှင်းပြပြီး အောင်မော့်ကို တစ်ချက်ကြည့်သည်။

"မောင်ရင်ကတော့ ကျုပ်ပြောတာတွေကို တိတိကျကျ လိုက်နာမှဖြစ်မယ်၊ တစ်ခုခုလွဲတာနဲ့ကျော်ကျော်ရောမောင်ရင်ပါ


www.burmeseclassic.com

www.burmeseclassic.com



ပရဘိုက်မှာ သောင်တင်နေလိမ့်မယ်”

“စိတ်ချပါဆရာကြီး၊ ကျွန်တော်တိတိကျကျလုပ်ပါ့မယ်”

“ကောင်းပြီ၊ ဝင်ကစွပ်ကောင်ဆီ အရင်သွားကြရအောင်”

အောင်မော်က ဦးဆောင်ပြီး အားလုံးအပေါ်ထပ်တက်ကြသည်။ ဆရာနွံဖ ပထမဆုံးလှေကားထစ်ကို ခြေချလိုက်သည်နှင့် ကျော့်ကျော့်ထံမှ စူးစူးဝါးဝါးအော်ဟစ်သံကြီးကို ကြားလိုက်ကြရသည်။

“အီး… ဟီး…ဟီး…အီး..”

အားလုံးခြေလှမ်းတွေရပ်သွားကြသဖြင့် ဆရာနွံဖက

“ဘာမှမဖြစ်ဘူး၊ ဆက်တက်ကြ သူ့ဘာကောင်လဲဆိုတာသေချာသွားတာပေါ့”

“အီး… ဟီး…ဟီး…အီး..”

“အီး… ဟီး…ဟီး…အီး..”

ဆရာနွံဖ အခန်းရှေ့ရောက်သည့်အခါ အခန်းထဲမှညည်းတွားအော်ဟစ်သံက ပိုကျယ်လောင်လာသည်။

“မကြောက်နဲ့၊ တံခါးဖွင့်လိုက်”

ဆရာနွံဖ စကားကြောင့်အောင်မော်က အခန်းတံခါးကိုဖွင့်လိုက်သည်။ တံခါးဖွင့်လိုက်သည်နှင့် အော်သံဟစ်သံကချက်ချင်းတိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"မေမေ"

ကျော်ကျော်က မျက်နှာငယ်လေးနှင့် အခန်းထဲမှဆီးကြို ကာ သီတာ့ကိုခေါ်လိုက်သည်။ ဆရာနှံ့ဖမှ လွဲ၍ အားလုံးအံ့ဩ သွားကြသည်။

"သား"

သီတာကကျော်ကျော့်ထံသွားမည်ပြုရာ ဆရာနှံ့ဖကတား လိုက်သည်။

"ဟော့ ရှေ့မတိုးနဲ့၊ ဒါဟန်လုပ်နေတာ ဝင်ကစွပ်ကောင် တွေက မာယာသိပ်များတာ"

သီတာရှေ့ထွက်မလာသောအခါ ကျော်ကျော့်၏ချစ်စ ဖွယ်အမူအရာလေးပျောက်သွားပြီး ဆရာနှံ့ဖကိုကြည့်ကာရင် ခေါင်းသံကြီးဖြင့်အော်ဟစ်တော့သည်။

"အလကားလူကြီး သွား..ထွက်သွား ဒီလူကြီးကိုသား အခန်းထဲကခေါ်သွားပါ..သူ..သားကိုသတ်မှာ.. သားသိ တယ်..သူသားကိုသတ်လိမ့်မယ်..၊ သားမဆိုး တော့ပါဘူး၊ အမဲ သားလည်းမချက်ခိုင်းတော့ပါဘူး၊ ဒီလူကြီးကိုအခန်းထဲကခေါ် သွားကြပါ"

ဆရာနှံ့ဖက တစ်လှမ်းချင်းရှေ့တိုးသွားသည်။ ကျော်ကျော့် တစ်ကိုယ်လုံးတုန်ယင်နေသည်။ တစ်စစီဖြစ်နေသော အရုပ်ဘေး မှဘေးကို ကောက်ကိုင်သည်။ မျက်လုံးနှစ်လုံး ကျွတ်ကျမတတ်


www.burmeseclassic.com

www.burmeseclassic.com



ဖြူးထွက်နေပြီး ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ ဆရာနွံဖအနားရောက်သည်နှင့် ဓားနှင့်ထိုးတော့မှာသေချာသည်။ ဆရာနွံဖက ဂရုမစိုက်။ ကျော်ကျော့်ရှေ့မှာ မားမားကြီးရပ်လိုက်သည်။

"ကဲ အချိန်မရှိဘူး၊ နင်လည်း သူများခန္ဓာကိုယ်ထဲလာပြီး စားချင်တိုင်းစားပြီးပြီ၊ ငါ့ကိုရန်လုပ်မနေနဲ့၊ လက်ထဲက ဓားကိုချ ထားလိုက်"

ဆရာနွံဖက ထိုစကားကိုပြောစဉ် သူ့ညာဘက်လက်ဝါး ကို ကျော်ကျော့်မျက်နှာရှေ့ထောင်ပြပြီး ပြောခြင်းဖြစ်သည်။ ကျော်ကျော်သည် ဆရာနွံဖလက်ဝါးကိုကြည့်ပြီးတကိုယ်လုံးတ ဆတ်ဆတ်တုန်လာသည်။

"ဓားကို ချထားလိုက်စမ်း"

ဆရာနွံဖက သူ့လက်ဝါးကို ကျော်ကျော့်မျက်နှာအ ထပ်မံတိုးကပ်လိုက်ပြီး ခြိမ်းခြောက်လိုက်သည်။ ဆရာနွံဖ လက် ဝါးသည် ဘယ်လိုအစွမ်းရှိသည်မသိ။ ကျော်ကျော်သည်တဖြည်း ဖြည်းမျက်နှာပျက်လာပြီး ဓားကိုအောက်ချလိုက်သည်။

"မတ်တပ်ရပ်လိုက်စမ်း"

ဆရာနွံဖက ဩဇာအာဏာအပြည့်ပါသောအသံဖြ အမိန့်ပေးလိုက်ရာ ကျော်ကျော်သည် ချက်ချင်းမတ်တပ်ရ သည်။ ထိုအခါ ဆရာနွံဖသည် သူ့ရှမ်းအင်္ကျီအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ချည်လုံးတစ်လုံးကို ထုတ်လိုက်သည်။ မတ်တပ်ရပ်နေသော ကျော်ကျော့်အရုပ်ကို အပ်ချည်ကြိုးဖြင့်ကိုးမြန့်တိတိတိုင်းလိုက်သည်။ ထိုအပ်ချည်ကြိုးမျှင်များကို လက်ခုပ်ထဲထည့်ကာ ဂါထာတစ်ပုဒ်ဖြင့်မန်းမှုတ်လိုက်သည်။

ထို့နောက်ကျော်ကျော့်ခန္ဓာကိုယ်ကို အပ်ချည်ကြိုးများဖြင့် ရစ်ပတ်လိုက်ပြီးအိပ်ယာပေါ်တွင်လဲလျောင်းစေလိုက်သည်။ ပထမတော့ကျော်ကျော်က ငြင်းဆန်နေသေးသည်။ ရှန်းကန်လှုပ်ရှားလိုက်တိုင်း အပ်ချည်ကြိုးနှင့် သူ့အသားထိနေသော နေရာများမှ မီးလောင်ကျွမ်းသကဲ့သို့ အခိုးအငွေ့များထွက်လာပြီးမရိုးမဆန်ခံစားရသည်ကိုအားလုံးအံ့သြစွာတွေ့မြင်ကြရသည်။ နောက်ဆုံးတော့ ကျော်ကျော် သို့မဟုတ် ကျော်ကျော့်ခန္ဓာကိုယ်ထဲသို့ ဝင်ကစွပ်ကောင်သဖွယ်ဝင်ရောက်မှီတွယ်နေသော အပကောင်သည် ဆရာနံ့ဖစေခိုင်းသည့်အတိုင်း မလှုပ်မယှက်လဲလျောင်းနေရသောအဖြစ်သို့ရောက်လေတော့သည်။

"ကောင်းပြီမို့၊ ဒီကောင့်ကိုတော့ ကျော်ကျော့်ကိုယ်ထဲက မထွက်နိုင်အောင် ကျုပ်လုပ်ထားလိုက်ပြီ"

ဆရာနံ့ဖ စကားကြောင့် အားလုံး နားရှုပ်သွားကြသည်။

"ဆရာနံ့ဖ၊ သူ့ကို ကျော်ကျော့်ကိုယ်ထဲက နှင်ထုတ်ရမှာမဟုတ်ဘူးလား"

ဒေါက်တာတင်ထွန်းကမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ထုတ်တာတော့ထုတ်ရမှာပဲ၊ ဒါပေမယ့် ကျော်ကျော့် လိပ်ပြာကို ဒီနားရောက်အောင်သွားခေါ်ရဦးမယ်၊ ဒီကောင်သာ ကျော်ကျော့်ခန္ဓာကိုယ်ထဲမှာမရှိဘဲ အပြင်မှာရောက်နေရင် ကျုပ်တို့ အစီအစဉ်တွေကိုနှောက်ယှက်လိမ့်မယ် "

ဆရာနွံဖကသေသေချာချာရှင်းပြသည်။ မရှင်းပြလို့လည်း မဖြစ်။ လွဲချော်သွားလျှင် အကုန်လုံးဒုက္ခရောက်ကုန်လိမ့်မည်။

ဆရာနွံဖက အောင်မော့်ကိုကြည့်ပြီး

" ကဲ အချိန်မရှိဘူးလုပ်ငန်းစကြရအောင် "

ဟုပြောလိုက်သည်။

ပထမဆုံးအနေဖြင့် အောင်မော်လှဲအိပ်နိုင်ရန် ခုံရှည်တစ် လုံးကိုယူပြီးကျော်ကျော် ခုတင်ဘေးတွင်ချထားလိုက်သည်။ အောင် မော့်ကိုခုံရှည်ပေါ်တွင် လှဲလျောင်းခိုင်းလိုက်သည်။

"မောင်ရင့်စိတ်ကို လျှော့ချထားရမယ်။ ကျုပ်က မောင်ရင့်လိပ်ပြာကို ခန္ဓာကိုယ်က ထွက်ခွာနိုင်အောင်လုပ်ပေးမယ်။ စိတ်ထဲမှာကား အက်ဆီးဒင့်ဖြစ်တုန်းကနေရာကို တွေးနေရမယ်။ အဲဒီနေရာကိုရောက်သွားရင် ကျော်ကျော့်ကိုအမြန်ဆုံး လိုက်ရှာရ မယ်။ ကျော်ကျော်ကသူ့ခန္ဓာနဲ့ ကာမပြတ်သေးတော့လိပ်ပြာကြိုး ဆက်နေတုန်းပဲ။ ငွေရောင်အလင်းတန်းကိုရှာရမယ်။ အဲဒါလိပ်ပြာ ကြိုးပဲ။ အဲဒီကကျန်တဲ့အကောင်တွေမှာ ငွေရောင်လိပ်ပြာကြိုးမရှိ ဘူး။ အဲဒီငွေရောင်ကြိုးက ကျော်ကျော့်မှာရှိသလို ကိုယ်နဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိလိမ့်မယ်။ အဲဒီကြိုးမပြတ်ဖို့တော့ အထူးဂရုစိုက်ရမယ်။ ကျော်ကျော့်ကိုတွေ့တာနဲ့ အမိအရခေါ်ပြီး ငွေရောင်ကြိုးတန်းအတိုင်းသာအမြန်ဆုံးပြန်ခဲ့ပေတော့။ အရေးအကြီးဆုံးအချက်က ဘယ်လိုသတ္တဝါမျိုး ဘယ်လိုအကောင်မျိုးက ခြောက်လှန့်တာပဲဖြစ်ဖြစ်ကြောက်စိတ်မဝင်ဘို့ပဲ။ သူတို့တွေက မောင်ရင့်ကို ဘယ်လိုမှ တိုက်ခိုက်လို့မရဘူးဆိုတာကို ယုံကြည်ထားရမယ်။ ဒီအိမ်ထဲကိုရအောင်ပြန်ဝင်လာနိုင်ပြီဆိုရင်အောင်မြင်ပြီ။ ကဲမျက်လုံးမှိတ်လိုက်။ ''

အောင်မော်သည် ဆရာနွံဖပြောသမျှအားလုံး သေသေချာချာမှတ်သားပြီး မျက်စိကိုမှိတ်ထားလိုက်သည်။ ကျော်ကျော့်ဝိဉာဉ်ကိုရအောင်ပြန်ခေါ်ရန် စိတ်ကိုပိုင်းဖြတ်လိုက်သည်။ ဆရာနွံဖသည်စာသား ဖြင့်ဖော်ပြရန်ခက်ခဲသော မန္တန်တစ်ပုဒ်ကို ရွတ်ဆိုပြီး ခုံရှည်ပေါ်လှဲလျောင်းနေသောအောင်မော့်ကိုတစ်ပတ်ပြီးတစ်ပတ်ပြီးတစ်ပတ်လှည့်ပတ်တော့သည်။ ဆရာနွံဖ မန္တန်ရွတ်သံမှာ ရင်ခေါင်းထဲမှလာသော ထူးခြားသည့်အသံတစ်မျိုးဖြစ်လေရာ ကြားရသူအားလုံးကြက်သီးထမိသည်မှာအမှန်ပင်ဖြစ်သည်။ ဆရာနွံဖသုံးပတ်မျှပတ်အပြီး အောင်မော်လည်းမျက်လုံးများမှိတ်ကျလာသည်။ ပြီးတော့ နတ်ဝင်သည်တစ်ယောက်လို တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်လာသည်။ ဆရာနွံဖကအသံကိုမြှင့်ကာရွတ်ဆက်ရွတ်သည်။ ကိုးပတ်မြောက်ပတ်အပြီးအောင်မော်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ်နားရပ်မိချိန်တွင် အောင်မော့်ခေါင်းကိုဆတ်ကနဲ ပုတ်လိုက်သည်။ အောင်မော်လည်းတစ်ကိုယ်လုံးဝုန်းကနဲ တစ်ချက်တုန်သွားပြီး ချက်ချင်းပြန်ငြိမ်ကျသွားသည်။

" ကျုပ်တို့လူတော့ဟိုဘက်ရောက်သွားပြီ အားလုံးစိတ်ငြိမ်ငြိမ်ထားပြီးထိုင်စောင့်ကြပေတော့။ အယူးသဖြင့်..."

ဆရာနန္ဒဖကစကားကိုရပ်လိုက်ပြီး သီတာ့ဘက်ကိုကြည့်လိုက်သည်။

"မသီတာပါဆရာကြီး "

ဒေါက်တာတင်ထွန်းကမိတ်ဆက်ပေးလိုက်သည်။

"မသီတာအနေနဲ့စိုးရိမ်ပူပန်မှုသိပ်မဖြစ်ဖို့ပဲ မသီတာရဲ့စိတ်က သူတို့ကိုအရမ်းစိတ်ပူနေရင် သူတို့လိပ်ပြာကြီးတွေတုန်ခါပြီး လိုရာခရီးမရောက်ဘဲ နှောင့်နှေးကြန့်ကြာတတ်တယ်"

" ဟုတ်ကဲ့ပါဆရာ ကျွန်မကြိုးစားပြီးထိန်းပါ့မယ် "

ထိန်းပါမယ်ဟု ပြောနေသောမသီတာအသံမှာ ခြောက်ကပ်အက်ကွဲနေသည်။

◆ ◆ ◆ ◆ ◆

အေးကနဲဖြစ်သွားသည်။ မဲမှောင်နေသောရေခဲကန်ကြီးထဲကျရောက်သွားသလိုခံစားရသည်။ ခေါင်းထဲမှာဟာလာဟင်းလင်းကြီးဖြစ်နေသည်။ ဘာဆိုဘာမှမမှတ်မိ။ ငါဘယ်သူလဲ။ ဘယ်ကိုရောက်နေတာလဲဆိုသောအတွေးကိုပင် အားယူပြီးတွေး



www.burmeseclassic.com

www.burmeseclassic.com


နေသည်။ ပတ်ဝန်းကျင်သည်မှောင်နေတာလဲမဟုတ်။ လင်းနေတာလဲမဟုတ်။ ထူးခြားနေသည်။ အားလုံးကိုမြင်နေရသည်မှာ မျက်စိဖြင့်မြင်နေရပုံမျိုးမဟုတ်။ စိတ်ဖြင့်ထိတွေ့မြင်နေရပုံမျိုး။ မိမိကိုယ်မိမိပြန်ကြည့်တော့လည်း ပိုးတဝါးအခိုးအငွေ့တစ်ခုနှယ်။ ရင်ဘတ်တွင်ငွေရောင်တောက်နေသော ကြိုးတစ်ချောင်းက မီးခိုးငွေ့တန်းတစ်ခုလိုထွက်ပေါ်နေသည်။ မိမိရင်ဘတ်မှထွက်ပေါ်နေသောထိုငွေရောင်ကြိုးကိုလိုက်ကြည့်ရာ အဆုံးသတ်နေရာကိုမတွေ့ရ။

ထိုစဉ်မှာပင် ရင်ဘတ်မှကြိုးစသည်တင်းကနဲတုန်ခါသွားသည်။

"မောင်ရင်အချိန်မရှိဘူး စိတ်အာရုံကိုစုစည်းထားသွားရမယ့်နေရာကိုအာရုံပြု"

နားဖြင့်ကြားနေသောအသံမျိုးမဟုတ် ငွေရောင်ကြိုးမှတဆင့်စိတ်ထဲကိုတိုက်ရိုက်ဝင်လာသောအသံမျိုးဖြစ်သည်။ ထိုအသံကြောင့်အာရုံထဲမှာလင်းကနဲဖြစ်သွားပြီး အိပ်မောကျနေရာမှ ယန်နိုးသွားသလို အရာအားလုံးကို ပြန်သတိရသွားသည်။

ဝိဥာဉ်လိပ်ပြာအဖြစ်ခန္ဓာကိုယ်မှထွက်ခဲ့သည်မှာ သားဖြစ်သူကျော်ကျော်၏ ဝိဥာဉ်လိပ်ပြာကိုရှာရန်ဖြစ်သည်။ သူတို့ကားအက်ဆီးဒင့်ဖြစ်ခဲ့ရာအဝေးပြေးလမ်းမကြီးတစ်နေရာသို့သူသွားရမည်။ အံ့သြဖို့ကောင်းသည်မှာ သူစိတ်ကူးရည်ရွယ်လိုက်သည်နှင့်လေ၏အဟုန်မျိုးဖြင့် အဝေးပြေးလမ်းမကြီးရှိရာဆီသို့ လျှင်မြန်စွာ


www.burmeseclassic.com

www.burmeseclassic.com



ရွေ့လျားနေသည်။

စောစောက ဘာမျှမရှိဘူးဟုထင်ထားခဲ့သောပတ်ဝန်းကျင်ကို ခုမှသေသေချာချာမြင်လာရသည်။ အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် ပရလောကသားတွေ။ တချို့ကတောင်လောက်ရှိသည့်အကောင်ကြီးတွေ။ တချို့ကပိုးပုရွက်လောက်ကလေးတွေ။ မမြင်ချင်လို့ မျက်စိမှိတ်ထားလို့လည်းမရ။ မျက်စိဖြင့်မြင်နေရသောလောကမျိုးမဟုတ် စိတ်တွင်လာရောက်ထင်ဟပ်သော မြင်ကွင်းမျိုးတွေဖြစ်သည်။ထိုအကောင်တွေ ကရောသူ့ကိုမြင်နိုင်လားဟု တွေးကြည့်လိုက်စဉ်မှာပင်သူ့ဝန်းကျင်ရှိ ထောင်နှင့်ချီသော ပရလောကသားတွေအားလုံးသူ့ကို ဝုန်းကနဲတပြိုင်နက် ဝိုင်းကြည့်လိုက်ကြရာ သူတစ်ကိုယ်လုံးတုန်ခါသွားသည်။ တစ်ကယ် တော့သူ့ရင်ဘတ်မှ ငွေရောင်ကြိုးမျှင်က တဆတ်ဆတ်တုန်ခါသွားခြင်း သာဖြစ်သည်။

"ဘေးမှာမြင်နေရတဲ့အကောင်တွေအကြောင်းမတွေးနဲ့ ကိုယ်နဲ့မသက်ဆိုင်ဘူးလို့ဘောထား၊ ဦးတည်ရာကိုသာအာရုံထား ကြိုးပြတ်သွားရင်ဘာမှလုပ်လို့မရတော့ဘူးနော်သတိထား၊ အခု ကကျုပ်နဲ့သိပ်မဝေးသေးလို့ သတိပေးနေလို့ရတာ "

ဝိဉာဉ်ကြိုးမှတဆင့်ဆရာနန္ဒဖသတိပေးသံကိုကြားရပြန်သည်။ သူအားတက်သွားပြီးလမ်းမကြီးဆီသို့အာရုံကိုစိုက်ထားလိုက်သည်။ ဒီတစ်ခါတော့သူ့စိတ်အာရုံက အားကောင်းနေလို့ပဲလား တော့မသိ ချက်ချင်းဆိုသလိုလမ်းမကြီးဆီသို့ရောက်သွားသည်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးတစ်လျှောက်လှမ်းမျှော်ကြည့်လိုက်သည်။ သူ့လိပ်ပြာကြီးတဝုန်းဝုန်းတုန်ခါသွားသည်။ ဆက်မရွေ့နိုင်လောက်အောင်အားကုန်ခန်းသွားသည်။ စိတ်အာရုံစုစည်းမှုတွေပြိုကွဲသွားသည်။ အရာရာမေ့လျော့သွားတော့မလိုဖြစ်လာသည်။ မကြောက်မိအောင်ထိန်းထားသည့်ကြားမှ လမ်းမကြီးတစ်လျှောက်မြင်လိုက်ရသည့်မြင်ကွင်းကသူ့ကိုခြောက်ချားသွားစေခဲ့သည်။ လမ်းမကြီးပေါ်မှာရောလမ်းဘေးဝဲယာမှာရော ပုံသဏ္ဌာန်စုံလင်စွာဖြင့် ပရလောကသားတွေများစွာကလမ်းမကြီးကို စိုက်ကြည့်နေကြသည်။ တစ်စုံတစ်ခုကိုစောင့်မျှော်နေကြပုံမျိုး၊ သူတို့ကိုကြည့်ပြီးကြောက်စိတ်များဖြစ်ပေါ်သွားသဖြင့် မျောချင်ရာမျောနေသည်။

"ဘာလာလုပ်တာလဲ ကိုယ့်နေရာမှာကိုယ်မနေဘဲ"

အသံတစ်သံကြောင့် အာရုံပြန်မိသွားသည်။

"ဟင် "

အိမ်တစ်လုံးအရွယ်လောက်ရှိသည့် တကိုယ်လုံးအမွေးထူကြီးနှင့် ပရလောကသားတစ်ယောက်က သူ့ကိုတရင်းတနှီးမေးသည်။ ကိုယ်လုံးက အိမ်လောက်ရှိပြီး ဦးခေါင်းက လက်သီးဆုပ်လောက်သာရှိသောကြောင့် မျက်နှာကို မမြင်ရ။

"မင်းကိုငါသိတယ် သေသေချာချာတော့မမှတ်မိတော့ဘူး၊ ဟိုးအရင် ငါဒီကိုမရောက်ခင်တုန်းက သိခဲ့ကြတာ"

ဟုတတ်လိမ့်မည်။ အောင်မော်လည်းထိုမွေးထူတစ္ဆေကြီး၏



www.burmeseclassic.com

 www.burmeseclassic.com 

ကြောက်စိတ်မဝင်မိရင်းနှီးသလိုမင်ခံစားမိသည်။ သူ့အမေးကြောင့် စိတ်အာရုံတွေလည်းပြန်လည်စုစည်းမိသွားသည်။

"ငါ့သားကိုလာရှာတာကွ"

"မင်းသားကသေသွားတာလား"

"မသေသေးဘူးကွ သူ့ခန္ဓာကိုယ်နဲ့လိပ်ပြာကြိုးမပြတ်သေးဘူးဒီလမ်းမကြီးပေါ်က အပကောင်တစ်ကောင်က သူ့ကိုယ်ထဲဝင်နေပြီးသူ့လိပ်ပြာကို ဒီလမ်းကြီးတစ်နေရာမှာ ဖွက်ထားတာ"

"မင်းဟာကသေချာလို့လား"

"သေချာပါတယ်ကွ"

"သေချာရင်ငါနဲ့လိုက်ခဲ့"

"ဘာလဲမင်းကငါ့သားရှိတဲ့နေရာသိလို့လား"

"သိလို့မဟုတ်ဘူးကွ ဒီနေရာကိုအုပ်ချုပ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့ပေးမလို့ မင်းပြောတဲ့အတိုင်းအမှန်ဆိုရင် မင်းကိုသူကူညီလိမ့်မယ် မင်းဒီအတိုင်းလျှောက်ရှာနေလို့ကတော့တွေ့မှာမဟုတ်ဘူးမင်းရဲ့သားလိပ်ပြာကိုသေသေချာချာကိုဖွက်ထားမှာ။ ငါတို့လောကမှာအဲဒီလိုသူများခန္ဓာထဲသွားပြီးအကြာကြီးမှီနေတာမျိုးကိုခွင့်မပြုဘူး၊ တချို့အရမ်းငတ်နေတဲ့တစ္ဆေမျိုးတွေသာလုပ်ကြတာ။ မင်းငါ့နောက်လိုက်ခဲ့မှာလား"

ဘာကြောင့်ရယ်မသိ ခေါင်းသေးကိုယ်ကြီးတစ္ဆေကို အောင်မော် ယုံကြည်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

" အေးလိုက်မယ် "

အောင်မော့်စိတ်မှလိုက်မယ်ဟုတွေးလိုက်မိစဉ်မှာပင် သူရောခေါင်းသေးကိုယ်ကြီးတစ္ဆေပါ တခြားတစ်နေရာသို့ဖျတ်ကနဲရောက်သွားကြသည်။ အဝေးပြေးလမ်းကြီးနှင့်အတော်ဝေးသော တောင်ကုန်းတစ်ခုပေါ်ရှိတောအုပ်ထဲသို့ရောက်သွားကြခြင်း ဖြစ်သည်။ တောအုပ်ထဲရှိသစ်ပင်တိုင်းတွင်သရဲတစ္ဆေတစ်ကောင် စောင့်ရှိနေကြသည်။ အရွယ်အမျိုးမျိုးပုံစံအမျိုးမျိုးကြောက်မက်ဖွယ် ရာကောင်းလှသည်။ အောင်မော်တုန်လှုပ်စိတ်ကို မနည်းထိန်းထား ရသည်။ စိတ်အနည်းငယ် ပျံလွင့်သွားသည်နှင့် ငွေရောင်လိပ်ပြာ ကြီးကတုန်ခါသွားပြီး ဒီလောကသို့လာရခြင်းအကြောင်းရင်း ကိုမေ့လျော့သွားတတ်သည်။

ခေါင်းသေးကိုယ်ကြီးတစ္ဆေကအောင်မော့်ကို တောအုပ်ထဲ ရှိအကြီးဆုံးသစ်ပင်ကြီးတစ်ပင်ရှိရာကိုခေါ်သွားသည်။ ထိုသစ်ပင် ရှိပုဂ္ဂိုလ်မှာပုဆိုးပန်းဆိုးမဟုတ် လူပုံစံအတိုင်းပင်ဖြစ်သည်။ အင်္ကျီအ ဝတ်အစားလည်းကောင်းကောင်းမွန်မွန်ပြည့်စုံစွာရှိသည်။ ခေါင်း သေးကိုယ်ကြီးတစ္ဆေရောတောအုပ်တစ်ခုလုံးရှိတစ္ဆေများပါ ထိုပုဂ္ဂိုလ်ကိုကြောက်ရပုံပေါ်သည်။ ထိုပုဂ္ဂိုလ်ရှိသောသစ်ပင်ရှေ့သို့ ရောက်သည်နှင့် လုံခြုံသောခံစားမှုကိုခံစားရသည်။ စိတ်တည်ငြိမ်မှု ကိုရသည်။ ထိုပုဂ္ဂိုလ်ကအောင်မော့်နားသို့ဖျတ်ကနဲရောက်လာပြီး အောင်မော့်ကို စူးစူးစိုက်စိုက်ကြည့်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဝိဥာဉ်လာရှာတာလား"

ထိုပုဂ္ဂိုလ်၏ပါးစပ်လှုပ်ရှားခြင်းမရှိသော်လည်း အောင်မော်ကောင်းစွာကြားလိုက်ရသည်။ မိမိပြန်ဖြေလိုသောအဖြေကိုစိတ်ထဲမှာကူးလိုက်သည်နှင့်ပြန်ဖြေပြီးသားဖြစ်သွားသည်။

"ဟုတ်တယ်ဒီနယ်က 'ပရလောကသား' တစ်ကောင်က ကျွန်တော့်သားဝိဥာဉ်ကိုချုပ်ထားပြီး ကျွန်တော့်သားခန္ဓာကိုယ်ထဲ ရောက်နေပါတယ်"

ထိုပုဂ္ဂိုလ်ကအောင်မော့်လိပ်ပြာကြီးကို စူးစိုက်ကြည့်လိုက်သည်။

"မင်းမှာ အားကိုးရတဲ့ဆရာကောင်းရှိလို့ဒီအထိ လိပ်ပြာလွှင့်လာရဲတာကိုး၊ အေးဒါပေမယ့် မင်းသားဝိဥာဉ်ပြန်ခေါ်သွားဖို့က မလွယ်ဘူး"

"ဘာဖြစ်လို့လဲ တတ်နိုင်ရင်ကူညီပါဗျာ"

"ဝိဥာဉ်လုထားတာတဲ့အကောင်ကငါ့နယ်မြေထဲကမဟုတ်ဘူး၊ မင်းဒီကနေလှမ်းကြည့်လိုက်ရင် ကားလမ်းအကွေ့တစ်ခုကိုတွေ့လိမ့်မယ်အဲဒီကားလမ်းအချိုးဘေးကတစ်ခြမ်းပဲ့ကျောက်တောင်ကြီးကိုတွေ့လား၊"

ထိုပုဂ္ဂိုလ်ကထိုသို့ပြောလိုက်သည်နှင့် အောင်မော့်မျက်စိထဲတွင်တစ်ခြမ်းပဲ့ကျောက်တောင်ကြီးကိုအလိုလိုမြင်ရသည်။

"အဲဒီတစ်ခြမ်းပဲ့ကျောက်တောင်က အရင်ကငါ့ပိုင်



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့နယ်ထဲမှာပါတယ်။ နောက်ဒီကားလမ်းကြီးပေါ်လာတော့ နယ်တွေကွဲကုန်ပြီးအဲဒီကျောက်တောင်ကိုငါမပိုင်တော့ဘူး နောက်တော့အဲဒီကျောက်တောင်မှာ ကားမှောက်ပြီးသေတဲ့တစ္ဆေကောင် ရောက်လာပြီး အပိုင်စားရသွားတယ်။ အဲဒီကျောက်တောင်က တစ္ဆေကိုငါတို့အုပ်ချုပ်ခွင့်မရှိဘူး၊ သူ့သဘောနဲ့သူလုပ်ချင်တာတွေလုပ်နေတာတွေ့လည်း ငါတို့ဘာမှမတတ်နိုင်ဘူး။ ငါ့တို့လောကမှာနေစရာ၊ စားစရာနဲ့အစွမ်းသတ္တိဆိုတာ ကိုယ့်ကုသိုလ်ကံနဲ့ ကိုယ် ပေါ်ပေါက်တာမျိုးလေ"

အောင်မော်စိတ်ခေတ်ကျချင်သလိုဖြစ်သွားသည်။

"ဒါဆိုကျွန်တော်ဘယ်လိုလုပ်ရမလဲ"

"မင်းသဘောပါ မင်းကိုဘယ်သူမှတားဆီးလို့မရဘူး မင်းကဒီလောကသားမဟုတ်ဘူးလေ တစ်ခြမ်းပဲ့ကျောက်တောင်ကအကောင်ကို မင်းရင်ဆိုင်နိုင်ရင်တော့ မင်းသားကိုပြန်ရမှာပဲ တစ်ခုရှိတာက မင်းခန္ဓာကိုယ်နဲ့ဆက်သွယ်ထားတဲ့ လိပ်ပြာကြိုးပြတ်သွားရင်တော့ ဒီမှာနှစ်ရာပေါင်းများစွာ နေရလိမ့်မယ်"

ထိုပုဂ္ဂိုလ်ကအောင်မော့်ကို သတိပေးစကားပြောပြီးပျောက်ကွယ်သွားသည်။ အောင်မော်တစ်ခြမ်းပဲ့ ကျောက်တောင်ကြီးရှိရာလှမ်းမျှော်ကြည့်လိုက်သည်။

" ဖေဖေသားကိုလာခေါ်ပါ သားအိမ်ပြန်ချင်တယ် "

" ဟင်...သား "

အရှေ့ဘက်ဇကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အောင်မော်စိတ်ထဲတွင် သားဖြစ်သူအသံကို ကြားလိုက်ရသည်။ သွားမည်။ ထိုနေရာသို့ရောက်အောင်သွားမည်။ သားသည် အမှောင်ထဲတွင်ဘယ်လောက်တောင်ကြောက်ရွံ့နေပြီလဲမသိ။ အောင်မော့်စိတ်က ထိုသို့ဆုံးဖြတ်လိုက်သည်နှင့် ကျောက်တောင်ရှေ့သို့ချက်ချင်းရောက်သွားသည်။ ကျောက်တောင်ရှေ့ရောက်သည်နှင့်ထူးခြားသောအအေးဓာတ် တစ်ခုကသူ့နှလုံးသား နေရာသို့စူးဝင်လာသည်။ ဘယ်လိုမှထိန်းမရအောင်သူ့တစ်ကိုယ်လုံးတုန်ယင်လာသည်။

◆ ◆ ◆ ◆ ◆

အောင်မော့်ခန္ဓာကိုယ်ဘေးတွင်ငြိမ်သက်စွာ စောင့်ကြည့်နေသောဆရာနွံ့ဖမှာတုန်တုန်ရင်ရင်ဖြစ်လာသော အောင်မော့်ခန္ဓာကိုယ်ကြီးကိုကြည့်ပြီးခေါင်းတစ်ချက်ငြိမ့်လိုက်သည်။

"ကလေးလိပ်ပြာချုပ်ထားတဲ့ဆီသူရောက်သွားပြီ မြန်မြန်ပြန်လာနိုင်ဖို့လိုတယ်"

ထို့နောက် ဆရာနွံ့ဖက ဆေးဖယောင်းတိုင်တစ်တိုင်ကို အောင်မော့်ခေါင်းရင်းဘက်ခုံပေါ်တွင်ထွန်းလိုက်သည်။

◆ ◆ ◆ ◆ ◆

ကျောက်တောင်ရှေ့တွင် တောင့်တင်းစွာဖြင့် အအေးဒဏ်ကိုခံနေရသောအောင်မော်သည် ချက်ချင်းနွေးထွေးသွားသည်။ ပတ်ဝန်းကျင်ကိုလည်းစောစောကထက်ပိုမိုမြင်နိုင်စွမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဖေဖေ သားဒီမှာလေ…. "

ကျောက်တောင်ကြီးထဲကသားဖြစ်သူအသံကို ပီပီသသ ကြားလိုက်ရပြန်သည်။ ဒီကျောက်တောင်ထဲကိုဝင်ရမည်ဆိုသည့် ကိုအောင်မော်နားလည်လိုက်ပြီ။ ထိုသို့နားလည်လိုက်သည်နှင့်ဖျတ် ကနဲတစ်နေရာကိုရောက်သွားသည်။ ကျောက်သားတွေ လေးဘက် လေးတန်ကာရံထားသော အခန်းကြီးတစ်ခုထဲရောက်သွားသည်။ အခန်းအလယ်တွင် ပုံဆိုးပန်းဆိုးကျောက်ရုပ်ကြီးတစ်ခုရှိသည်။ အောင်မော် နေရာမရွေ့ဘဲအခန်းတစ်ခုလုံးကို သေသေချာချာ ကြည့်သည်။

" ဟာ…. "

အောင်မော့်စိတ်ထဲထိတ်ကနဲဖြစ်သွားမိသည်။ ကျောက် သားနံရံတွင် တိမ်သားအစိုးအငွေ့လိုဖြစ်နေသော ဝိဉာဉ်လိပ်ပြာ ပေါင်းများစွာကပ်ငြိနေသည်။ တချို့တွင်လိပ်ပြာကြိုးများတန်း လျက်ရှိသေးသော်လည်းတော်တော်များများ၏ လိပ်ပြာကြိုးများမှာ ပြတ်တောက်ကာတန်းလန်းကျနေကြသည်။ ထိုလိပ်ပြာကြိုးပြတ် သွားသောဝိဉာဉ်များမှာ သူတို့ခန္ဓာဆီ ကာယ်တော့မှပြန်ဝင်နိုင်တော့ မည်မဟုတ်။ သူတို့ခန္ဓာကိုယ်ထဲရောက်နေသော ဝင်ကစွပ် ကောင် တစ္ဆေများမှာမူ လူလောကတွင် လုပ်ချင်ရာလုပ်နေကြတော့မည်။ အောင်မော်တုန်လှုပ်စွာ တွေးမိသည်။ ကြောက်ရွံ့တုန်လှုပ်မိခြင်း ကြောင့်လိပ်ပြာကြိုး တဆတ်ဆတ်တုန်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



" အူး… မူး…"

အခန်းအလယ်ရှိ ပုံဆိုးပန်းဆိုးကျောက်ရုပ်ကြီး အသက်ဝင်လှုပ်ရှားလာသည်။ အောင်မော့်စိတ်တွင်ဖြစ်ပေါ်သွားသော ကြောက်စိတ်ကတစ္ဆေကောင်ကြီးကို အသက်သွင်းလိုက်သလိုဖြစ်သွားသည်။ မကြောက်နဲ့။ မကြောက်နဲ့။ မိမိကိုယ်ကိုသတိပေးထိန်းချုပ်ရသည်။ အသက်ဝင်လာသော ကျောက်ရုပ်တစ္ဆေကြီးကအောင်မော်ထံတည့်တည့်ကြီးဝင်လာပြီး အောင်မော့်ရင်ဘတ်မှ လိပ်ပြာကြိုးကို ဖမ်းဆွဲသည်။

" ဟာ…ပြဿနာပဲ "

အောင်မော်အတင်းရှောင်ရသည်။

လွတ်သည်။

"ဖေဖေ…သားဒီမှာ…"

ဒီတစ်ခါတော့သားဖြစ်သူဝိဉာဉ်ကို အောင်မော်တွေ့သွားသည်။ ကျောက်ရုပ်တစ္ဆေကြီးအနောက်ဘက်ကျောက်နံရံတွင် ကျော်ကျော့်ဝိဉာဉ်ကိုတွေ့ရသည်။ ငွေရောင်လိပ်ပြာကြိုးက မပျက်စီးမပြတ်တောက်သေးပေ။ ထိုအချက်ကအောင်မော့် စိတ်ကိုအားတက်သွားစေသည်။

"သားဖေဖေလာပြီ "

စိတ်ထဲမှနေ၍ သားဖြစ်သူကိုလှမ်း၍အားပေးလိုက်သည်။

"ဒီနေရာမှာ မင်းလုပ်ချင်တိုင်းလာလုပ်လို့ရလား



www.burmeseclassic.com

www.burmeseclassic.com


ကျောက်တုံးချင်းပွတ်တိုက်သံလို ကြောက်မက်ဖွယ်အသံဆိုးကြီးကို ကျယ်လောင်မြည်ဟီးစွာကြားလိုက်ရသည်။ အောင်မော့်လိပ်ပြာကြီးတုန်ခါသွားသည်။ အောင်မော်မမှု။ သားဇောဖြင့်ရှေ့ကိုဆက်တိုးသည်။ ဒီအကောင်ကြီးကိုကျော်ပြီး ငါ့သားဝိဥာဉ်ကိုရအောင်ဆွဲခေါ်ရမယ်။ ဆုံးဖြတ်ချက်ချပြီးရှေ့တိုးသည်။

"ဝုန်း ဝုန်း ဂျုံး ဂျုံး"

ထိုစဉ်မှာပင်....။

တစ္ဆေကောင်ကြီးထံမှကျောက်တုံးပေါင်းများ စွာလွှင့်ပျံထွက်လာသည်။ ကျောက်တုံးတွေကအောင်မော့်လိပ်ပြာကြီးကိုထိမှန်သည်။ အောင်မော်မိုက်ကနဲ အသိတွေလွတ်သွားသည်။

◆ ◆ ◆ ◆ ◆

ဆရာနွံဖသည်ဆတ်ကနဲဆတ်ကနဲ တွန့်သွားသော အောင်မော့်ခန္ဓာကိုယ်ကြီးကိုကြည့်ပြီးမျက်မှောင်ကုပ်သွားသည်။

"ဟ.. ခေါ်ကုန်ကြပါရောလား၊ ဘယ်ရမလဲကွာ တွေ့ကြသေးတာပေါ့"

ဆရာနွံဖကသူ့ရှမ်းအင်္ကျီအိတ်ထဲမှ အင်းကွက်ရေးဆွဲထားသော မှိုင်းစံစက္ကူတစ်ချပ်ကိုထုတ်လိုက်သည်။ အောင်မော့်ခေါင်းရင်းတွင်ထွန်းထားသောဖယောင်းတိုင်မီးတောက်တွင် ထိုအင်းချပ်ကိုမီးရှို့လိုက်သည်။ မီးစွဲနေသောအင်းကို ရေသောက်သောဖန်ခွက်ထဲထည့်ကာပြာကျစေသည်။ ထိုအင်းပြာများကိုအောင်မော့်ညာ



www.burmeseclassic.com

www.burmeseclassic.com



ဘက်လက်ဝါးတွင်သုတ်လိမ်းပေးလိုက်သည်။

"ကိုင်းကြည့်ကြသေးတာပေါ့ကွာ၊"

ဆရာနန္ဒဖက အံ့ကြိတ်ကာကြုံးဝါးလိုက်သည်။

◆ ◆ ◆ ◆ ◆

ကျောက်တုံးများကြောင့် အသိစိတ်လွင့်ပျော ပျောက်ကွယ်သွားသော အောင်မော်သည် စူးရှသောညှော်နံ့ တစ်ခုကြောင့်အသိ ပြန်ဝင်လာသည်။ ကျောက်တုံး တစ္ဆေကောင် ကြီးက အောင်မော့် လိပ်ပြာကြိုးကို ဆွဲကာနံရံတွင် ကပ်ချည်ရန်ကြိုးစားနေပြီသည်။

အသိပြန်ဝင်လာသောအောင်မော်သည် သူ့ညာဘက် လက်ဝါးမှ ထူးထူးခြားခြားပူလောင်မှုကိုသတိထားမိသည်။ မိမိလက်ဝါး ကိုကြည့်လိုက်သည့်အခါ လက်ဝါးတွင်စာလိုလို၊ ဖယောင်းကွက်တွေ ရိုလို အရာတွေကလင်းလက်စွာပေါ်ထွက်နေ သည်ကို တွေ့လိုက်ရသည်။

ကျောက်တုံးတစ္ဆေကောင်က အောင်မော့်ဝိဉာဉ်ကို နံရံ အမြင့်တစ်နေရာတွင် ထာဝရချုပ်နှောင်ထားရန် ကြိုးစားနေသည်။ အောင်မော့်လိပ်ပြာကြိုးကို ဆွဲစုချုပ်ကိုင်ပြီးအောင်မော့် ကိုကိုင် မြှောက်ထားသည်။ တစ္ဆေကောင်ကြီး ငယ်ထိပ်ကအောင်မော့်ညာ လက်နှင့် လက်တစ်ကမ်း အကွာတွင်ရောက်နေသည်။ အောင်မော့် အာရုံတွင် ဆရာနန္ဒဖ အသံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


“ လက်ဝါးနဲ့ထိအောင်ရိုက် ”

ဆရာနွံ့ဖ အသံကိုတစ္ဆေကောင်ကြီးလည်းကြားပုံရသည်။ ဆတ်ကနဲရပ်သွားသည်။ နောက်ကျသွားပြီ။ အောင်မော်ကစာလုံးအက္ခရာတွေပေါ်နေသော ညာလက်ဝါးဖြင့် တစ္ဆေကောင်ကြီးငယ်ထိပ်ကို အမိအရရိုက်ထည့်လိုက်သည်။

“ အုံး.....အူး.....ဂူနီး.... ”

ကျောက်ခန်းမဆောင်ကြီးထဲတွင် အသံတွေဟိန်းထွက်သွားသည်။ ကျောက်တုံးတစ္ဆေကောင်ကြီးသည် အောင်မော့်လက်ဝါးကြောင့်လဲပြိုကျသွားပြီး အစိတ်စိတ်အမွှာမွှာကွဲပြိုကာ ငြိမ်သက်သွားသည်။ ထိုကျောက်တုံး အစုအပုံထဲမှဝိဥာဉ်တစ်ခုထွက်ပေါ်လာသည်နှင့် ကျောက်ခန်းမကြမ်းပြင်သည်တစ်ချက်တုန်သွားပြီး ကျောက်တုံးပုံထဲမှထွက်လာသော ဝိဥာဉ်ကိုကြမ်းပြင်အောက်မြေကြီးထဲစုပ်ယူသွားတော့သည်။

“ အူး........... ”

ကျောက်တုံးဝိဥာဉ်ကောင်၏ ညည်းတွားသံကြီးပဲ့တင်ထပ်ကျန်ခဲ့သည်။ ထို့နောက်နံရံပေါ်ရှိဝိဥာဉ်တွေအကုန်လုံးလွှတ်ထွက်လာသည်။

“ မေမေ.. ”

ကျော်ကျော့်အသံ။ အောင်မော်ချက်ချင်း ကျော်ကျော့်ထံရောက်သွားပြီးကျော်ကျော့်ထံမှာငွေရောင်လိပ်ပြာကြီးကို ဖမ်းဆွဲ


www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။

"အိမ်ပြန်ကြမယ်သား အိမ်ကိုတွေနေ"

အောင်မော့်စိတ်ကအိမ်ကိုဦးတည်ထားလိုက်သည်။

ထို့နောက် မြန်သောအရှိန်ဖြင့် ကျယ်ပြန့်ပြီးအဆုံးအစမရှိသော နေရာကြီးတစ်ခုတွင်ရွေ့လျားနေသည်။

◆ ◆ ◆ ◆ ◆

ကျောက်တောင်ထဲကတစ္ဆေကောင်ပျက်သုန်းသွားကတည်းကခုတင်ပေါ်ရှိကျော်ကျော့်ခန္ဓာကိုယ်သည်ငြိမ်ကျသွားသည်။

"ဟာ ဟိုမှာတော့ကိစ္စပြတ်ကုန်ပြီ ဒီကဝင်ကစွပ်ကောင်လည်းပျက်စီးသွားပြီ သူတို့ပြန်လာဖို့သင့်ပြီ"

ဆရာနန္ဒဖကားကြောင့် ဒေါက်တာတင်ထွန်းရော သီတာပါ စိတ်လှုပ်ရှားသွားကြသည်။

ထိုစဉ်မှာပင် အိမ်အပြင်ဘက်မှာကျီးပြိုသံကြားရသည်။ အားလုံးပြတင်းပေါက်မှကြည့်လိုက်ကြရာ ကောင်းကင်တစ်ခုလုံးပြည့်မတက်ကျီးကန်းတွေ အော်ဟာစ်ပျံဝဲနေကြသည်။

" သူတို့နောက်မှာ သူတို့ခန္ဓာကိုလုချင်တဲ့ဗိဉာဉ်တွေအများကြီးပါလာတဲ့သဘောပဲ ဒါကိုသူတို့မသိသေးဘူးနဲ့တူတယ် ဒါကြောင့်ကြာနေတာ "

ဆရာနန္ဒဖမျက်နှာပေါ်တွင် စိုးရိမ်ပူပန်သောအရိပ်အ



www.burmeseclassic.com

www.burmeseclassic.com


ယောင်ကိုမြင်ရသဖြင့် သီတာလည်းခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။

◆ ◆ ◆ ◆ ◆

အောင်မော်သည် ကျောက်ကျော့လိပ်ပြာကြီးကိုဆွဲခေါ်ပြီးအိမ်ကိုအာရုံပြုထားသော်လည်း အိမ်ကိုမရောက်နိုင်သေး၍ စိတ်ပူလာသည်။ မိမိတို့ရွှေ့လျားမှုမှာ လေးလံနှေးကွေးနေသည်ဟုလည်းထင်မိသည်။ ပတ်ဝန်းကျင်တွင် လည်းတီးတိုး စကားသံ များကိုကြားလာရလို့ထင်သည်။ ထို့ကြောင့် မိမိတို့ဝန်းကျင်ကို အာရုံစိုက်ကြည့်လိုက်သည်။

" ဟာ ပြဿနာပဲကျောက်တုံးထဲက လွတ်လာတဲ့ကောင်တွေလိုက်လာတာကိုး "

အောင်မော်ပတ်ဝန်းကျင်ကို ကောင်းကောင်းမြင်လိုက်ပြီ။ ကျောက်ကျော့ကဲ့သို့ကျောက်တုံးကြီးထဲမှလွတ်လာသော ဝိဉာဉ်တွေကသူနှင့်ကျောက်ကျော့နောက်လိုက်လာနေကြသည်။ အောင်မော်စိတ်ကိုစုစည်းပြီးအိမ်သို့ရောက်အောင်အာရုံပြုသည်။ အိမ်၏နွေးထွေးမှုကိုရင်ထဲမှာ ပေါ်လာအောင်ခံစားကြည့်သည်။ သားလေးကိုမွေးခါစ သူတို့မိသားစုလေး၏နွေးထွေးမှုကို အာရုံပြုကြည့်သည်။ ရင်ထဲမှာအားတွေတိုးပွားလာသည်။ သူတို့ရွှေ့လျားမှုပိုမြန်သွားသည်။ နောက်ကလိုက်လာသောဝိဉာဉ်တချို့ကျန်ခဲ့သည်။ နှောင့်လိုချင်စိတ်ပြင်းပြနေသော ဝိဉာဉ်များကတော့ ဝံပယ်ရှပ်မကွာလိုက်လာ


www.burmeseclassic.com

www.burmeseclassic.com


သည်။

သားလေး၏ လိပ်ပြာကြိုးကိုတင်းတင်းဆွဲရင်း သားလေး စကားပြောတတ်စအရွယ် "မေမေ၊ ဖေဖေ" ခေါ်သံလေးတွေကို ပြန်စဉ်းစားကြည့်သည်။ သားလေးနှင့်သီတာ့ပုံရိပ်များကို ထပ်တလဲလဲစဉ်းစားလိုက်တော့ စိတ်အာရုံတွေနိုင်မြဲလာပြီး ရွှေ့လျားမှုလည်းဖော်မပြနိုင်အောင်မြန်သွားသည်။ ချက်ချင်းအိမ်ရှေ့ကို ရောက်သွားသည်။

မဲမှောင်သောအရိပ်တွေက အိမ်ကိုဖုံးလွှမ်းထားသည်။ အိမ်ထဲသို့ဝင်ရန်တံခါးပေါက်ကိုလှည့်ပတ်ရှာသည်မတွေ့။ မဲမှောင်သောအရိပ်တွေက အိမ်တံခါးကိုဖုံးကွယ်ထားသည်။

အောင်မော့်လက်ထဲတွင်ဆုပ်ကိုင်ထားသော ကျော်ကျော့် လိပ်ပြာကြိုးမှ ငွေရောင်အလင်းမှာ ပျောက်တော့လာသည်။

◆ ◆ ◆ ◆ ◆

အိမ်ခေါင်မိုးပေါ်တွင်ပျံဝဲနေသော ကျီးကန်းတွေအသံက ပိုမိုစူး ရှလာသည်။

"သူတို့ဒီနားရောက်နေကြပြီ မကောင်းတဲ့ဝိဉာဉ်တွေကသူတို့ကိုလမ်းပိတ်ထားလို့ အိမ်ထဲဝင်လို့မရဘူးဖြစ်နေတာ"

ဆရာနှံ့ဖကစိုးရိမ်စွာဖြင့်ပြောလိုက်ရာ သီတာရော ဒေါက်တာတင်ထွန်းပါထိတ်လန့်တကြားမတ်တပ်ထရပ်လိုက်ကြ သည်။

ထိုစဉ်မှာပင် ကျော်ကျော့်ခန္ဓာကိုယ်မှာ အသက်ရှူသံမျှ


www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မျက်နှာမှာလည်း သွေးဆုတ်လာသည်ကို အားလုံး သတိထားမိလိုက်သည်။ သီတာသည်စိတ်ကို မထိန်းနိုင်တော့ ဘဲဒူးတွေ ညွှတ်ခွေကျသွားသည်။ မျက်ရည်တွေစီးကျလာပြီး ကျော်ကျော့်ခန္ဓာ ကိုယ်ကို ရင်ခွင်ထဲဆွဲပွေ့လိုက်သည်။

"သား..သားလေးရယ်မေမေခေါ်နေတယ်လေ."

မျက်ရည်စတို့ကကျော်ကျော့်ရင်ဘတ်ပေါ်စီးကျသည်။

◆ ◆ ◆ ◆ ◆

တဖြည်းဖြည်းကြီးစိုးလာသော အမှောင်ကြားတွင် အိမ်ထဲ သို့ဝင်ရန်တံခါးပေါက်ပျောက်နေသည်။

ထိုစဉ်မှာပင်...။

"ဖေဖေ .. ဟိုမှာသားကိုမေမေခေါ်နေတယ်သွားကြ မယ်လေဖေဖေပါလိုက်ခဲ့လေ"

အောင်မော်သည်ကျော်ကျော့်စကားသံကိုစိတ်ဖြင့်ကြား လိုက်ရသည်။ ကျော်ကျော့်လိပ်ပြာကြီးမှာငွေရောင်အလင်းတောက် ပနေသည်။ ကျော်ကျော့်ဝိညာဉ်မှာရွှင်ပြနေသည်။ ကျော်ကျော့်လိပ် ပြာကြီးကိုလွှတ်ပေးလိုက်သည်။ ကျော်ကျော်ကအောင်မော့်လိပ် ပြာကြီးကိုပြန်ဆွဲကာဦးဆောင်ခေါ်သွားသည်။ ကျော်ကျော်ကအိမ် ထဲဝင်ရန်လမ်းကို သေသေချာချာမြင်နေပုံရသည်။ အမှောင်ရိပ် တို့သည်ကျော်ကျော့်အပြန်လမ်းကိုဖုံးကွယ်မထားနိုင်တော့။ အောင်မော့်သည်း စိတ်ကိုလျှော့လိုက်ပြီး ကျော်ကျော်ခေါ်ဆောင်ရာ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လိုက်မည်ဟုအာရုံပြုထားလိုက်တော့သည်။

◆ ◆ ◆ ◆ ◆

အေးစက်မဲ့မှောင်သောခံစားမှုတွေ ရုတ်တရက် ပျောက်သွားသည်။ ရှုနွေးထွေးမှုသည်နှလုံးသားထဲတစိမ့်စိမ့်တိုးဝင်လာသည်။ ပြီးတော့အလင်းရောင်။ဟုတ်သည်။ သူတို့အိမ်ပြန်ရောက်ပြီဆိုတာသေချာသွားပြီ။

◆ ◆ ◆ ◆ ◆

ခုတင်ပေါ်လဲလျောင်းနေသော ကျော်ကျော့်မျက်နှာသည် သွေးရောင်လွှမ်းလာပြီးချက်ချင်းပင်မျက်လုံးများပွင့်လာကာ

" မေမေ "

ဟုအားပါးတရခေါ်လိုက်ကာ မအေဖြစ်သူကိုထဖက်လိုက်သည်။

" သား‥ သားလေး မေ့မေ့သားလေး "

သီတာကလည်းကျော်ကျော်ကို တင်းကျပ်နေ အောင်ပြန်ဖက်ထားလိုက်သည်။ ထိုခဏမှာပင်အိမ်ပေါ်တွင်ပျံ့ဝဲနေသော ကျီးကန်းတွေလည်းကွယ်ပျောက်သွားသည်။ အိမ်ခန်းကလေးထဲရှိ လူတွေအားလုံးနွေးထွေးစွာပြုံးပျော်နေကြသည်မှာသေချာသည်။

◆ ◆ ◆ ◆ ◆

ကာဝေနီ



www.burmeseclassic.com

www.burmeseclassic.com



# ဆိုက္ကားစီးသော တစ္ဆေသားအမိ

## ဒေဝေါ

ကျွန်တော် ကျောင်းသားဘဝက ကျွန်တော်နှင့် အလွန်ခင်မင်ပြီး အစဉ်အမြဲသွန်သင်ဆုံးမတတ်သောသူ တစ်ဦးရှိခဲ့သည်။ သူ့အမည်က ကိုသံချောင်း ဖြစ်သည်။

သူက အသားညိုပြီး တုတ်ခိုင်သည့်ရေနံချောင်းသားဖြစ်သည်။ စက်ဘီး၊ ဆိုက္ကားပြင်သည့် အလုပ်လုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်တော်က ဦးသံချောင်းအနီးသို့ ချဉ်းကပ်ပြီး

'ဦးသံချောင်းကို မေးစရာရှိလို့'

'ရော ဘာများလဲကွ၊ မေးစရာရှိရင် မေးလေ'

ဟုပြောသည်။ ပြီးနောက် သူ့ကိုအပ်ထားသည့် စက်ဘီးကျွတ်ပေါက်ကို ဖာနေ၏။ ကျွန်တော်က

'ဦးသံချောင်း အရင်ကဆိုက္ကားနင်းတယ်ဆို'

ဟုမေး၏။

'အေးလေ၊ ဟုတ်တယ်'

'ဦးသံချောင်းက ဆိုက္ကားအနင်းကောင်း၊ အလုပ်လုပ်တဲ့ နေရာမှာလည်း ဝီရိယရှိကြိုးစားလို့ စီးပွားရေးသိပ်ကောင်းခဲ့တယ်ဆို'

'အေး၊ ဒါလဲ ဟုတ်တာပဲကွ'

'ဒါပေမယ့် တစ်ည ဦးသံချောင်း ဆိုက္ကားနင်းပြီးအပြန် တစ္ဆေမနဲ့တွေ့ပြီး အချောက်ခံရလို့ လန့်ဖျားဖျားပြီးတဲ့နောက် ဆိုက္ကားနင်းတဲ့ အလုပ်ကို စွန့်လွှတ်လိုက်တယ်ဆို၊ တစ္ဆေမက ဘယ်လိုခြောက်လိုက်လို့ ဦးသံချောင်း ကြောက်သွားတာလဲ၊ ကျွန်တော်တို့ကို ပြောပြပါလား'

ဟုဆိုသောအခါ ဦးသံချောင်းက သက်ပြင်းချပြီး

'ငါက ဒီအကြောင်းကို မေ့ထားတာကွ၊ ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကို သတိရတိုင်း ကြောက်စိတ်ဝင်တတ်လို့ ငါမေ့ထားတာ၊ အခု မင်းက သိချင်တယ်ဆိုရင် ငါပြောပြမယ်၊ ဒီအကြောင်းဟာ ဗဟုသုတ ဖြစ်စရာအကြောင်းလဲဖြစ်တယ်လေ'

ဟုပြောကာ သူ၏အကြောင်းကို ပြောပြသည်။

◆ ◆ ◆ ◆ ◆

ကိုသံချောင်းသည် ရေနံချောင်းမှ ရန်ကုန်သို့ရောက်ပြီးနောက် သံမဏိစက်ရုံ၌ အလုပ်လုပ်သည်။

သို့သော် ကိုသံချောင်းသည် မစိန်ပိုင်နှင့်အိမ်ထောင်ကျပြီးနောက် သံမဏိစက်ရုံဝန်ထမ်းဘဝမှ ထွက်လိုက်သည်။ ကိုမြသွင်၏ အကူအညီနှင့် ဆိုက္ကားနင်းခဲ့သည်။ ကိုမြသွင်က ဆိုက္ကားသမားဖြစ်ပြီး ကိုသံချောင်းဆိုက္ကားနင်းနိုင်ရန် အံ့မှာနှင့်ဆက်သွယ်ပေးသူဖြစ်သည်။ ထို့အတူ ဇနီးဖြစ်သူ မစိန်ပိုင်ကလည်း ချွေတာတတ်သူ၊ စုဆောင်းတတ်သူဖြစ်သဖြင့် မကြာမီ ကိုသံချောင်း ဆိုက္ကားပိုင်ရှင်ဘဝနှင့် အဆင်ပြေခဲ့သည်။

သို့သော် ကိုသံချောင်းက ရိုးသားသူ၊ ကြိုးစားသူဖြစ်၏။ ကိုယ်ပိုင်ဆိုက္ကားကလေးနှင့်နင်းရပြီဆိုတော့ နေ့ဘက်တင်မက ညဆယ့်နှစ်နာရီလောက်အထိ ဆိုက္ကားနင်း၏။

ဇနီးဖြစ်သူ မစိန်ပိုင်က

'ကိုသံချောင်းရယ် ကျွန်မတို့မှာ ငိုစားရယ်စားမယ့်သူမရှိပါဘူး၊ နေ့ဘက် နင်းရင်တော်ပြီပေါ့၊ ညဘက်မနင်းပါနဲ့တော့'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလျှင် ကိုသံချောင်းက

'ဟာ စိန်ပိုင်ကလည်း ၊ခုအချိန် ငါတို့မှာ သားသမီး မရှိပေမယ့် နောင်မရှိဘူးလို့ ပြောနိုင်မလား၊ ဒီလို သားသမီး ရှိလာချိန်မှာ အဆင်ပြေဖို့ လိုတယ်လေ၊ ပြီးတော့ ညကလည်း တစ်ညလုံးနင်းတာ မဟုတ်ပါဘူး၊ ညဝက်လောက် နင်းတာပါ၊ ငါ မပင်ပန်းပါဘူး'

ဟု ပြောပြတတ်သည်။

ထို့ကြောင့် မစိန်ပိုင် လက်လျှော့လိုက်ရ၏။

♦ ♦ ♦ ♦ ♦

ကိုသံချောင်း ထမင်းစား ဆေးလိပ်ကလေးဖွာကာ အိမ်ရှေ့တွင် ထိုင်နေစဉ် ကိုသက်ဝေ ရောက်လာ၏။ အချိန်က ကိုးနာရီ ကျော်ကျော်။

'သံချောင်းရေ၊ မင်း ဆိုက္ကားအားလား'

ဟုမေး၏။

'အားပါတယ် ကိုသက်ဝေ၊ ဘယ်သွားချင်လို့လဲ'

'ငါ မသွားပါဘူး၊ ငါ့တူမတွေ ဈေးကုန်းပြန်ချင်လို့ကွာ၊ မင်း လိုက်ပို့ပေးနိုင်မလား'

'ဖြစ်ပါတယ် ကိုသက်ဝေ'

သူက သဘောတူလိုက်သည်။ မစိန်ပိုင်က

'ကိုသံချောင်း ရှင် သေချာစဉ်းစားဦးနော်၊ အချိန်လဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦး၊ ကိုးနာရီထိုးနေပြီ၊ အပြန်ခရီးသည်မရရင် ရှင်တစ်ယောက်တည်း ပြန်လာရမှာ'

ဟု ပြောသည်။

'ရပါတယ်၊ ခရီးသည်လည်းရနိုင်ပါတယ်၊ စိတ်မပူပါနဲ့'

'ကိုသံချောင်း ဘုရားစာလေးလည်း ရွတ်သွားနော်'

ဟုမှာ၏။ မစိန်ပိုင် ဘာကြောင့် ဤသို့မှာရသနည်း။ အကြောင်းရှိသည်ဟု ဆိုရမည်။ အကြောင်းကား ၁၉၅၉-၆၀ ခုနှစ်ပတ်ဝန်းကျင်က အင်းစိန်သည် ဤမျှ မဖွံ့ဖြိုးသေး။ ပြီးတော့ အင်းစိန်ဆေးရုံကြီးကလည်း ဤသို့မဟုတ်။ အင်းစိန်ဆေးရုံကြီးက မင်းကြီးလမ်းနှင့် အင်းစိန်မင်္ဂလာဒုံလမ်းကြီး၌ ရှိသည်။

မင်္ဂလာဒုံ-အင်းစိန် လမ်းမကြီးဘက်တွင် ရင်ခွဲရုံရှိသည်။ သံပြားကာ၊ သံပြားမိုးဖြစ်ပြီး လူ့သေတင်တလားက ကျောက်တလား ဖြစ်သည်။ ရင်ခွဲရုံဘေး၌ ကြီးမားပြီး အုပ်ဆိုင်းသည့် ဆောင်ပင်ကြီး ရှိသည်။ ထိုစဉ်က အင်းစိန်ဆေးရုံအနီးတစ်ဝိုက်က ယမခြောက်သည်ဟု နာမည်ကြီးသည့်နေရာ။ ရင်ခွဲရုံဆောင်ပင်ဘက်မှထွက်ကာ ဆေးလိပ်မီးတောင်း၍ ခြောက်သည်ဟု ပြောစမှတ်ရှိသည်။ ညဆို တစ်ဦးတည်း လမ်းလျှောက်ရဲသူမရှိ။

အင်းစိန်ဆေးရုံရှေ့၊ အင်းစိန်မင်္ဂလာဒုံလမ်းဘေး၌ အင်းစိန်ရဲဌာနရှိသည်။ ပြီးတော့ အင်းစိန်တရားရုံး၊ ငွေတိုက်ရုံး၊ အင်းစိန်ရဲဌာန ရှေ့ရထားလမ်းဘေး၌ စီအိုင်ဒီရုံးရှိသည်။ (ယခု



www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ရဲဌာနလည်း မရှိ၊ ပြီးတော့ ထိုနေရာတွင် အင်းစိန်ဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ထားသည်။ ရေခဲတိုက်ရင်ခွဲရုံကိုလည်း ပြုပြင်ပြီးပြီ။ ဩောင်ပင်ကြီးလည်း မရှိတော့။)

ထိုညက ကိုသံချောင်းအကြောင်းပြောရလျှင် ဈေးကုန်း (ကြေးတိုင်စု)သို့ ခရီးသည်ပို့ပြီး ပြန်တော့ ၁၂ နာရီထိုးတော့မည်။ ကိုသံချောင်းက ခရီးသည်ရမည်ထင်သော်လည်း မရခဲ့။ ထို့ကြောင့် ခါလီနင်း၍ ပြန်လာခဲ့ရသည်။ အင်းစိန်ဆေးရုံကြီးရှေ့ရောက်တော့ စိတ်ကလှုပ်ရှားသလို ဖြစ်လာသည်။ လမ်းမပေါ်၌လည်း ကားအသွားအလာ လူအသွား အလာက မရှိ။ လမ်းမကြီးပေါ်၌ သူ့ဆိုက္ကားတစ်စီးပဲရှိသည်။ သူ့စိတ်တွေ လွင့်နေ၏။

ညငှက်အော်သံဖွေက ကျယ်နေသလို တစ်ချက် တစ်ချက် ဝေ့တိုက်လာသည့်လေနှင့်အတူ ပုပ်အဲ့အဲ့အနံ့ကို ရှူရှိုက်မိသည်။ သူသည် ကြောက်စိတ်ကြောင့် ဘုရားစာဆိုဖို့ မေ့လျော့ နေ၏။ သူ ဆိုက္ကားကို မြန်မြန်နင်းခဲ့၏။

သို့နှင့်ဆေးရုံရှေ့ထွက်လမ်းသို့အရောက်

'ကျွီ'

သူ ဘရိတ်ကို ဆွဲညှစ်လိုက်သည်။ သူ့အား ဆိုက္ကား ငှားသူ ပေါ်လာသောကြောင့် ဖြစ်သည်။ မိန်းကလေးတစ်ဦးနှင့် ကလေးတစ်ဦး။ မိန်းကလေးက အသက် ၃၅ နှစ်ခန့်ရှိပြီး ကလေးက အသက် ၄ နှစ်ခန့်ရှိမည်။ ယောက်ျားကလေး။



www.burmeseclassic.com

www.burmeseclassic.com


'အေးသိဒ္ဓိထိပ် လိုက်ချင်လို့'

'ရပါတယ်'

ကိုသံချောင်း ခရီးသည်ရ၍ ပျော်သွားသည်။

'တစ်ကျပ်နော်'

'ရပါတယ်'

'ဒါဖြင့် ခဏလေး'

မိန်းကလေးက ရှေ့ခုံတွင်မထိုင်။ နောက်ခုံ၌ထိုင်သည်။ ကလေးကို ရှေ့ခုံ၌ တင်ပေးသည်။

'ရပြီနော်'

'ဟုတ်'

ကိုသံချောင်း ဆိုက္ကားကိုနင်းထွက်ခဲ့သည်။ အေးသိဒ္ဓိသည် သိပ်မဝေး။ တစ်ခုရှိသည်က ကုန်းမြင့်။ ကိုသံချောင်းလည်း ဘယ်မှ မကြည့်ဖြစ်။ ဆိုက္ကားကို အားစိုက်နင်းခဲ့သည်။

အေးသိဒ္ဓိကုန်းက နီးပြီ။

အေးသိဒ္ဓိကုန်းက ပြေသလိုလိုရှိသော်လည်း မြင့်သည်။ ထို့ကြောင့် ဆိုက္ကားကိုသာ အားစိုက်နင်းခဲ့သည်။ တစ်ခုရှိသည်က ဆိုက္ကား သည်လေးလွန်းလှသည်ဟု ဘင်၏။ နည်းနည်းအေးလာပြီဖြစ်သော်လည်း ချွေးပျံနေ၏။ အေးသိဒ္ဓိကုန်းထိပ်သို့ ရောက်တော့မည်။ ညက နက်လာသည့် ဆိုမည်လား။ ဘာသံမျှ မကြားရ။ တိတ်ဆိတ်မှုက မင်းမူနေ၏။ ထိုစဉ် အေးသိဒ္ဓိကုန်း


www.burmeseclassic.com

www.burmeseclassic.com


ပေါ်သို့ ရောက်ခဲ့သည်။ သူတို့ ဘယ်မှာ ဆင်းမလဲမသိ။

သူ စဉ်းစားနေခိုက်။ ဆိုက္ကား ငြိမ့်ခနဲဖြစ်သွားသည်ကို သိလိုက်သလို ဆိုက္ကားပေါ်သွားသည်ဟု သိလိုက်သည်။

ကြက်သီးတွေထ၊ ခေါင်းတွေကြီးလာသဖြင့် ဆတ်ကနဲ လှည့်ကြည့်လိုက်ရာ

'ဟင်...'

သူ တုန်လှုပ်ချောက်ခြားမှုကို ခံစားလိုက်ရသည်။ သူ ဆိုက္ကားပေါ်မှ လွှားကနဲခုန်ဆင်းလိုက်သည်။ ကြောက်စိတ်က မင်းမူနေပြီ။

မှန်သည်။ ဆေးရုံရှေ့မှ မိမိတင်လာခဲ့သည့် အမျိုးသမီးနှင့် ကလေး၊ ဆိုက္ကားပေါ်မှာမရှိတော့။ လမ်းမီးရောင်၊ ကြယ်ရောင်၊ လရောင်တို့ ထိန်လင်းနေသည်မို့ ပြေးသွားလျှင်လည်း တွေ့နိုင်သည်။

သူတို့ပျောက်ခြင်းမလှ ပျောက်သွားပြီ။

◆ ◆ ◆ ◆ ◆

မစိန်ပိုင်ရောက်လာသည်။

'မင်းရဲ့ ဦးသံချောင်း၊ အဲဒီနေ့ကအဖြစ်ကို မင်း သိရင် ရယ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုရင် သူ ငယ်သံပါအောင် အော်ပြီး ပြေးလာတော့ ဆိုက္ကားမပါဘူး၊ လူချည်းပြေးလာတာလေ၊ အိမ်ရောက်တော့ မနည်းနှာနှပ်ယူရတယ်၊ ဆိုက္ကားကိုလည်း


www.burmeseclassic.com

www.burmeseclassic.com


အခြားသူတွေက ယူပေးရတာ'

ဟုပြောပြီး ကိုသံချောင်း တစ်ယောက် ကြောက်ဖျား ဖျားသွားကြောင်း၊ အဖျားပျောက်လျှင် ဆိုက္ကားမနင်းတော့ဟု ပြောကာ ဆိုက္ကားကို ရောင်းလိုက်သည်။ ထို့နောက် ဆိုက္ကားသမားဘဝကိုစွန့်ပြီး စက်ဘီး၊ ဆိုက္ကား ပြင်သူဘဝ ရောက်ခဲ့သည်။

'ဦးသံချောင်း ကြောက်သွားတယ်နော်'

'ဘယ်နှယ့်ပြောပါလိမ့်၊ ကြောက်တာပေါ့ကွ၊ ကံကောင်းလို့ မသေတာကိုယ့်လူ၊ အမယ်လေး၊ မြင်မကောင်း ရှုမကောင်းတဲ့ မြင်ကွင်းကိုသာတွေ့ရရင် သေမလားမသိဘူး၊ ခု ဒီအကြောင်း စဉ်းစားမိရင် ကြောက်စိတ်ကဝင်တုန်းပဲ၊ ဒါကြောင့် ငါ ဆိုက္ကားသမားဘဝကို စွန့်လွှတ်လိုက်တာ'

ဟုပြောသည်။

ယခု ကိုသံချောင်းမရှိတော့လေပြီ။ ထို့အတူ အင်းစိန်ဆေးရုံနှင့် ဝန်းကျင်အသွင်အပြင်က ပြောင်းနေပြီ။ သို့သော် ကျွန်တော့်စိတ်ထဲမှ ကိုသံချောင်းအဖြစ်ကို သတိရနေဆဲ၊ မေ့မရဖြစ်နေဆဲ။

◆ ◆ ◆ ◆ ◆

ဒေဝေါ


www.burmeseclassic.com

www.burmeseclassic.com



# ဆေးလိပ်ကြိုက်တဲ့တစ္ဆေ

## ဒေဝေါ

၁၉၇၀ ခုနှစ်ကဖြစ်သည်။

ထိုစဉ်က ကိုသိန်းဆောင်သည် တပ်မတော်မှ ထွက်ပြီးစ ဖြစ်ပြီး အလုပ်အကိုင်မယ်မယ်ရရ မရှိချေ။ ထို့ကြောင့် ကိုသိန်းဆောင်၏ဇ နီး၏ အစ်မဖြစ်သူ၏ခင်ပွန်း ကိုလှဝင်း၏အကူအညီကို ယူရသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝင်းက သုံးဘီးမောင်းသမားဖြစ်သည်။ ကိုလှဝင်းက ကိုသိန်းအောင်အား သုံးဘီးအော်ဒါလိုက်ရန် ခေါ်သည်။ ကိုသိန်းဆောင် မှတ်မိနေသေးသည်။ ထိုညက ထုံးစံအတိုင်း ဗဟိုအမျိုးသမီးဆေးရုံ၌ ညဘက်နားနေစဉ် မင်္ဂလာဒုံသို့ အငှားရသဖြင့် လိုက်ခဲ့သည်။ မင်္ဂလာဒုံဘူတာအနီးရှိ စစ်တန်းလျားသို့ လိုက်ပို့ရခြင်း ဖြစ်သည်။

ညသည် အေးဆေးလှ၏။ ငြိမ်သက်တိတ်ဆိတ်နေ၏။ တစ်ခုရှိသည်က ည၏ နီယွန်မီးရောင်တို့က လင်းလက်နေသည်။

အေးဆေးစွာပင် အခြေအနေသည် တည်ငြိမ်နေ၏။ ခရီးသည်အား လိုက်ပို့ပြီးနောက် အပြန်ခရီး။

ခရေပင်လမ်းခွဲသို့ရောက်စဉ်

ယခု တပ်မတော်ဆေးတက္ကသိုလ်အနီး (ယခင်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)ရှေ့။

ထိုနေရာသို့အရောက် ကားကိုလှမ်းတားသည်။ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး။

'သမိုင်းသွားမယ်'

ကိုလှဝင်းက ခေါင်းညိမ့်ပြီး ဈေးပြောသည်။ သဘောတူညီမှုရသွားသဖြင့် ကားပေါ်တက်သည်။ ကိုသိန်းဆောင်က ကိုလှဝင်း နောက်ခုံ၌ ထိုင်သည်။ သုံးဘီးကားက ရှေ့ခန်းတွင် နှစ်ယောက်ထိုင်မရ။



www.burmeseclassic.com

www.burmeseclassic.com



တက်လာသူနှစ်ဦးသည် ခုံတန်း၌ အတူတူယှဉ်တွဲ၍ မထိုင်။ အမျိုးသားက ကျွန်တော်၏ရှေ့ခုံတန်း၌ ထိုင်ပြီး အမျိုးသမီးက ကျွန်တော်နှင့်ယှဉ်လျက် ထိုင်သည်။

နှစ်ဦးစလုံးကို အကဲခတ်ကြည့်ရာ အမျိုးသားက အသက် ၅၀ ခန့်ရှိပြီး အမျိုးသမီးက ၂၅ နှစ်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ အမျိုးသားက အနည်းငယ် အရုပ်ဆိုး၏။ အမျိုးသမီးကမူ လှပမှု ရှိသည်ဟု ဆိုနိုင်သည်။ အချိုးအဆစ်လည်း ကျသည်။

အထူးသဖြင့် ဆံပင်ကောင်းသည်။ ဆံပင်က ပိတုန်း ရောင်သို့ နက်မှောင်နေသည်။

◆ ◆ ◆ ◆ ◆

သုံးဘီးကားလေးသည် ပုံမှန်မောင်းလာ၏။ ညသည် တိတ်ဆိတ်ငြိမ်သက်နေပြီး ကားလမ်းပေါ်တွင် လူရှင်းနေသည်။

တစ်ချက် တစ်ချက် ညဉ့်ငှက်အော်သံကြားရပြီး အခြား ဘာသံမျှ မကြားရ။ ကားက စော်ဘွားကြီးကုန်းနှင့် နီးလာပြီ။ ထိုနေရာက လူပြတ်သည့်နေရာ။ ကိုလှဝင်းက စီးကရက် ကြိုက်သူ။ ကိုလှဝင်းက စီးကရက်ကို မီးညှိ ဖွာရှိုက်ပြီး ကိုသိန်းဆောင်အား မီးခြစ်နှင့် စီးကရက်တစ်လိပ် ကမ်းပေးသည်။

ကိုသိန်းဆောင် စီးကရက်နှင့်မီးခြစ်ယူပြီး သူတို့နှစ်ဦး အား အကဲခတ်ကြည့်လိုက်သည်။ သူတို့နှစ်ဦးသည် တည်တည် ငြိမ်ငြိမ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦးလည်း စကားမပြောကြ။ သူတို့က ဘယ်လိုလူတွေနည်း။ ကိုသိန်းဆောင် ဟိုဟိုသည်သည် စဉ်းစားရင်း စီးကရက်ကို မီးညှိလိုက်သည်။ စီးကရက်ကို တစ်ချက်နှစ်ချက်ဖွာရှိုက်သည်။

'ဒီမှာ သူငယ်'

ဟု ခေါ်သံကြားသည်။ ကိုသိန်းဆောင် ကြည့်လိုက်၏။

'ဘာအကူအညီပေးရမလဲ ဦး'

'ဘာမှ မဟုတ်ပါဘူး၊ မီးတစ်တို့လောက် တောင်းချင်လို့ပါ'

'ဟုတ်ကဲ့'

ဟုပြောပြီး ကိုသိန်းဆောင် မီးခြစ်ကိုလှမ်းပေး လိုက်သည်။ သူ မီးခြစ် ခြစ်ခြင်း၊ ဆေးလိပ်မီးညှိခြင်း ပြုသည်ကိုသိသည်။ မီးခြစ်ပြန်ပေးတော့ယူပြီး ကားရှေ့လမ်းဆီသို့ ကြည့်လိုက်သည်။

ကားက အောင်မင်္ဂလာဘက်သို့ ကွေ့လိုက်သည်။ (ထိုအချိန်က ယခုကဲ့သို့ စည်စည်ကားကားမရှိ။) ချိုင့်တစ်ခုကို နင်းလိုက်သဖြင့် ကားက သိမ့်ခနဲဖြစ်သွားသည်။

ကိုသိန်းဆောင် ယိမ်းယိုင်သွားသော်လည်း ထိုသူက ဆေးလိပ် သောက်မပျက်။ ကိုသိန်းဆောင် ကိုယ်ကို မတ်ပြီး နောက်သို့ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ကိုသိန်းဆောင် ဦးခေါင်းကြီးသွားသည်ဟု ထင်သည်။ ရင်တုန်ပန်းတုန်လည်း ခံစားလိုက်ရသည်။

'အား'

အလန့်တကြား အော်လိုက်မိသည်။

အခြားကြောင့်မဟုတ်။

ထိုလူကြီးက ဆေးလိပ်ကို ဖွာရှိုက်နေသော်လည်း ဆေးလိပ်မီးက ရဲကနဲ ရဲကနဲဖြစ်နေသော်လည်း သူ့မျက်နှာပြင်က လူသားတစ်ဦး၏ မျက်နှာပြင်နှယ်မဟုတ်။

မျက်ခုံး၊ မျက်လုံးမရှိ။

နှာခေါင်းမရှိ။

ပါးစပ်ပေါက်သာရှိပြီး ကျန်အပိုင်းများက ကျောက်သား ပြင်နှယ် ဖြစ်နေ၏။

ကိုသိန်းဆောင်၏ အော်သံကြောင့် ကိုလှဝင်းသည် ကားဘရိတ်ကို နင်းလိုက်သဖြင့် ကား တုန့်ခနဲ ရပ်သွားသည်။

'ဘာဖြစ်လို့လဲ သိန်းဆောင်'

'သ . . .သရဲ . . .သရဲ'

'ဘယ်မှာလဲ'

'ဟို . . .ဟို . . .'

ကိုလှဝင်းအမေးကို ဘယ်သို့ဖြေရမည်မသိတော့။ ဆေးလိပ်ကိုက်သည့်သရဲ။ မီးကစ်တို့တောင်းပြီး ကျောက်သား


www.burmeseclassic.com

www.burmeseclassic.com



မြင်မျက်နှာနှင့် ဆေးလိပ်ဖွာနေသည့် မြင်ကွင်းလည်းမရှိတော့။

ပြီးတော့ ရုပ်ချောချော ဆံပင်ကောင်းသည့် မိန်းကလေးလည်း မရှိတော့။ မျက်စေ့အောက်မှာပင် ပျောက်သွားပြီ။

သုံးဘီးပေါ်တွင်ကား ကိုလှဝင်းနှင့် ကိုသိန်းဆောင် နှစ်ယောက်တည်း။ ပတ်ဝန်းကျင်က ငြိမ်သက် တိတ်ဆိတ်လို့။

ကိုသိန်းဆောင်က ကျီးကြည့်ကြောင်ကြည့် ကြည့်နေသည်။ ကြက်သီးတွေ ဖြန်းဖြန်းထပြီး ခေါင်းတွေကြီးနေသည်။ သရဲအခြောက်ခံရသည့် အတွေ့အကြုံမရှိသဖြင့် ကြောက်စိတ်တို့ မင်းမူနေသည်။

ဘာလုပ်ရမည်မသိ။

ကိုလှဝင်းကမူ အတွေ့အကြုံရှိဟန်တူသည်။

နောက်သို့ လှည့်မကြည့်ရဲ။

သရဲခြောက်သည့်အကြောင်း ကြားဖူးသော်လည်း ယခုလို နဖူးတွေ့ ဒူးတွေ့ မကြုံဖူး။

ကိုယ်တိုင် သရဲခြောက်ခံလိုက်ရသည့်အခါ . . .

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com



# လမ်းပေါ်က တစ္ဆေမှင်စာ

## ဒေဝါ

လှိုင်ဖိုးခေါင်ရွာနှင့် မြစ်ဆိပ်ကမ်းကြား၌ သရက်တောဟူ၍ ရှိသည်။

သရက်ပင်တို့က နေပျောက်ထိုးမရလောက်အောင် အပင်စိတ်၏။ သရက်တောသို့မဝင်မီ သရက်ကောအစပ်၌ ကြီးမားသည့် ညောင်မုတ်ဆိတ်ပင်ကြီး တစ်ပင်ရှိ၏။ အကိုင်းအခက်တွေ ယှက်ဖြာသွယ်တန်း ရှည်ကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုညောင်ပင်ကြီး၌ ညအခါတွင် တစ်ပင်နှင့်တစ်ပင်ကူး ပြောင်းကာ ကစားနေတတ်သည့် တစ္ဆေမှင်စာ တစ်ကောင်ရှိ၏။

ထိုတစ္ဆေမှင်စာကလေးက လွန်စွာလျှင်မြန်၏။ ဖြူဖွေး သည့်အဆင်း ရှိသည်။ နူးညံ့ပျော့ပျောင်း၏။

ထိုတစ္ဆေမှင်စာကလေး၏ အရွယ်ပမာဏသည် သုံးလ သား ကလေးအရွယ်၊ အရပ်ရှိ၏။ ကိုယ်ကာယမှာ လူပုကလေး နှင့် တူသည်။

◆ ◆ ◆ ◆ ◆

မိမိလူပျိုပေါက်အရွယ်က အဖွားအိမ်မှ တိတ်တဆိတ် ထွက်ပြေးကာ ဖခင်ဖြစ်သူရှိသည့် ဖိုးခေါင်ရွာ ရဲဌာနသို့သွားခဲ့၏။

ရေလမ်းခရီးမှ သင်္ဘောနှင့် သွားခဲ့ခြင်းဖြစ်သည်။ ထိုနေ့ က သင်္ဘောနောက်ကျသဖြင့် ဖိုးခေါင်သို့ သင်္ဘောမိုးချုပ်မှ ဆိုက် ကပ်၏။ ထို့ကြောင့် ညကြီးမိုးချုပ် ကျွန်တော်တစ်ဦးတည်း သရက်တောကို ဖြတ်၍ ရွာကိုသွားရ၏။

(ထိုစဉ်က သရက်တောအစပ် ညောင်မှတ်ဆိတ်ပင်၌ တစ္ဆေမှင်စာရှိသည်ဟု မသိပါ)

လမိုက်ညဖြစ်မည်ထင်သည်။

အမှောင်က ကြီးစိုးနေ၏။ မှောင်သမှ ပိန်းပိန်းပိတ်လို့ ပင်။ လူသံလည်း မကြားရ။ တိတ်ဆိတ်ငြိမ်သက်သည့်ည ဖြစ်သဖြင့် သစ်ရွက်ရိုက်ခတ်လေတိုးသံက ကြက်သီးထဖွယ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အမြန်ရောက်လိုဇောနှင့် သွက်သွက် လျှောက်ခဲ့သလို ပါးစပ်မှလည်း သမ္ဗုဒ္ဓေဂါထာအား အမြန်မြန် ရွတ်ဆိုနေမိသည်။ ဤသို့ဖြင့် ကျွန်တော့်အဖေရှိရာ ရုံရှေ့သို့ ရောက်ခဲ့၏။ ကျွန်တော်ရောက်လာတော့ အံ့သြနေကြသည်။

'သား မင်း သရက်တောကိုဖြတ်လာတာပေါ့'

ဟု ဆိုသဖြင့် ကျွန်တော်က

'လမ်းက ဒီလမ်းပဲရှိတာ၊ ဒီလမ်းကမလာလို့ ကျွန်တော် ဘယ်လမ်းက လာရမလဲ'

ဟုဖြေလိုက်သည်။ တစ်ဦးက

'မင်း သိပ်ကံကြီးတယ်'

ဟု ပြောသည်။ ပြီးမှ

'ဒီနေရာက သိပ်ဆိုးတာကွ၊ သရက်တောက ကျွတ် ကုန်း ဖြစ်ခဲ့သလို ညောင်မုတ် ဆိတ်ပင်မှာက မှင်စာရှိတယ်လေ၊ မင်း ဘာမှမတွေ့လို့ တော်သေးတာပေါ့'

ဟု ပြောသည်။

◆ ◆ ◆ ◆ ◆

နောက်တစ်နေ့ ရွာထဲရောက်တော့

'မင်း ညကဖြတ်လာတဲ့ သရက်တောနဲ့ ညောင်ပင်ကြီး က သိပ်ဆိုးတာ၊ အထူးသဖြင့် ညောင်ပင်က မှင်စာကလေးပေါ့၊ ငါတို့ရွာကလူတွေ အရေးကြီးရင် လူလေးငါးဆယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



လောက်စုပြီး သွားရတာ'

ဟုပြောပြသည်။

ပြောစကားအရ ညောင်မုတ်ဆိတ်ပင်မှ တစ္ဆေမှင်စာကလေးက ဆိုးသည်။

လူတွေရှေ့က ဖြတ်ပြေးတတ်သည်။ ညောင်မုတ်ဆိတ်ပင်ပေါ်မှ အကိုင်းအခက်များပေါ် ပြေးလွှားခုန်ကူးနေတတ်သည်။

တစ်ခါတစ်ရံ ညောင်ပင်ပေါ်မှဆင်းကာ လူတွေရှေ့မှ ပတ်ပြေးနေတတ်သည်။ အချို့ဆို တစ္ဆေမှင်စာနှင့် တွေ့ပြီး အော်ပြေးခဲ့ရသည်။ အဖွားဒေါ်မယ်ရှင်က

'အဖွားငယ်ငယ်တုန်းက ဒီမှင်စာကလေး ကြောက်လို့ အော်ပြေးခဲ့ရဖူးတယ်'

ဟုပြောသည်။ ဦးလူမော်က

'တို့ရွာကလူတွေ ဘယ်တော့မှ တစ်ယောက်တည်း မသွားဖူးဘူး'

ဟုပြောသည်။

'ဘာကြောင့်လဲ ဘကြီး'

'ဘာကြောင့်ရမလဲကွ၊ တစ်ယောက်တည်းဆို ဒီမှင်စာခွကောင်ကလေးက အတင်းအဓမ္မ ခါးကို ခွတက်တတ်တယ်၊ သူ့ကို ကြည့်လိုက်ရင် သူက သွားကလေး ဖြဲပြီး၊ မျက်လုံးကလေးအပြောင်သားနဲ့ လူကို ပြန်ကြည့်တတ်တယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



အဖိုး စံအုန်းက

'မင်းကို ဗဟုသုတအဖြစ်ပြောရဦးမယ်၊ တစ်ခါက ငါးစိမ်းသည်ဒေါ်ချမ်း ဈေးလှည့်ရောင်းရင်း မိုးချုပ်မှ ပြန်ရတဲ့အထဲ တစ္ဆေမှင်စာနဲ့တွေ့ခဲ့တယ်လေ၊ အတင်းခွ၊ ခါးကိုခွကိုင်လို့ ကြောက်ပြီးအော်ပြေးခဲ့ရတယ်၊ ငယ်သံပါအောင် အော်ပြေးရတာ၊ တို့ရွာကလူတွေစုပြီး သူ့ပစ္စည်းကို ယူလာရတယ်'

ဒေါ်ချစ်နဲ့တွေ့တော့

'မပြောချင်ပါဘူးသားရယ်၊ အခု ပြန်ပြောရင် အခုထိ ကြောက်တုန်းပဲ၊ ဒါကြောင့် အဒေါ်က အဖော်မပါရင် ဒီနေရာကို နေ့ခင်းတောင် မသွားဘူး'

ဟုရှင်းပြသည်။ ကျွန်တော် ဘာကြောင့် ဒီတစ္ဆေမှင်စာကလေးနှင့် မတွေ့ခဲ့ရသနည်း။ သံမှုဒွေအံစွမ်းကြောင့်လား။

ကျွန်တော်ပြန်တော့ အဖေလိုက်ပို့သည်။ နေ့ခင်းကြောင်တောင် ကျွန်တော်ကြောက်နေသည်။ ကြက်သီးမွှေးညှာ ခေါင်းတွေကြီးသည်။

ကျွန်တော်ညောင်မုတ်ဆိတ်ပင်ကို မကြည့်ရဲသဖြင့် မကြည့်ခဲ့သည်ကို ရိုးသားစွာဝန်ခံပါသည်။

◆ ◆ ◆ ◆ ◆

ဒေငြိ



www.burmeseclassic.com

www.burmeseclassic.com



# ကြည်စယ်တာလား တစ္ဆေမရယ်

## ဒေဝေါ

မြန်မာစကားတွင် 'ပြောမယုံ ကြုံမှသိ'ဟုရှိသည်။ အချို့ ကိစ္စရပ်တွေ၊ အကြောင်းတွေက ပြောလျှင် ယုံစရာမရှိ။ ပိုပြောတယ်၊ ချဲ့ကားပြောတယ် ဟုဆိုကြသည်။

'တချို့က ပြောသည့်စကား၊ ကြားရသည့်အဖြစ်အား ဒီကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်က မဖြစ်နိုင်ပါဘူးကွာ၊ ဒါက 'လံကျုပ်' ဇာတ်လမ်းပဲဖြစ်မှာပါ' ဟု ပြောသည်။ ဒီတော့ကိုယ်တွေ့ကြုံခဲ့ရသူအတွက် 'သေပြီဆရာ' ဖြစ်ရတော့သည်။

စင်စစ်အမှန်ဖြစ်စေကာမူ ထိုအဖြစ်အားအများက မယုံကြည်လျှင် အလကားလိုလိုဖြစ်သွားသည်။ ပြန်ပြောရသူပေါချာချာဖြစ်သွားသည်။ ထို့ကြောင့် သည်အဖြစ်အား ဘယ်သူ့မှမပြောချင်ခဲ့။ မပြောခဲ့။ အဘယ့်ကြောင့်ဆိုသော် 'ထောင်တန်သည့်စကား ရယ်ပေါ့ဖြစ်' ဆိုသည့်အဖြစ်မျိုး ဖြစ်သွားမည်စိုးသောကြောင့်တည်း။

◆ ◆ ◆ ◆ ◆

သူ့အမည်က ကိုကျော်မြင့်ဖြစ်သည်။ အလုပ်ကတက္ကစီသမား။ အသားညိုညို ခပ်ပြည့်ပြည့်။

'ကျွန်တော်က ညမောင်းသမားနော်၊ နေ့မောင်းသမားမဟုတ်ဘူး'

သူကအမြဲပြောသည်။ သူက ညဘက်ကားမောင်းရသည်ကိုနှစ်သက်သည်။

'ညဘက် ကားမောင်းရတာ အန္တရာယ်ရှိတယ်မဟုတ်ဘူးလား၊ မသမာ သူ့အန္တရာယ်ရှိသလို ပရလောကနာနာဘာဝသူ့ရဲ့တစ္ဆေအန္တရာယ်လဲ မလွဲမသွေ ကြုံနိုင်တယ်လေ'

ဒါကို ကျွန်တော်ကြိုတွေးပြီးသားပါ၊ ဒါပေမယ့် ကျွန်တော်နားလည် ထားတာတစ်ခုက စစ်မြေပြင်မှာ စစ်သားတိုင်းအန္တရာယ်ကြုံရ



www.burmeseclassic.com

www.burmeseclassic.com


တာမဟုတ်ပါဘူး၊ စစ်သားတစ်ဦးအတွက် စစ်မြေပြင်သွားရင်လက်နက်ခဲယမ်းတို့ အမြဲသတိရှိဖို့လိုသလို ၊ ညကားမောင်းသူတစ်ဦးဟာလည်း အမြဲတမ်း မျက်စေ့ဖွင့်၊ နားစွင့်ထားရမယ်၊ ထားလဲထားခဲ့တယ်'

ဟု သူကပြောသည်။ ဒါကြောင့်မို့လားမသိ။ ည ကားမောင်းသည်မှာ ကြာပြီဖြစ်သော်လည်း မည်သည့်ဘေးအန္တရာယ်မှ မတွေ့ခဲ့။

အေးအေးချမ်းချမ်း ဘေးမသန်းစွာ နေနိုင်ခဲ့၏။

ထို့အတူ သူသည် ညဘက်တက္ကစီမောင်းစဉ်ကာလ မသမာသူများနှင့်မကြုံရ၊ မတွေ့ရသလို မကောင်းဆိုးဝါးနာနာဘာဝများနှင့်လည်း မတွေ့ရ၊ မကြုံခဲ့ရ။

'ညဘက် ကားမောင်းရတာ အင်မတန် သတိထားရတယ်၊ လူအန္တရာယ်က ဆိုးဝါးသလို မကောင်းဆိုးဝါးအန္တရာယ်ကလည်း ဆိုးတယ်'

ဟုပြောပြသည်။ သုံ့စင်မင်သည့် အိုးဆားဖစ်ညမောင်းသမားကိုသာကျော်က

'ညဘက်ကားမောင်းပြီဆိုရင် မလွဲမသေ တစ်နေ့မဟုတ်တစ်နေ့ မကောင်းဆိုးဝါးသူရဲတစ္ဆေနဲ့တွေ့ရမယ်၊ ဒါဟာ မလွဲမသေရင်ဆိုင်ကြုံတွေ့ရမယ်၊ ပရလောကအန္တရာယ်ပဲ'

ဟု သူကပြော၏။

ကိုသာကျော်က ရခိုင်တိုင်းရင်းသားဖြစ်ပြီး ညဘက်ကားမောင်းသက်ရှည်ပြီး ယခု တိုယိုတာကားမောင်းနေသော်လည်း အရင်က သုံးဘီးမောင်းသမားဖြစ်၏။

'သုံးဘီးတွေ နယ်နှင်ဒဏ်ပေးလိုက်လို့ ငါ ဒီကားတွေ မောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ငါကတော့ သုံးဘီးပဲကြုံကြိုက်တယ်'

ဟုပြောဖူး၏။ သုံးဘီး ညမောင်းသမားတစ်ဦး၏ဘဝကို သူက ပြောပြသလို သူ့အပြောကို နှစ်သက်သူများ၏။ ကိုသာကျော်က လူ့အန္တရာယ်နှင့်ကြုံခဲ့ဖူးသလို မကောင်းဆိုးဝါးအန္တရာယ်ကိုလည်းကြုံ ခဲ့ဖူး၏။

'ဒီတုန်းက ငါတို့ ညဘက် ဆယ့်နှစ်နာရီ၊ တစ်နာရီဆို ဟာယ်ပင်က ကလေးဆေးရုံရှေ့မှာ ညအိပ်ကြတယ်လေ'

ဟုပြောရင်း ဒီညက ကိုသာကျော်ကြုံခဲ့ရသည့် သူ့ရဲ့ခြောက်ခံ ရခြင်းပုံပြင်ကို ပြောပြသည်။

◆ ◆ ◆ ◆ ◆

ည နှစ်နာရီခန့်။

ထိုညက လမိုက်ည။

စင်စစ် ရန်ကုန်မြို့မှာကာ လပြည့်လကွယ်ရယ်လို့ ပြောကြ သော်လည်း လပြည့်ညနှင့် လကွယ်ညသည် ထူးခြားလှသည်မဟုတ်။ နေရာတကာတွင် နီယွန်မီးတိုင်များရှိနေပြီး မီးရောင်တွေ လင်းထိန်နေ သောကြောင့်ဖြစ်သည်။

ဖြစ်ချင်တော့ ထိုညက ကိုသာကျော် မနားလိုက်ရ။ အိပ်မည် ဟုစဉ်းစားပြီး ကားရပ်စဉ် သူ့ကားအနီးသို့ အသက် သုံးဆယ့်ငါးနှစ် ကျော်ကျော်ရှိနိုင်သော အသားဝါ၊ ခန္ဓာကိုယ်အရိုးအဆစ်ပြောင်၊ သရေ ထည်အင်္ကျီခပ်နွမ်းနွမ်းနှင့် ပါတိတ်အဟောင်းကိုဝတ်ထား၏။ သုံးဘီး



www.burmeseclassic.com

www.burmeseclassic.com



ကားနားရပ်ပြီး

'အစ်ကိုကြီး ကားအားလား' ဟုမေး၏။

'အားပါတယ်၊ ဘယ်သွားမလို့လဲ'

'ကျွန်မ နာနှတ်တောဆီသွားချင်လို့ပါ'

'ရတယ်'

ဟုပြောပြီး ဈေးပြောလိုက်သည်။ အမျိုးသမီးက မငြင်းပါ။ ပြီးတော့ သုံးဘီးနောက်ခုံ၌ ဝင်ထိုင်သည်။ ကိုသာကျော် စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ပြီး ဒရိုင်ဘာခန်းတွင်ဝင်ထိုင်ပြီး ကားမောင်းထွက်ခဲ့သည်။

ညသည် ကူမြွေ့ရှိနေသည်။

သို့သော် အမှောင်သည် မင်းမှုနေ၏။ လမိုက်ညမို့လားမသိ။ တိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းမိုးနေပြီး ငှက်ကိုက်သံ၊ ညည့်ငှက်အော်သံတို့က ခြောက်ခြားစရာကောင်းနေ၏။

ကားကို သမ္မတအိမ်တော်ဝင်းဘက်မှ ဖြတ်မောင်းခဲ့၏။ ထို့မှ ဗားကရာဘက်၊ ပြီးတော့ ကျွန်းတောလမ်းဘက်မှ ခရီးနှင်ခဲ့သည်။ ညကရင့်ရော်လာပြီး အမှောင်ကလွှမ်းမိုးတိတ်ဆိတ် မင်းမှုနေသည်။

ရပ်ကွက်များတွင်းဖြတ်ခဲ့သော်လည်း အိပ်ချိန်ဖြစ်သဖြင့် ကိတ်ဆိတ်ငြိမ်သက်နေသည်။

'ဦးသာကျော် မကြောက်ဘူးလား'

'ကြောက်မွေးပါရင် ရိတ်ပစ်မှာလေ၊ ငါပြောလို့ပြောတာ မဟုတ်ဘူး၊ ဝက်ဖြစ်ရင် မရျးမကြောက် ဆိုသလို ကြောက်တတ်ရင် ညကားမောင်းလို့မဖြစ်ဘူးလေ၊ လမ်းသွားများရင် ခလုတ်တိုက်မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com


ဟုပြောသည်။

ကျွန်တော်ကလဲ

'ကိုသာကျော် သူ့ရဲ့အခြောက်ခံရတာ အဲဒီညကလား'

ဟု မေးမိ၏။

ပြောရရင် ကျွန်တော်ကိုယ်တိုင်လည်း စိတ်ပါနေပြီ။ သူက

'ဟုတ်တယ်၊ ငါသူ့ရဲ့အခြောက်ခံရတာ အဲဒီညပဲ'

'ဘယ်လိုခြောက်တာလဲ'

သူက လက်ကာပြီး

'နေဦး၊ ငါပြောပြမယ်'

ဟုပြောသည်။

◆ ◆ ◆ ◆ ◆

ကိုသာကျော်လည်း လမ်းအတိုင်းမောင်းလာပြီး ကျွန်းတောနှင့် ဟံသာဝတီလမ်းဆုံသို့ ရောက်ခါနီး..

'ကျွန်မကို ရှေ့လမ်းဆုံကွေ့မှာပဲ ရပ်ပေးပါ'

ဟု သူမကပြောသည်။

ရှေ့မှာက ဟံသာဝတီလမ်းမရှိပြီး ဟံသာဝတီလမ်းမ၏ ဟိုမှာ ဖက်တွင် ကြီးတောသုသာန်အုတ်တံတိုင်းနီနီကိုတွေ့ရသည်။ ကားအ သွားလည်းကျဲနေပြီ။

သို့သော် မီးရောင်တို့က ထိန်လင်းနေ၏။ သူက ကားအား လမ်းဆုံအလွန်လေး၌ ရပ်လိုက်သည်။ ဘေးတွင်သုသာန်တံတိုင်း။ သူမအိမ်က ဘယ်မှာလဲ။


www.burmeseclassic.com

www.burmeseclassic.com


'ဒီမှာ ရပ်မယ်နော်'

သူမ ခေါင်းငြိမ့်လိုက်သည်။ ပြီးတော့ သူမက ကားခလှမ်းပေးသည်။ ကားရပ်လိုက်သည်နှင့် သူမတံခါးကို ဖွင့်လိုက်သည်။

သူမ ဘယ်သွားမှာလဲ၊ သူမ ဘယ်မှာနေသလဲ၊ ဆိုတာတွေကို သူ စဉ်းစားနေစဉ် သူမ၏ ထူးခြားသောအံ့ပြုအမူကို သူတွေ့လိုက်သည်။ အခြားမဟုတ်။ ကြံ့တောသုသာန် တံတိုင်းကိုကျော်ကာ သုသာန်တွင်းသို့ လှမ်းဝင်လိုက်သည့်မြင်ကွင်းဖြစ်သည်။ သူ ဘာလုပ်ရမည်မသိ။ ရုတ်တရက် ကြက်သေသေသွားသည်။

◆ ◆ ◆ ◆ ◆

'သည်တော့ ကိုသာကျော်ဘယ်လိုဖြစ်သွားလဲ၊ ကြောက်သွားတယ်မဟုတ်လား'

ကိုကျော်မြင့်ကဝင် မေးလိုက်သည်။ ကိုသာကျော်က ပုခုံးလေးတွန့်ပြီး

'ဘယ့်နှယ့်ပြောပါလိမ့်၊ ကိုကျော်မြင့်ရယ်၊ ကြောက်လိုက်တာမှအရမ်းပဲ၊ တစ်ကိုယ်လုံးအေးစက်တောင့်တင်းသွားသလားထင်ရတယ်၊ ဦးခေါင်းလဲ ပုတ်လောက်ကြီးသွားတယ်၊ ငါဘာမှ မစဉ်းစားတော့ဘူး၊ တစ်ခါထဲ ကားကိုလီဗာတင်ပြီး မောင်းထွက်ခဲ့တယ်၊ ငါ ဂိတ်ကိုမပြန်တော့ဘူး၊ အိမ်တန်းပြန်ခဲ့တာ'

ဟု ပြောသည်။

ကိုကျော်မြင့်သည် ညမောင်းသမားအဖြစ်ကျင်လည်ခဲ့သူ


www.burmeseclassic.com

www.burmeseclassic.com


လူစုံအကြောင်းစုံကို ကြားရသည်။ တစ်ခုရှိသည်က ဤအကြောင်းကို ပြောလျှင် ဤအကြောင်းသည် ထူးခြားမှုတစ်ခုရှိသည်ဟု ဆိုရမည်။

သူ မှတ်မိနေသေးသည်။ ဤအဖြစ်က ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းမှ စသည့်အဖြစ်ပင်။ ကျွန်တော်တို့ ညကားမောင်း သမားများသည် သူ့ အဖွဲ့နှင့်သူ နားနေရာတစ်ခု သတ်မှတ်ထားတတ် စမြဲဖြစ်သည်။

ယခုစာလော ကိုကျော်မြင့်တို့ သူငယ်ချင်းတစ်သိုက် (ည မောင်းသမားအုပ်စု)သည် မြန်မာ့ဂုဏ်ရည်လမ်းဘေးရှိ လဘက်ရည် ဆိုင်ကို စုရပ်အဖြစ်ထားခဲ့သည်။ ဒီနေရာက ညလုံးပေါက်လူစည်ကား သည့်လမ်းဖြစ်သည်။

◆ ◆ ◆ ◆ ◆

အချိန်က ည ၁၂ နာရီခန့်။

ကိုကျော်မြင့်သည် လက်ဘက်ရည်သောက်နေ၏။ ထိုစဉ် ဆိုင် ရှေ့မှ အသက်နှစ်ဆယ့်ငါးနှစ်ကျော်ကျော် မနွာကိုယ်အချိုးအဆစ် ပြေပြစ်သူ မိန်းကလေးတစ်ဦးကို ဖြတ်ကနဲမြင်လိုက်သည်။

သူမသည် အင်ဒိုနီးရှားပါတိတ်ထမီဆက်ဝတ်ထား၏။ ရှီးရှီး ယဉ်ယဉ်ကလေးဟုဆိုရမည်။ သူမသည် (၉၂) လမ်းထဲသို့ဝင်သွား၏။

အစတွင် အမှတ်တမဲ့ဖြစ်၏။ သို့သော် သူမ ဤလမ်းထဲသို့ ဝင်သွားပြီးမကြာခင် ပြန်ထွက်လာခြင်း၊ ပြန်ဝင်သွားခြင်းသည် ကို ကျော်မြင့်အတွက် စိတ်ဝင်စားစရာဖြစ်ခဲ့၏။ ယင်းသမို့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေက

'ကိုကျော်… ဘာတွေစိတ်ဝင်စားနေလဲ'

'ခုန ၉၂ လမ်းထဲဝင်သွားတဲ့ကလေးမကိုပါ၊ ဝင်လိုက်ထွက်လိုက်နဲ့ နှစ်ခါရှိပြီကွ၊ ဒီအရွယ်ကလေးကို မိဘတွေက ဒီလိုအချိန်မရှိမှာ အပြင်ထွက်ခွင့်ပြုတာကို စဉ်းစားနေမိတာပါ'

'အကြောင်းရှိလို့ နေမှာပေါ့ဗျာ'

တင်ထွန်းကပြောသည်။ ဒါက အမှန်ပဲဖြစ်သည်။ အကြောင်းရှိပေလိမ့်မည်။ အကြောင်းက ဘာအကြောင်းလဲ။

ထိုစဉ် သူမ ပြန်ထွက်လာသည်။

'ထွက်လာပြန်ပြီကွ'

ကိုကျော်မြင့်က ပြောလိုက်သည်။ ကလေးမသည် (၉၂)လမ်းထဲမှ ထွက်လာပြီးနောက် သူတို့စတည်းချရာ လက်ဘက်ရည်ဆိုင်ဘက်ဆီသို့ လျှောက်လာသည်။ ကားအနားရောက် လျှင် ဟိုသည်ကြည့်၏။

ဒါကို အကဲခတ်နေသည့် ကိုကျော်မြင့်က သိလိုက်သည်။ ကားငှားမလို့လားမသိဘူးဆိုသည့်အတွေးနှင့် ထိုင်ရာမှ ထလိုက်သည်။

'ခဏနေဦး၊ သူ ကားငှားမလို့လားမသိဘူး'

ဟုပြောပြီး ကားနားသို့လျှောက်သွားသည်။ မကြာမီ သူမအနားသို့ ရောက်သွား၏။ သူမနားသို့ ရောက်လျှင် ထူးခြားသည့် အနံ့အသက်ကို ခံစားရ၏။ သင်းပျံ့နေသည့် မွှေးရနံ့ပင်။

'ကားငှား မလို့လား'

'ဟုတ်ကဲ့ရှင်၊ ရန်ကင်းကို သွားချင်လို့'



www.burmeseclassic.com

www.burmeseclassic.com


'ရတယ်လေ၊ နှစ်ထောင်ကျမယ်'

'တစ်ထောင့်ငါးရာ ထားပါ'

သူ မပြောမတော့။ ထောင့်ငါးနှင့်ပင် သဘောတူလိုက်သည်။ ဒါကလဲ သူမအခြေအနေကို လေ့လာချင်လို့ဖြစ်သည်။

'ကဲ...တက်'

ဟုသူပြောပြီး ဒရိုင်ဘာခန်းသို့ ဝင်ထိုင်လိုက်သည်။ သူမ ကမူ နောက်ခန်းညာဘက်ခုံ၌ ထိုင်၏။

ညဖြစ်သော်လည်း မြန်မာ့ဂုဏ်ရည်လမ်းသည် စည်ကားနေ၏။ သူမ သွားလိုသည့်နေရာသည် ဆီဒိုးနားဟိုတယ်နောက်ခြမ်းဖြစ်၏။ စက်မှု(၁)လမ်းဆုံနှင့် နီး၏။

မြန်မာ့ဂုဏ်ရည်လမ်းမှ ထွက်လာလျှင် ကားများလူများ ကျဲပါးလာ၏။ အနည်းငယ်အေးလာ၏။

ကိုကျော်မြင့်သည် ကားမောင်းရင် နောက်ကြည့်မှန်မှ သူမကို အကဲခတ်ကြည့်မိသည်။ သူမ၏ မျက်နှာသည် မပီပြင်သလိုပဲ။ ကြည့်လိုက် ဝေဝါးသွားလိုက်နှင့်။

သည်လိုနှင့် တက္ကသိုလ်ရိပ်သာလမ်းကျော်လာသည်။ ရှေ့မှာ အင်းယားကန်ဘောင်ရိုးနှင့် အိမ်တန်းများ။ မကြာမီ ဆီဒိုးနားဟိုတယ်၊ စက်မှု(၁)လမ်းသို့ ရောက်တော့မည်။

ကိုကျော်မြင့် ကားကိုမှန်မှန်မောင်းရင်းမှ စက်မှု(၁)လမ်းဆုံ သို့ရောက်လျှင် ချိုးကွေ့လိုက်သည်။

'လမ်းထိပ်မှာ ရပ်ပါ'

သူမက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်က ဆီဒိုးနားဟိုတယ်နောက်ရှိ လမ်းထိပ်သို့ ရောက်လျှင် ရပ်လိုက်၏။ လမ်းမီးရောင်က ထိန်လင်းနေသည်။ လမ်းတစ်ဘက်၌ ဆိုင်ရှိသော်လည်း ပိတ်ထားပြီ။

သူမက’ တစ်ထောင့်တန်တစ်ရွက်နှင့် ငါးရာတန်တစ်ရွက် လှမ်းပေးသည်။ ကိုကျော်မြင့် လှမ်းယူလိုက်သည်။ သူမ တံခါးဖွင့်ပြီး ဆင်းသွားသည်။

ကိုကျော်မြင့် ပိုက်ဆံယူပြီး အိပ်ထဲထည့်ပြီး လှည့်ကြည့်လိုက်တော့ သူမ မရှိတော့။ ကားပေါ်က ဆင်းပြီး ထိုင်လိုက်လာသလားဟု နောက်ကြည့်မှန်မှ ကြည့်လိုက်ကော့လည်း မတွေ့ရ။

အချိန်က မိနစ်ပိုင်းတွင်းဖြစ်သည့်အဖြစ်။ တစ်ဘက်ဘေးတွင် ဆိုင်ရှိသော်လည်း ပိတ်ထားသည်။ အပြင်မှ သော့ခတ်ထားသည်ကို တွေ့ရ၏။ တစ်ဖက်တွင်ကား စက်မှု(၁)ဝင်းခြံ။ မီးရောင်ထိန်လင်းနေ၍ ပုန်းနိုင်းနားစရာမရှိ။

သူမ ဘယ်ရောက်သွားသနည်း။ သူ ကြက်သီးတွေထ၊ ခေါင်းတွေကြီးလာသည်။ ကားကို ရှေ့သို့မောင်းကြည့်သည်။ မတွေ့ရ။

◆ ◆ ◆ ◆ ◆

ဤအကြောင်းကား အခင်မင်ဆုံးသူငယ်ချင်းထွန်းလူကို ပြောပြဖြစ်တော့ ပြုံး၏။

‘တချွေမက မင်းကိုကြည်စယ်တာပါ’

ဟုပြောသည်။

‘ဘာ… တချွေမက ကြည်စယ်တယ်ဟုတ်လား’

‘ဟုတ်တယ် ကျော်မြင့်၊ ဒီလိုအဖြစ်မျိုး တို့ညမောင်းသမား



www.burmeseclassic.com

www.burmeseclassic.com


တွေကြုံနေကျလေ၊ ဒီလိုမှမကြုံရင် ညကားမောင်းသမား မပီသဘူးလေ၊ မင်း စာမေးပွဲအောင်သွားပြီပေါ့ ကျော်မြင့်'

သူကမူ တုံဏှိဘာဝေဖြစ်နေသည်။ ဘာပြောရမည်မသိ။ စင်စစ် 'တစ္ဆေမ ကြည်စယ်တာ'ဟု ပြောလိုက်ခြင်းသည် သရဲခြောက်ခံရပြီဟု ပြောလိုက်ခြင်းပင်။

သို့သော် သည်အဖြစ်ကို ကျွန်တော်ကပြောလျှင် မည်သူက ယုံမည်နည်း။

ပြောရလျှင် ကိုသာကျော်ပြောစဉ်က မိမိမယုံခဲ့သလို လူတချို့ကလည်း ယုံမည်မဟုတ်။ သရဲတစ္ဆေမရှိဟု ခံယူထားသူများကြား သွားပြောလျှင် ပျက်လုံးတစ်ခုသာဖြစ်လိမ့်မည်။

မည်သို့ဆိုစေ၊ မိမိကြုံခဲ့သည့်အဖြစ်သည် တကယ့်အဖြစ် ဖြစ်၏။ ထို့ကြောင့် တစ္ဆေသရဲမရှိဟု ဆိုခဲ့သည့်ကျွန်တော့်အတွက် သက်သေဖြစ်ခဲ့ပြီ။

မှန်သည်။ ကျွန်တော်၏ ကိုယ်တွေ့အမှတ်ရအတွေ့အကြုံက ပြောလျှင်မယုံ ကြုံ၍သိလိုက်သည့် အတွေ့အကြုံ ဖြစ်ခဲ့ပြီတည်း။

◆ ◆ ◆ ◆ ◆

ဒေဝေါ



www.burmeseclassic.com

www.burmeseclassic.com



# ကားတွန်းပေးတဲ့ တစ္ဆေလေးကောင်

## နေမုည

ရာသီဥတုက အုံ့ဆိုင်း မှိုင်းပြ၍နေသည်။ အနောက်တောင်ထောင့်တွင်မှ မိုးသားများ မှောင်မည်းကာ တလိပ်လိပ် တက်နေ၏။ တသွင်သွင်ဖြူးနေသော လေပြင်ညင်းတို့၌ မိုးရနံ့ပါလာသည်။ သို့သော် မိုးက မရွာသေး။ မိုးကား ဤသို့ ဇွေနေသည်မှာ လေးငါးရက်ခန့်ရှိနေပြီဖြစ်သော်လည်း ဟုတ်တိ[illegible]တိ

www.burmeseclassic.com

www.burmeseclassic.com


မရှာ၊ ခပ်ဖွဲ့ဖွဲ့သာရှာ၏။ ပြောရလျှင်တော့ အလွမ်းဓာတ်ခံရှိသူများ အဖို့ မျက်ရည်စို့လောက်အောင် လွမ်းချင်စရာကောင်းသည့် ရာသီမျိုးပင်ဖြစ်တော့၏။ ထက်ကောင်းကင်ဝယ် သိကြားနှင့်အသူရာတို့၏ စစ်ခင်းသံက ဝုန်းဒိုင်းကြဲနေသည်။ လျှပ်တဝင်းဝင်း၊ မိုးကြိုးခွင်းသံ တဒိန်းဒိန်းတဒိုင်းဒိုင်းက မကြာမကြာ ထွက်ပေါ်လျက်ရှိနေသည်။

လေကထန်လာသည်။ လေနှင့်အတူ မိုးစက်မိုးပေါက်များပါလာ၏၊ ဦးငြိမ်းဖုံထူးသည် ထိုင်ရာမှထကာ ပြတင်းတံခါးများကို ပိတ်လိုက်သည်။ ဦးငြိမ်းဖုံထူးမှာ လုပ်ငန်းခွင်မှ ပြန်ရောက်ကတည်းက ပြတင်းပေါက်ရှေ့တွင် ကုလားထိုင်ဆွဲထိုင်ကာ အိမ်လွမ်းသော ဝေဒနာကို ခံစားနေခြင်းပင်ဖြစ်တော့၏။ ပြတင်းတံခါးမှလှမ်းမြင်နေ ရသော တောတန်းတောင်စွယ် မိုးသားတိမ်တောင်တို့က သူ၏ သွမ်းကို ဗူးလေးရာဖရုံဆင့်နေသည် မဟုတ်ပါလား။

မြို့သစ်တည်ဆောက်ရေး၏ ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် ကုမ္ပဏီ၏ တာဝန်ပေးချက်အရ သူသည် မိသားစုနှင့် ခွဲခွာကာ ဤမြို့လေးသို့ ရောက်နေသည်က ခုနစ်လကျော်ရှစ်လပင်ရှိပြီဖြစ်၏။ တစ်ခေါက်မျှပင် အိမ်ပြန်ခွင့်မရသေး။

ကုမ္ပဏီက ဦးငြိမ်းဖုံထူးနှင့်တကွ တခြားသော အင်ဂျင်နီယာများ၊ မန်နေဂျာများအား မြို့ပြင်ခပ်လှမ်းလှမ်းရှိ တောင်ကုန်းငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးပေါ်၌ ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီး တစ်ယောက်တစ်ခန်း အသုံးအဆောင်ပရိဘောဂအစုံ အလင်နှင့်ထားခြင်းဖြစ်၏။ လုပ်နေ်းသုံး ဟိုင်းလပ်စ်ကား သုံးစီးလည်းပေးထား၏။ သူတို့အတွက် အစားအသောက်ကို စားရိပ်သာက ချက်ပြုတ်စီစဉ်ပေးသည်။

မိုးသည် ဖွဲရာမှ သဲလာပြီဖြစ်၏။ ဦးငြိမ်းဇံထူးသည် စိတ်ပျက်လက်ပျက်နှင့်ပင် ခုတင်ပေါ်သို့ လှဲချလိုက်သည်။ သူ၏အိမ်ထောင်သက် အနှစ် (၂၀) တွင် မိသားစု စုံစုံလင်လင် နေထိုင်ရသည့်အချိန်က ငါးနှစ်ပင်မရှိ။ သားသမီးနှစ်ဦးသာ ထွန်းကားလာခဲ့သည်။ မောင်တစ်ရွာ မယ်တစ်မြို့နေရသည်က များ၏။

သူ စက်မှုတက္ကသိုလ်က ဘွဲ့ရတော့ အသက် ၂၄ နှစ်၊ တစ်နှစ်အတွင်းမှာပင် အငယ်တန်းအင်ဂျင်နီယာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းဘဝသို့ ရောက်ရှိသည်။ အလုပ်ရသောအခါ ဘဝလက်တွဲဖော်အဖြစ် ဓိဇ္ဇာသိပ္ပံတက္ကသိုလ် မှနည်းပြဆရာမလေး ခင်ကြည်ပြာက အသင့်ရှိနေသည်။ ချစ်သူသက်တမ်းကလည်း ငါးနှစ်နီးပါးရှိခဲ့ပြီမို့ စိတ်တူကိုယ်တူ နှစ်ပါးဂဟေဆက်ပန္နက်ဖွုးစာချခဲ့ သည်။ သားဦးရပြီးသည့်အချိန်အထိ ရန်ကုန်တွင်အိုးမကွဲ အိမ်မကွဲနေရသော်လည်း နောက်ပိုင်းမှာမူ နယ်မြို့ကြီးများရှိ လုပ်ငန်းခွင်များသို့ တစ်ဆင့်တိုး ရာထူးများဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်။ ခွင့်ရသည်နှင့် ရန်ကုန်သို့ အပြေးအ



www.burmeseclassic.com

www.burmeseclassic.com



လွှားပြန်ရသည်။ သည်လိုနှင့် သူတို့ဇနီးမောင်နှံအား သံယောဇဉ်ကြိုးတစ်မျှင်က ထပ်မံတွယ်ရစ်နှောင်ငင်သည်။ သားကြီးအတွက် ညီမလေးတစ်ဦး တိုးပွားလာခြင်းပင်။ တစ်ခု ဝမ်းသာရသည်က ဇနီးသည်ခင်ကြည်ပြာမှာအပြောင်းအရွှေ့မရှိဘဲ လက်ရှိတက္ကသိုလ်မှာပင် လက်ထောက်ကထိက ရာထူးအထိ တည်မြဲနေခြင်းပင်။ သူတို့ ဇနီးမောင်နှံ၏ လစာငွေနှင့် မိသားစုလေးဦးမှာ ချောင်ချောင်လည်လည်နေထိုင်စားသောက်နိုင်ခဲ့ကြသည်။

သို့သော် အချိန်တွေက တရွေ့ရွေ့ပြောင်းနေသကဲ့သို့ သားနှင့်သမီးမှာလည်း တဖြည်းဖြည်း ကြီးပြင်းလာသလို ကုန်ဈေးနှုန်းများကလည်း တရိပ်ရိပ်တက်လာ သောအခါ ဦးငြိမ်းဇံထူးအဖို့ ကလေးများ၏ နောင်ရေး ပညာရေးကို တွက်ဆရတော့၏။

နောက်ဆုံးတွင်...သူ့လက်ရှိတာဝန်မှ နုတ်ထွက်ပြီး ဆောက်လုပ်ရေးကုမ္ပဏီ များတွင် ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ရတော့သည်။ သည်နောက်ပိုင်းတွင်မူ လက်ရှိ ကုမ္ပဏီ၌ အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းဆောင် နေခြင်းပင် ဖြစ်တော့၏။

အရာရှိရိပ်သာရှေ့သို့ ထိုးရပ်လိုက်သော ကားသံကြောင့် ဦးငြိမ်းဇံထူး၏ အတွေးမျှင်များ ရပ်တန့်သွားသည်။ အငယ်တန်း အင်ဂျင်နီယာလေးများ၏ စာစာ စာစာ အသံများကို ကြားရသည်။ လက်က နာရီကိုကြည့်လိုက်တော့ ညနေ ငါးနာရီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...ဆရာ..."

ခေါ်သံနှင့်အတူ သူ့အခန်းအတွင်းသို့ အငယ်တန်း အင်ဂျင်နီယာ ထွန်းထွန်းဦး ဝင်လာသည်။ ဦးငြိမ်းဖုံထူး ခုတင်ပေါ်မှ ထလိုက်သည်။ ထွန်းထွန်းဦးက ကုလားထိုင်တစ်လုံးဆွဲထိုင်ပြီး-

"ဆရာရေ...မြို့လေးထဲမှာတော့ သရဲလေးကောင် သောင်းကျန်းနေတယ်တဲ့ ဆရာ"

"ဟေ...ဘယ်က သရဲလေးကောင်လဲ။ မင်းက ရှင်းရှင်းလင်းလင်းပြောစမ်းပါဦးကွာ"

ထိုအချိန်က ဒါရိုက်တာ မောင်မျိုးမင်း၏ သရဲလေးကောင်က နာမည်ကြီးနေသည်။

"ဆရာ့သူငယ်ချင်းလုပ်နေတဲ့ ကုမ္ပဏီဆိုက်ထဲကလေ၊ လွန်ခဲ့တဲ့ (၁၀) ရက်လောက်က ဂတ်စ်အိုးပေါက်ပြီး သေတဲ့အတွဲ တွေပေါ့"

"အဲဒီရက်က ငါစည်သာစရိုင်ရုံးမှာ ပစ္စည်းသွားထုတ်နေတာကွ။ စည်သာဆေးရုံကို ဂတ်စ်အိုးပေါက်ပြီး ဒဏ်ရာနဲ့ လူနှစ်ယောက်ရောက်တယ်လို့ ပြောသံတော့ ကြားသား"

"နေရာတွင် ပွဲချင်းပြီးကနှစ်ယောက်၊ ဆေးရုံရောက်တဲ့ ကောင်တွေလည်း နေ့မကူးခင် ရှောတာပါပဲ။ ကျွန်တော်တို့ ဆိုက်နဲ့ မဝေးတော့ ပေါက်ကွဲသံက တော်တော်ကျယ်တယ်။ ပြင်းတယ် ဆရာ၊ မြေကြီးတောင်တုန်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ဦး စကားကောင်းနေစဉ် အခန်းတွင်းဝင်လာသူက စီမံကိန်း မန်နေဂျာဦးရဲလှ။

"ဆရာငြိမ်း...နက်ဖြန်ခါ ညနေ နှစ်နာရီစည်သာရုံးခွဲမှာ လပတ်အစည်း အဝေးရှိတယ်။ ရန်ကုန်က ဒါရိုက်တာအဖွဲ့အား လုံးလာမယ်တဲ့"

"ကောင်းပါပြီ ဘိုရဲ"

ဦးရဲလှပြန်ထွက်သွားသောအခါ -

"စောစောက မင်းစကားဆက်ပါဦး ထွန်းထွန်းဦးရဲ့"

"အဲဒီအကောင်တွေ သရဲဖြစ်ပြီး သောင်းကျန်းနေတာ ဆရာ။ ညဘက် သူတို့ ဆိုက်ထဲမှာ ချက်ပြုတ်ထားတဲ့ ထမင်းဟင်းတွေယူစား၊ အိပ်နေတဲ့ သူတို့ အပေါင်းအသင်းတွေရဲ့ ခြေထောက်ကို ဆွဲချလို ဆွဲချတဲ့ဆရာရေ။ မြို့လေးထဲမှာတော့ ဒီအကြောင်းက ဖေးဘရိတ်သတင်းပဲဗျာ။ ညဘက်ဆိုရင် စည်သာဘက်ထွက်တဲ့ ဟိုဘက်အခြမ်းက မြို့ပြင်မှာရှိတဲ့ သူတို့သောက်နေကျဘုံဆိုင်ကိုလည်း ဒုက္ခပေးတယ်တဲ့။ အရက်တွေလျှော့၊ အမြည်းတွေလျှော့တဲ့"

"ဒီကောင်တွေက ဒီက နယ်ခံဘောက်အလုပ်သမား တွေ မဟုတ်လား"

"ဟုတ်တယ်ဆရာ၊ မြို့ဘေးပတ်ဝန်းကျင်ရွာတွေကပါ"

ထိုစဉ် မီးစက်မောင်းသံ တဖုန်းဖုန်းထွက်ပေါ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးငြိမ်းဇံထူး နံရံမှ မီးခလုတ်ကို ထဖွင့်လိုက်သည်။ မိုးကစဲသွားပြီဖြစ်သော်လည်း တောရိပ် တောင်ရိပ်နှင့်မို့ အပြင်တွင်အတန်မှောင်နေပြီဖြစ်၏။ ထွန်းထွန်းဦးက-

"ဆရာ...ကျွန်တော့်မှာ ဂရင်းရွှေပတ်တစ်လုံးရှိတယ်။ ဝိုင်းလိုက်ဦးမလား"

"အေး...ကောင်းသား၊ မိုးအေးအေးနဲ့ ငါအိမ်လွမ်းနေတာအတော်ပဲ။ မနက်ဖြန် စည်သာကပြန်ရင် မင်းတို့အတွက် ရိက္ခာငါဝယ်ခဲ့ပါ့မယ်ကွာ။ မင်းအခန်းပြန်ပြီး စီစဉ်ထား။ ငါကမျက်နှာကသီ ရေချိုးပြီး ပြန်လာခဲ့မယ်"

မိသားစုနှင့် ခွဲခွာကာ လချီပြီး အလုပ်လုပ်နေရသော သူတို့အဖို့အပန်းဖြေစရာ အလွမ်းဖြေစရာအဖြစ်တစ်ပတ်လျှင် တစ်ကြိမ်နှစ်ကြိမ်လောက်တော့ ဝိုင်းဖွဲ့ဖြစ်ကြသည်။

ဦးငြိမ်းဇံထူးတစ်ယောက် မြို့တွင်းရှိ လုပ်ငန်းခွင်ရုံးခန်းလေး၌ လပတ် အစည်းအဝေးတွင် တင်ရန် ရေးသားထားသော အစီရင်ခံစာအား ပြန်လည်ဖတ်ရှု စစ်ဆေးလျက်ရှိသည်။ ဤသည်က လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခု။ လစဉ်လုပ်ငန်းပြီးစီးမှု၊ လုပ်ငန်းသတ်မှတ်ရက်အတွင်း ပြီးရန် လိုအပ်ချက်များ၊ ပစ္စည်းစာရင်းဇယားများ၊ အထွေထွေ စသည်ဖြင့် ကဏ္ဍများခွဲ၍ ရေးသားထားသော သူ၏ အစီရင်ခံစာမှာ လစ်ဟာမှုမရှိသဖြင့် ကျေနပ်စွာမေးတစ်ချက် ချွန်လိုက်သည်။ ပြီးနောက် အစည်းအဝေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်မည့် စာရွက်စာတမ်းများ အားလုံးကို စုစည်းကာ ဖိုင်ထဲ၌ စနစ်တကျ ညှပ်ပြီး ဖိုင်အား အိတ်ထဲသို့ ထည့်လိုက်၏။ ရုံးခန်းရှိ တိုင်ကပ်နာရီက နံနက် ၁၁း၄၅ နာရီကို ညွှန်ပြနေသည်။ မြို့လေး နှင့် စည်သာကားမောင်းရမည့်အချိန်ကို တွက်ဆလိုက်သည်။ ထိုစဉ် ရုံးခန်းအတွင်း သို့ ထွန်းထွန်းဦးဝင်လာပြီး-

"ဆရာ အစည်းအဝေး မသွားသေးဘူးလား၊ ၁၂ နာရီ ထိုးတော့မယ်လေ။ ကျွန်တော်တို့ရိပ်သာကို ထမင်းစားပြန်တော့မ လို့။ ဆရာ ဘယ်ကားယူသွားမလဲ ဆိုတာ လာမေးတာ"

"အေး…ခုသွားတော့မလို့ပဲ။ ငါ ရိပ်သာ ပြန်မစားတော့ဘူး။ ဟိုင်းလပ် အစိမ်းရောင်ထားခဲ့ကွာ။ မင်းတို့ အုပ်စုကားတစ်စီးနဲ့ လုံလောက်တယ်မဟုတ်လား။ တစ်စီးကတော့ ဘိုရဲယူသွားပြီ လေ။ မင်းတို့ကို ငါမှာထားတာတွေ ပြီးအောင် လုပ်ထားကြနော်"

"ဟုတ်ကဲ့ပါ"

ထွန်းထွန်းဦး ပြန်ထွက်သွားသည်။ မြို့လေးနှင့် စည်သာက မိုင်(၂၀) ခန့်ဝေးသည်။ စည်သာက ခရိုင်မြို့၊ ထို့ကြောင့် စည် ကား၏။ စီးပွားရေးဖွံ့ဖြိုး၏။ မြေလတ်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်၏။ အထက်အောက်၊ ရှမ်းပြည် နယ်တောင်ပိုင်းတို့နှင့် ဆက်သွယ်ရေးလမ်းကြောင်းကဖြောင့်ဖြူး သောကြောင့် စည်သာဆိုသည့်အမည်နှင့်လိုက်အောင် (၂၄) နာရီ သက်ဝင်လှုပ် ရှားနေသောမြို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


မြို့လေးမှ မြေလမ်းအတိုင်း (၄၅) မိနစ်ခန့်မောင်းလျှင် စည်သာနှင့် ရှမ်းပြည်နယ်သို့ ဆက်စပ်သည့် လမ်းဆုံလမ်းမကြီးသို့ ရောက်၏။ ထို့နောက် တောင်ဘက်သို့ ကတ္တရာလမ်းအတိုင်း နာရီဝက်ခန့်မောင်းလျှင် ဆီသာသို့ ရောက်ပေပြီ။

မြို့လေးနယ်နိမိတ်မှအထွက်တွင် ဦးငြိမ်းဖံထွေးလက်မှ နာရီကို ကြည့်လိုက်တော့ ၁၂း၁၅ နာရီ။ ညက မိုးများများရွာထားသဖြင့် မြေပျော့နေသောကြောင့် ကားကို ဘီးမချော်စေရန် သတိထား၍ မောင်းနှင်ရသည်။ (၁၀) မိုင်ခန့် မြေသား လမ်းကို ကျော်ဖြတ်ပြီး နောက်လမ်းဆုံသို့ ရောက်၏။ ကားကို စည်သာသို့ သွားရာ ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ဘယ်ဘက်သို့ သွားရာလမ်းကား ရှမ်းပြည်နယ်တောင်ပိုင်းသို့။ ကတ္တရာလမ်းမကြီးကား ချောမွတ်ကောင်းမွန်လှသောကြောင့် ကားအားမြန်နှုန်းမြှင့် တင်လိုက်သည်။ တရိပ်ရိပ်ပြေးနေသော ဟိုင်းလပ်စ်ကားလေးမှာ လေးညို့မှ ပစ်လွှတ်လိုက်သော မြားတစ်စင်းနှယ်ဖြစ်နေ၏။ နာရီဝက်ခန့် မောင်းနှင်ပြီးချိန်၌ စည်သာနယ်နိမိတ်အတွင်းသို့ ရောက်လာပြီဖြစ်သဖြင့် ကားကို အရှိန်လျှော့လိုက်သည်။ ထော်လာဂျီများ၊ ဆိုင်ကယ်များနှင့် ယာဉ်ကြောက ရှုပ်ထွေးလာပြီ မဟုတ်ပါလား။ ကားကို မြို့အဝင်ရှိ နဒီစရာစား သောက်ဆိုင်ရှေ့၌ ရပ်လိုက်သည်။ ဤဆိုင်ကား အချက်အပြုတ်လက်ရာကောင်း မွန်လှသလို တော ကောင် ဟင်းလျာများလည်းရသည်။ သူစည်သာသို့ လာတိုင်း

အရှေ့ဘက်ဧကောင်းကင်

www.burmeseclassic.com



စားနေကျဆိုင်ဖြစ်၏။ သူသည် ယုန်သားအစပ်အခြောက်ကြော် တစ်ပွဲ၊ တောဝက် ခြေထောက်စွပ်ပြုတ်တစ်ပွဲမှာကာ ထမင်းစား လေတော့၏။ စားသောက်ပြီးသည်နှင့် စည်သာကုမ္ပဏီရုံးခွဲသို့ ဆက်၍ ထွက်သည်။ စည်သာဈေးကြီးအတွင်းဝင်ကာ ထွန်းထွန်း ဦးတို့အတွက် ရိက္ခာဂရင်းရွှေပတ်နှစ်လုံးဝယ်သည်။ စည်သာ ရုံးခွဲကို ရောက်တော့ နေ့လည်နှစ်နာရီထိုးရန် (၁၀) မိနစ်အလို။

အစည်းအဝေးသို့ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ စုံစုံညီညီတက်ရောက်လာသည်။ လုပ်ငန်း တာဝန်ခံအသီးသီး တို့က မိမိတို့လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများ၊ ဆောင်ရွက်ပြီးစီးမှုများ၊ လိုအပ်ချက်များကို တင်ပြကြ၏။ ဦးငြိမ်းစံထူးအလှည့်တွင် သူက ဆောက်လုပ်ရေးလုပ်ငန်းခွင့်နှင့်ပတ်သက်သော ကိစ္စအဝဝကို တင်ပြ ပြီးနောက် ကိုယ်ရေးကိုယ်တာအပိုင်းအနေဖြင့် သူသည် မြို့လေးတွင် တာဝန်ထမ်းဆောင်နေသည်မှာ ခုနစ်လကျော် ပြီဖြစ် သော်လည်း ခွင့်တစ်ကြိမ်မျှ ပြန်ခွင့်မရသေးကြောင်း၊ ထို့ကြောင့် သူတင်ထားသော ခွင့်ကိစ္စကို စဉ်းစားပေးစေလိုပါကြောင်း တင် ပြ၏။

ဒါရိုက်တာအဖွဲ့က ဦးငြိမ်းစံထူး၏ တင်ပြချက်အပေါ် နား လည်မှုရှိပါကြောင်း၊ သို့သော်လည်း သတ်မှတ်ထားသော ကာလ အတွင်းလုပ်ငန်းပြီး မြောက်ရန်အတွက် ဦးငြိမ်းစံထူးမှာ အဓိက အခန်းကဏ္ဍမှာ ရှိနေပါကြောင်း၊ ထို့ကြောင့် ဦးစံထူး၏ ခွင့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com


ကို ယာယီဆိုင်းငံ့ထားရပါကြောင်း၊ သို့သော် ယခုအခါ လုပ်ငန်းများမှာ (၆၅) ရာခိုင်နှုန်းခန့် ပြီးစီးနေသည်ကို ခရိုင်ရုံးခွဲ၏ အစီရင်ခံချက်အရ သိရပါကြောင်း၊ အလျဉ်းသင့်သလို ခွင့်အနေဖြင့်မဟုတ်ဘဲ လုပ်ငန်းတာဝန်ဖြင့် ရန်ကုန်သို့ ရက်တိုလာရောက်ပြီး မိသားစုနှင့် တွေ့ဆုံနိုင်ရန် စီစဉ်ပေးမည်ဖြစ်ပါကြောင်း ဒါရိုက်တာအဖွဲ့က ဖြေကြား၏။ ဒါရိုက်တာအဖွဲ့၏ အဖြေကြောင့် ဦးငြိမ်းစံထူး ပျော်သွားသည်။

ထိုနေ့က အစည်းအဝေးပြီးဆုံးတော့ ညနေ ၅း၃၀ နာရီ။ ဒါရိုက်တာအဖွဲ့က အစည်းအဝေးတက်ရောက်လာသော ကုမ္ပဏီဝန်ထမ်းအားလုံးအား စည်သာ၏ အကောင်းဆုံးဟိုတယ်တွင် ညစာဖြင့် တည်ခင်းဧည့်ခံ၏။ ဦးငြိမ်းစံထူးမှာ ခရိုင်ရုံးမှာ မန်နေဂျာအဖွဲ့နှင့် အကြောင်းဆက်ပေါင်းဖက်ဖြစ်သည်။ သူတို့၏ ဝိုင်းလယ်တွင်မူ နိုင်ငံခြားဖြစ် ယမကာပုလင်းက နှစ်ပုလင်း၊ ဘီယာပုလင်းများက အစီအရီ။

စားသောက်ပြီး မြို့လေးသို့ ပြန်မည့် စီမံကိန်းမန်နေဂျာ ဦးရဲလှက–

"ဗျို့ ဆရာငြိမ်း...ကျွန်တော်တို့အဖွဲ့ ပြန်နှင့်ပြီ။ ဆရာလည်း ကားသတိထား မောင်းနော်။ သောက်ထားလို့ ပြောတာမဟုတ်ဘူး။ အပြင်မှာ မိုးရွာနေလို့ ပြောတာ။ ခင်ဗျားက လစ်မစ်သမားဆိုတာ ကျွန်တော်သိတယ်"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com

ဟု နှုတ်ဆက်ရင်း ပြော၏။

"အိုကေ...ဘိုရဲ...စိတ်ချ။ ကျွန်တော်လည်း နောက်နာရီ ဝက်လောက်ဆို ပြန်မှာပါ။ ကျေးဇူးပဲ"

ဦးငြိမ်းစံထူးက အားသွက်လျှာသွက်တုံ့ပြန်လိုက်သည်။

◆ ◆ ◆ ◆ ◆

ဟိုတယ်မှ လှုပ်ရှားခဲ့တော့ ည ၈ နာရီသီသီစွန်းပေပြီ။ ပြင်ပတွင် မိုးက ခပ်စိပ်စိပ်ရွာနေသည်။ ဦးငြိမ်းစံထူးက ကားကိုအရှိန်နှုန်း မှန်မှန်ဖြင့်သာ မောင်းနှင်လာသည်။ မိုးက တဖြည်းဖြည်းသည်း လာသည့်အပြင် လေပါပါလာသည်မို့ ကားကို ပို၍ ဂရုစိုက်မောင်း နှင်ရသောကြောင့် ပိုင်ဆိုင်ထားသော ရီဇေဝေရသများ ပါးလျသွား သည်။ မြို့လေးသို့သွားသော လမ်းခွဲရောက်တော့ မိုးစဲသွားသော ကြောင့် စိတ်သက်သာမှုရသော်လည်း သတိကို ပိုမိုထားရတော့ သည်။ ရှေ့ဆက်ရ မည့် လမ်းတစ်လျှောက်လုံးက မြေသားလမ်း ချည်းမဟုတ်ပါလား။ အရှိန်နှင့် မောင်းနှင်၍မရ။ အချိန်မရွေး လမ်းချော်နိုင်သည်။ ထို့ကြောင့် ကားကို အရှိန်လျှော့ ချလိုက်ရ သည်။ ခြောက်ခြောက်သွေ့သွေ့အချိန်တွင်တောင် (၄၅) မိနစ်ခန့် မောင်းနှင်ရသည့်လမ်းက ယခုလို မိုးရွာသွန်းဖြိုးနေချိန်တွင်မူ တစ်နာရီကျော်ကျော် မောင်းနှင်ရမည်ကို ဦးငြိမ်းစံထူးသိနေသည်။

လမ်းဘေးရှာငယ်များကို ဖြတ်သန်းရင်းနှင့်ပင် အဝေး၌ မီး ရောင်ထိန်ထိန် လင်းနေသည့် မြို့လေးကို လှမ်းမြင်နေရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကို မြင်နေရသော်လည်း နာရီဝက်ခန့်တော့ မောင်းရပေဦးမည်။ တစ်ချက်တစ်ချက် လမ်းချော်ချင် သလိုဖြစ်ကာ ကားက တစ်ဖက်သို့ ဆွဲဆွဲသွားသည်မို့ သတိမလစ်ရဲ။ ကားကို လေးလေးမှန်မှန်မောင်းနှင်ရင်း မြို့လေးနှင့် ဆက်နွယ်လျက်ရှိသော ပတ်ဝန်းကျင် ရွာငယ်လေးများကို ကျော်ဖြတ်ကာ မြို့လေးနယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာသည်။ မီးစက်ကြီးများမောင်းနှင်ကာ မီးတထိန်ထိန်နှင့် ညဆိုင်းဆင်းနေသည့် အခြားကုမ္ပဏီဆိုဒ်များကလည်း လျာထားချက်အတိုင်း သတ်မှတ်ရက်အတွင်း လုပ်ငန်းပြီးစီးရန် အားကြိုးမာန်တက်လုပ်ဆောင်နေကြသည်။ နွားသိုးနှင့် မိုးက အစိုးမရဟူသော စကားကရှိသည်မဟုတ်ပါလား။ ကားကို ရပ်ပြီး အပေါ့ ဆင်းသွားသည်။ ပြီးမှ ဆက်ထွက်ဖြစ်၏။

မီးစက်မောင်းကာ လုပ်ငန်းခွင်ဝင်နေသော ဆိုက်များကို ကျော်ဖြတ်လာ ပြီးသောအခါ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ပိန်းပိတ်အောင် မည်းမှောင်နေသောကြောင့် ကားမီးကို အားပြုရပြန်သည်။ လေပြင်းတစ်ချက် ဝေ့ရမ်းတိုက်ခတ် သွားသဖြင့် ဦးငြိမ်းစံထူး ကျောရိုးတစ်လျှောက် စိမ့်ခနဲ ဖြစ်သွားသည်။ နှာခေါင်းအတွင်းသို့ အနံ့တစ်မျိုးဝင်လာသည်။ အသားစိမ်းမီးလောင်သည့် ညှော်နံ့မျိုး။ ညက တပည့်ဖြစ်သူ ထွန်းထွန်းဦး၏ စကားသံက ဝင်ရောက်လာသည်။

"မြို့လေးထဲမှာ သရဲလေးကောင်သောင်း ကျန်နေတယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com


ဆရာ"

ထိုစကားသံကို ပြန်ကြားယောင်မိမှ ဦးငြိမ်းစံထူးတစ်ယောက် ခေါင်းပဲ ကြီးသွားသယောင်၊ ကြက်သီးမွေးညင်းများ ထလာသယောင် ခံစားလိုက်ရ၏။ သူက ကြောက်တတ်သူမဟုတ်ဘဲ တစ်သက်တာကာလအတွင်း ယင်းကဲ့သို့ ခံစားမှုမျိုး တစ်ကြိမ်တစ်ခါမျှ မခံစားရဖူး၍ ထူးခြားမှုတစ်ခုခုကို သတိပြုမိသည်။ ကားက မြို့လေး၏ အနောက်ဘက်အခြမ်းမှ မြို့ပြင်သို့ ဦးတည်နေသည်။ မြို့ပြင်သို့ ရောက်လျှင် ရိပ်သာသို့ ရောက်ရန်တစ်မိုင်နီးပါး ဆက်လက် မောင်းနှင်ရပေဦးမည်။

ကားက မြို့ပြင်သို့ ရောက်လာပြီဖြစ်၍ ဦးငြိမ်းစံထူးသည် သူတို့၏ ရိပ်သာရှိရာ တောင်ကုန်းလေးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ မီးရောင်ကင်းမဲ့လျက် မည်းမှောင်နေသည်။ လက်ကနာရီကိုကြည့်လိုက်တော့ မီးစုန်းလက်တံများက ည ၁၀နာရီ၁၅ မိနစ်ကို ညွှန်ပြနေသည်။ သူတို့ ရိပ်သာ၏ ထုံးစံက ညနေ(၆) နာရီမှ ည (၁၁) နာရီအထိ ညတိုင်းမီးစက်မောင်းပေးသည်။ ရိပ်သာမီးစက်ဘာများဖြစ်လို့လဲ ဟုတွေးမိသည်။

ထိုစဉ် ကားလေးက တုန့်ခနဲ တုန့်ခနဲ ဖြစ်ကာ စက်ထိုးရပ်သွားတော့၏။ စက်ပြန်နှိုးသောအခါ မော်တာဆွဲသော်လည်း စက်ကမနိုး။ ရှေ့ခန်းမီးကို ဖွင့်လိုက်သည်။ ကားဒက်ရှ်ဘုတ်ရှိ ဒိုင်ခွက်များကို ကြည့်လိုက်၏။ ဆီဒိုင်ခွက်တွင် လက်တံမှာ သုညမှတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြနေသည်။ စိတ်ပေါက်ပေါက်နှင့် တပည့်ဖြစ်သူ ထွန်းထွန်းဦး အား စိတ်ထဲမှပင် အားရပါးရ ဆဲပစ်လိုက်သည်။ ထိုအချိန်မှာပင် ကားနောက်ခန်းမှ လူများ ဆင်းသွားသည့်နှယ် ငြိမ့်ခနဲ ငြိမ့်ခနဲ နိမ့်လိုက်မြင့်လိုက် ဖြစ်သွားသဖြင့် ကားပေါ်မှ လျှင်မြန်စွာဆင်းကာ ကားနောက်ခန်းသို့ သွားကြည့်လိုက်သည်။ ကားနောက်ခန်းတွင် တစ်ဦးတစ်ယောက်မျှမရှိ။ ခုမှပင် သူ့တာကယ်ခေါင်း နပန်းကြီး သွားသည်။ ဆံပင်မွေးများ ထောင်တက်သွားသည်။ လက်ဖျံနှစ် ဖက်မှ မွေးညင်းများ ထောင်တက်လာသည်ကို သတိပြုမိ၏။ ဝင်လာသော စိုးရိမ်စိတ်ကို ဖယ်ထုတ်လိုက်ပြီး ကား၏နောက်ဖက် ကားလမ်းမပေါ် မျှော်ကြည့်လိုက်သည်။ အကူအညီပေးမယ့်သူ တွေ့လိုတွေ့ငြားဆိုသော စိတ်ကူးဖြင့် ကြည့်ခြင်းပင်။

ထိုစဉ် ဝါးတစ်ရိုက်ခန့်အကွာမှာ ဆေးလိပ်မီးဖွားရဲခနဲ ရဲခနဲ မီးပွင့်နှစ်ပွင့် ကို တွေ့ရသဖြင့် ဦးငြိမ်းစံထူး အားတက်သွားသည်။ ၏

ဆေးလိပ်မီးက နှစ်ခုဆိုတော့ လူနှစ်ယောက်က သေချာ သည်။ မိမိပါ ပိုင်းတွန်းလျှင် ရိပ်သာရှိရာ တောင်ကုန်းအခြေသို့ လျောလျောရှူရှူရောက်ပေမည်။ ထိုမှရိပ်သာရှိ တပည့်များခေါ် ၍ တောင်ကုန်းပေါ်သို့ အရောက်တွန်းတင်မည်ဟူသောအတွေး။

မြင်နေရသော ဆေးလိပ်များက တဖြည်းဖြည်း နီးလား၏ ကောင်းကင်၌ တိမ်ကင်းစင်သွားပြီဖြစ်၍ ကြယ်ရောင်လရောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လာနေသူများကို ဝိုးတဝါး မြင်နေရ၏။ လူလေးယောက်၊ နှစ်ယောက်က ဆေးလိပ်ဖွာလျက်၊ တောဆောင်း ဦးထုပ်များ ကိုယ်စီဆောင်းထား၏။ အားကောင်းမောင်းသန် လူလေး.ယောက် ပင်။ ဦးထုပ်များကို ခပ်ငိုက်ငိုက်ဆောင်းထားသဖြင့် မျက်နှာကို သဲကွဲစွာ မမြင်ရပေ။ ဦးငြိမ်းစံထူးနှင့် သုံးလေးပေအရောက်တွင် သူက-

"ညီလေးတို့ အစ်ကိုတို့ တစ်ခုလောက် ကူညီကြပါကွာ၊ အစ်ကို့ကား ဆီပြတ်သွားလို့ ဟိုရှိမ့်သာရှိရာ တောင်ကုန်းအခြေ ရောက်အောင် ကူတွန်းပေးကြပါနော်။ ညီလေးတို့ကို အစ်ကို လက်ဖက်ရည်ဖိုးပေးပါ့မယ်"

ဟု ပြောလိုက်၏။

လူလေးယောက်အနက် နှစ်ယောက်မှာ အသားအရည်ဖြူ ဖတ်ဖြူလျော်ရှိ ပြီး နှစ်ယောက်မှာမူ အသားအရောင်နှင့် ညမှာ တစ်သားတည်းဖြစ်နေ၏။ ညာ အစွန်မှ ဖြူလျော်လျော်သူထံမှ အသံထွက်လာသည်။ သူ၏အသံက ဩပြီး အေးစက်စက်နိုင် လှ၏။ အသံနှင့်အတူ တောအရက်နံ့က ကပ်ပါလာသည်။

"ဩော်...ရပါတယ်ဆရာ။ ကျွန်တော်တို့က မိုးမခရွာကပါ။ ဆိုက်ထဲက ပြန်လာတာ။ ကားပေါ်တက်ပါဆရာ။ ဆရာ မတွန်း ပါနဲ့။ ဆရာကားက ပေါ့ပေါ့ လေးပါ။ ကျွန်တော်တို့ တောင်ကုန်း ပေါ် ရိပ်သာရှေ့ရောက်အောင် တွန်းပေးပါ့မယ်။ တက်ပါဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



တက်"

ဦးငြိမ်းစံထူး ကားပေါ်တက်လိုက်၏။ ကားတံခါးပိတ်လိုက်သည်နှင့် ကားက တရွေ့ရွေ့လိမ့်သည်။ ကားလက်ကိုင်ကိုထိန်းရင်း နောက်ကြည့်မှန်းမှ လှမ်းကြည့်ဖြစ်သည်။ လရောင်ကြောင့် ကားနောက်မြီးမှ ကုန်း၍ တွန်းနေသော လူလေးဦး၏သဏ္ဌာန်ကို ပိုးတဝါးတွေ့ရသည်။ လေအဝေ့တွင် တစ်ခါတစ်ခါ တောအရက်နံ့ ရသည်ကို စိတ်အနှောင့်အယှက်မဖြစ်သော်လည်း တစ်ခါတစ်ခါ အသားစိမ်းမီးလောင်ညှော်နံ့ရသည်ကိုမူ ဘဝင်မကျဖြစ်ရသည်။ (၁၀) မိနစ်ခန့်အကြာ ကားလေးက ရိပ်သာကုန်းမြေသို့ ရောက်လာသည်။ ဦးငြိမ်းစံထူးက ကားရှေ့မှ ခေါင်းထုတ်၍ ပြောလိုက်သည်။

"ညီလေးတို့ ဒီလောက်ဆိုရပါပြီ။ ရိပ်သာပေါ်ကတပည့်တွေခေါ်ပြီးတွန်းတင်ပါ့မယ်"

"ရပါတယ်ဆရာ၊ ပို့မယ်ပို့ ကျုပ်တို့ရောက်အောင်ပို့ပါ့မယ်။ ဆရာလူတွေ မခေါ်ပါနဲ့။ ရိပ်သာရှေ့ရောက်အောင် ကျွန်တော်တို့တွန်းပါ့မယ်"

ကားနောက်မြီးမှ တုန့်ပြန်သည်။ ကားကမူ တရွေ့ရွေ့လိမ့်လျက်။ ဦးငြိမ်းစံထူး ကားနောက်ကြည့်မှန်မှ လှမ်းကြည့်တော့တောင်ကုန်းပေါ်သို့ အားစိုက်တွန်းတင်နေသည့် လူလေးဦး၏သဏ္ဌာန်ကို ရိုးတိုးရိတ်တိတ်မြင်နေရသည်။ ငါးမိနစ်ခန့် အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကားက ရိပ်သာရှေ့သို့ ရောက်လာသည်။

"ဟိုး...ဟိုး...ရပြီ။ ရပြီ"

ရိပ်သာရှေ့အရောက်တွင် ဦးငြိမ်းစံထူးအော်ဟစ်၍ ပြောပြီး ကားကို ဘရိတ်နင်း၍ ရပ်လိုက်သည်။ ကလပ်ချ်နင်းကာ ဂီယာထိုးလိုက်သည်။ အင်္ကျီအိတ်ကပ်ထဲမှ (၁၀၀၀) တန်နှစ်ရွက်ကို ထုတ်ယူကာ ကားပေါ်မှ ဆင်းလိုက်ပြီး

"ကျေးဇူးပဲ ညီလေးတို့။ လက်ဖက်ရည်ဖိုးလေးတော့ ယူ...ဟာ...ဟင်... ဟင်"

ဦးငြိမ်းစံထူး စကားမဆုံးလိုက်။ အံ့သြတကြီး ထွက်ပေါ်လာသံက တဟင် ဟင်တဟာဟာ အာမေဋိတ်သံများ။ ကြောက်တတ်သူမဟုတ်သော်လည်း ရုတ်တရက်မို့ ထိတ်လန့်ကာ ကြက်သေသေသွားသည်။ စောစောက နောက်ကြည့်မှန် တွင်မြင်နေရသော လူလေးယောက် ကားနောက်တွင်မရှိတော့။ သူ၏နှာဝသို့ အသားညှော်နံ့နှင့် တောအရက်နံ့ဝင်လာသည်။ အလန့်တကြား ထစ်ထစ်ငေါ့ငေါ့ အော်လိုက်သော ဦးငြိမ်းစံထူး၏ အသံက တောင်ကုန်းကလေးပေါ် လွှမ်းခြုံသွား သည်။

"ထ...ထ...ထ...ထွန်း...ထွန်း...ဦးရေ၊ လာ...လာလာပါဦး"

သူ့အသံကြောင့် ထွန်းထွန်းဦးတို့အုပ်စု ရိပ်သာတွင်းမှ ဖယောင်းမီးတဝင်း ဝင်းဖြင့် ပြေးထွက်လာသည်။ ထွန်းထွန်းဦးက မှင်



www.burmeseclassic.com

www.burmeseclassic.com



သက်နေသော ဦးငြိမ်းစံထူးအားလှုပ်ကာ

"ဆရာ...ဆရာ...ဘာဖြစ်နေတာလဲ။ ကားသံ မကြား ဘာမကြားနဲ့"

ဟု မေးသည်။ သူ့ထံမှ တုန်တုန်ရီရီစကားသံက တစ်လုံးချင်းထွက်လာ၏။

"သ...ရဲ...လေး...ကောင်"

◆ ◆ ◆ ◆ ◆

ရွှေပတ်လက်နှစ်လုံးခန့်ကို ရေအနည်းငယ်ရောကာ ဦးငြိမ်းစံထူး မနားတမ်းသောက်ချလိုက်သည်။ ခဏအကြာတွင် လှုပ်ရှားနေသောစိတ်အစဉ်မှာ တည်ငြိမ်မှုရလာသည်။ ထွန်းထွန်းဦးက စကားစသည်။

"ဘယ်လိုဖြစ်လာတာလဲဆရာ၊ တပည့်တို့ကို သေသေချာချာပြောပါဦး"

"ပြောရရင်တော့ ကားခါတ်ဆီကုန်သွားရတဲ့အကြောင်းက စရမှာပဲ"

"ဟာ... ခါတ်ဆီကုန်သွားရတာကတော့ ကျွန်တော့် အပြစ်ပါ။ ကျွန်တော်တို့ ကားဆီနည်းနေလို့ ဆရာယူသွားတဲ့ ကားစိမ်းထဲက ကျွန်တော်ဆီတစ်ပုလင်းထုတ် ပြီး ကျွန်တော်တို့ကားထဲ ထည့်လိုက်မိတယ် ဆရာ။ ဆရာ့ကားကို ဆီတိုင်းကြည့်တော့ စည်သာ့အသွားအပြန် လောက်တယ်ဆိုပြီး ယူလိုက်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းထွန်းဦးဘေးမှ အငယ်တန်း အင်ဂျင်နီယာစိုင်းဝင်း အောင်က ဝင်ပြော၏။

"မင်းကိုငါ အပြစ်မပြောပါဘူး စိုင်းဝင်းအောင်ရယ်။ မိုးရွာနေလို့ ကားကိုထိန်းမောင်းနေရတာဆိုတော့ မောင်းရှိန်ကြာတာပေါ့ကွာ။ ဒါနဲ့ မင်းတို့ ဂျင်နရေတာ ဘာဖြစ်လို့ မမောင်းကြတာလဲကွ"

ဟူသော သူ၏အမေးကို ထွန်းထွန်းဦးက

"ညနေက ဂျင်နရေတာ မောင်းရင်းနဲ့ ရပ်သွားလို့ စက်မောင်းတဲ့ ချာတိတ်လာခေါ်တယ်။ ကျွန်တော်လိုက်ကြည့်တော့ အင်ဂျင်ကို ဖလန်းထိုးခွဲထားတာ တွေ့ရတယ်။ မနက်ကျမှ စည်သာရုံးကို ပို့ရမှာပါဆရာ။ ဒါနဲ့ ဆရာ့ဖောက်လမ်းကို ဆက်ပါဦး"

ဦးငြိမ်းစံထူးက စည်သာတွင် ဒါရိုက်တာအဖွဲ့၏ ညစာ တည်ခင်းဧည့်ခံမှုကအစ ရိပ်သာကုန်းပေါ်ရောက်သည်အထိ ဇာတ်ကြောင်းပြန်ပြရသည်။ သူ၏ စကားအဆုံးတွင် အေအီး စိုးမောင်မောင်က-

"ကျွန်တော်သာ ဆရာ့နေရာမှာဆိုရင်တော့ လန့်ပြီး သေမှာပဲဆရာ"

ဟု ပြော၏။ စိုးမောင်မောင်ကား ခရာတေးခါးပတ်နက်အဆင့်ရထားသူဖြစ် လင့်ကစား သရဲတစ္ဆေ လွန်စွာကြောက်တတ်၏။ ညဘက် အဖော်မပါဘဲ ရိပ်သာအပြင်ဘက်ရှိအိမ်သာ



www.burmeseclassic.com

www.burmeseclassic.com



သို့ မသွားရဲသူလည်းဖြစ်၏။

ထွန်းထွန်းဦးက ပြောပြပြန်၏။

"ဒီသရဲလေးကောင် သောင်းကျန်းတာကတော့ မြို့လေးမှာ တော်တော် လူပြောများတယ်။ အရမ်းခြောက်တာပဲတဲ့။ အခု ဆရာ့ကိုကျတော့ မခြောက်လှန့်ဘဲ ကားကိုတောင် ရိပ်သာကုန်း ပေါ်ရောက်အောင် တွန်းတင်ပေးသွားတယ်နော်။ အဲဒါ ထူးခြား တယ်လို့ ကျွန်တော်ထင်တယ်"

စိုင်းဝင်းအောင်က ဝင်ထောက်၏။

"ဒါကတော့ကွာ၊ တို့ဆရာရဲ့ ဘုန်းကံလည်းရှိသေးတယ် လေ။ နောက်ပြီး အဲဒီသရဲလေးကောင်ရဲ့ ဆိုက်ကအင်ဂျင်နီယာ မှူးကြီးက ဆရာ့သူငယ်ချင်းမဟုတ် လား။ ဒါကြောင့် သူတို့မှန်းသိ အောင်အနံ့လေးပေးရုံပေးပြီး ကူညီသွားတာပေါ့"

ထိုစဉ် ရိပ်သာလုံခြုံရေးဘကြီးအောင်က-

"အင်း...ဘကြီးကြားဖူးနားရှိတာကို ပြောရရင်တော့ တစ္ဆေ သရဲခြောက်လှန့်တယ်ဆိုတာ အစားအစာလိုချင်လို့၊ ကျီစယ်ချင် လို့၊ အမျှအတန်းလိုချင်လို့ ဆိုပြီး ကြားဖူးတာပဲကွဲ့။ အခု ဆရာကို ကူညီသွားတာဆိုတော့ အမျှအတန်းလိုချင်လို့ပဲ ဘကြီးထင်တယ်"

ဦးငြိမ်းစံထူးသည် သူ၏ ဖန်ခွက်ထဲသို့ အရက်လက်နှစ် လုံးခန့်ထည့်ပြီး ရေရောကာတစ်ကျိုက်တည်းမော့ချလိုက်သည်။ ပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးပြောသလို အမျှအတန်းလိုချင်လို့ပဲ ဖြစ်မှာပါ။ ဒီလောက် ခြောက်လှန့်နေတဲ့ ကောင်တွေက ကူညီသွားတာ၊ ခုနက ကျွန်တော်သူတို့ကို လက်ဖက်ရည်ဖိုးပေးဖို့ ငွေနှစ်ထောင်ထုတ်ပြီး သွားပါ။ ဟော့…ထွန်းထွန်းဦး နက်ဖြန်ခါစည်သာကို ဂျင်နရေတာ အယ်သွသွားပို့မှာလဲ။ ပို့မယ့်သူကိုစည်သာ ဝင်းသူစာဆိုင်က ယမ်းသကၠန်းတစ်စုံဝယ်ခိုင်းလိုက်ကွာ၊ ဟုတ်ပြီလား။ ငါသူတို့အတွက် လှူပေးလိုက်ပါ့မယ်။ ကဲ..လူစုခွဲရအောင်ည (၁၂)နာရီ ထိုးတော့မယ်"

ဟု ပြောပြီး လူစုခွဲကြ၏။

မိုးမခရွာ။

သရဲလေးကောင်၏ရွာ။

ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပရိသတ်များစည်ကားနေ၏။ ခါတင်ငွေအိုးပေါက်ကွဲသေဆုံးသွားသူလေးဦး အတွက် တစ်လပြည့်ဆွမ်းသွတ်သည့် နေ့ပင်ဖြစ်၏။ ရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသာရှိပြီး ထိုကျောင်းတွင် ဘုန်းတော်ကြီးနှစ်ပါး ကိုရင်ငါးပါးသာရှိသောကြောင့် သေဆုံးသွားသူများ၏ မိသားစုများက စုပေါင်းပြီး ရွာဦးကျောင်းတွင်ပင် တစ်ချိန်တည်း ဆွမ်းသွတ်ကြခြင်း ဖြစ်၏။

ဦးငြိမ်းစံထူးနှင့် ထွန်းထွန်းဦးတို့ ဘုန်းတော်ကြီးကျောင်းကိုရောက်တော့ နေ့လည် (၁) နာရီ။ ပရိသတ်များ ရေစက်ချ



www.burmeseclassic.com

www.burmeseclassic.com



တရားနာယူရန် နေ့ရာယူနေကြပြီ ဖြစ်၏။ ဆရာတော် တရားဟောပလ္လင်ပေါ်နေရာယူပြီးချိန် သူတို့နှစ်ဦးဆရာတော်ထံသွားရောက်ကာ ဓာတ်ငွေ့အိုးပေါက်ကွဲသေဆုံးသူများအား ရည်စူးပြီး သင်္ကန်းနှင့် ဝတ္ထုငွေကပ်လှူပါကြောင်း လျှောက်ထားကပ်လှူ၏။ သေဆုံးသူများ၏ မိသားစုများမှလည်းလှူဖွယ်ဝတ္ထုအစုစုကိုကပ်လှူကြ၏။ ဆရာတော်က ဦးငြိမ်း စံထူးတို့အား ရေစက်ချအမျှအတန်းပေးဝေကြရန် မိန့်ကြား၏။

ဦးငြိမ်းစံထူးနှင့် ထွန်းထွန်းဦးတို့သည်လည်း ရှေ့နားတွင်နေရာယူကာ သရဏဂုံဆောက်တည်ခြင်း၊ ငါးပါးသီလ ခံယူခြင်း အမှုများအား ပရိသတ်နှင့်အတူ ပြုလုပ်ကြ၏။ ထို့နောက် ဆရာတော်က ယနေ့လှူဒါန်းသမှုအစုစုတို့သည် လွန်ခဲ့သော တစ်လက ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန် သွားကြသူ များအား ကောင်းရာသုဂတိသို့လားပါရန် ရည်သန်ရှေ့ရှုလှူဒါန်းကြခြင်း ဖြစ်ကြောင်း ပဏာမ မိန့်ကြားကာ တရားဒေသနာများဟောကြားချီးမြှင့်၏။ ၎င်းနောက် ရေစက်ချတရားချီးမြှင့်၍ ဟောကြား၏။ အမျှဝေချိန်၌ ဦးငြိမ်းစံထူးသည် သူ၏ ကားအား ရိုပ်သာတောင်ကုန်းပေါ်အရောက် တွန်းဝ. ်ကူညီပေးခဲ့သူ ပရလောကသားလေးဦးအား စိတ်ညွှတ်ကာ အမည်ခေါ်ပြီး အမျှပေးဝေ၏။

သာဓုခေါ်သံများ ပေါ်ထွက်လာ၏။ သာဓုခေါ်သံအဆုံးတွင် အခြားသူများ တော့ မသိ။ ဦးငြိမ်းစံထူး၏ နာခေါင်းအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com


ဝင်ရောက်လာသည့်ကား…

ဝူးရှူးဝါးဗါး အသားညှော်နံ့။ ငှင်းညှော်နံ့က တစ်ခဏချင်း ဖွင့်ပင်ပျောက်ကွယ်သွားပြီး နောက်ထပ်အသစ်တစ်ဖန် ဝင်ရောက်လာသည့် ရနံ့ကား…

သင်းပျံ့မွှေးအီကြိုင်လှိုင်သော ရနံ့သင်းသင်း။

သို့ဆိုလျှင် သရဲလေးကောင်သည်…။

◆ ◆ ◆ ◆ ◆

နေပုည



www.burmeseclassic.com